www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# ဝင်းကြွယ်

ခယောင်းလမ်းမှ သွေးချင်းညီနောင်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အပြေးအလွှား တကွဲတပြား

လျှို့ဝှက်အဆောင်။ တာလိဘုရင်မင်းမြတ်သည် အရေးကြီးသော ကိစ္စများ တိုင်ပင်ဆွေးနွေးရင်း လျှို့ဝှက်အဆောင်ကို အသုံးချတတ်မြဲ ဖြစ်သည်။

ယနေ့လျှို့ဝှက်အဆောင်အတွင်းသို့ တာလိဘုရင်နှင့်မိဖုရားကြီးတို့ ရောက်ရှိနေကြသည်။

မိဖုရားကြီးနှင့်အတူ ရှဲရွှေတော်နှစ်ယောက်မှာ တစ်နှစ်သားအရွယ်ရှိ အုပ်ချုပ်မင်းလုပ်ရမည့် ဘုရင့်သားတော်များ ဖြစ်ကြလေသည်။

တာလိဘုရင်သည် လျှို့ဝှက်အဆောင်အတွင်းရှိ ကြီးမားသော ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည်။

မိဖုရားကြီးက တာလိဘုရင်အနီးသို့ ချဉ်းကပ်သွား၏။

သူမ၏မျက်နှာမှာ ပူဆွေးသောကရောက်နေမှုကြောင့် ညှိုးငယ်နေလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး"

တာလိဘုရင်က ခေါင်းငုံ့ကြည့်လိုက်သည်။ မိဖုရားကြီးက ဦးခေါင်းငုံ့ထားလိုက်ပြီး ...

"အရှင်မင်းကြီးရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား ဘုရား"

မင်းကြီးက မိဖုရားကြီးအား စိုက်ကြည့်သည်။ ထို့နောက် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျုပ်ရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူး မိဖုရားကြီး၊ သူတို့သာ ကျုပ်တို့နဲ့အတူ ဆက်နေမယ်ဆိုရင် တာလိနန်းဆက်ပြတ်သွားလိမ့်မယ်"

မိဖုရားကြီး စကားမပြောနိုင်တော့ပါ။

တာလိဘုရင်အား တွေတွေကြီးငေးကြည့်နေပြီးမှ ချာခနဲ လှည့်ကာ သားတော်နှစ်ပါးဆီသို့ လျှောက်သွားသည်။

ထို့နောက် သားတော်ကလေးများအား ပွေ့ဖက်ကာ တရှုပ်ရှုပ်နမ်းကာ ငိုကြွေးလိုက်လေသည်။

သာယာပျော်ရွှင်ဖွယ်ကောင်းသော တာလိပြည်မှာ နယ်စားကြီး ကုန်းချဲ့ကျန်း၏ ခြေဖဝါးအောက်သို့ ပြားပြားဝပ် ကျရောက်ရပေတော့မည်။



တာလိဘုရင်အနေနှင့် နယ်စားကြီး ကုန်းချဲ့ကျန်းအား တွန်းလှန်တိုက်ခိုက်ရန် အင်အားမရှိတော့ပါ။

သားတော်နှစ်ပါး လွတ်မြောက်သွားမှသာလျှင် ထီးမွေ နန်းမွေဆက်ဆံရန် မျိုးဆက်ကျန်ရစ်ပေမည်။

တာလိဘုရင်သည် ဝမ်းနည်းစွာငိုကြွေးနေသော မိဖုရားကြီးကို ဆက်မကြည့်နိုင်တော့သဖြင့် မျက်နှာလွှဲလိုက်သည်။

ထိုစဉ် အဆောင်အတွင်းသို့ တံခါးမှူး ပြေးဝင်လာပြီး ...

"လုံ့ကိုင်တပ်ဖွဲ့ ရောက်ပါပြီ အရှင်မင်းမြတ်"

တာလိဘုရင်မှာ ထိုင်နေရာမှ ဆတ်ခနဲထကာ လက်ဝှေ့ယမ်းပြလိုက်ရာ တံခါးမှူး ရိုကျိုးစွာ နောက်ဆုတ်သွား၏။

မကြာပါချေ ...။ တံခါးမကို ဖြတ်ကျော်ကာ လူတစ်စု အတွင်းဘက်သို့ လှမ်းဝင်လာသည်။

ထိုလူများသည် အပြာရောင်ဝတ်စုံ ဆင်တူဝတ်ဆင်ထားပြီး ဓားလွယ်ရှည်တစ်ချောင်းစီ ကိုယ်စီကိုယ်ငှကိုင်ဆောင်ထားကြလေသည်။

ရင်ဘတ်တွင် အဝါရောင်ပဝါစများ စလွယ်သိုင်းထားကြ ၏။

အားလုံး စုစုပေါင်း တစ်ဆယ့်ငါးယောက်တိတိ ရှိလေသည်။

ထိုလူများသည် တာလိဘုရင်၏ လက်ရွေးစင်လုံ့ကိုင်တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့သည် တာလိဘုရင်နှင့်တကွ တာလိနေပြည်တော် လုံခြုံရေးကို တာဝန်ယူထားသူများ ဖြစ်ကြသည်။

တာလိဘုရင်တွင် အလွန်ခက်ခဲနက်နဲသော အရေးကြုံလာမှ လုံကိုင်တပ်ဖွဲ့အား အမိန့်ပေးကာ ဖြေရှင်းစေတတ်သည်။

ယခု လုံကိုင်တပ်ဖွဲ့ကို ခေါ်ယူလိုက်ခြင်းဖြင့် တာလိဘုရင်တွင် အလွန်အရေးကြီးသော ကိစ္စရှိနေပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။

တာလိဘုရင်က သူတို့အား တစ်ချက်ဝေ့ကြည့်ပြီး ...

"အမှတ်တစ်ကျွန်းစုနဲ့ အမှတ်နှစ် လုရီတို့ ရှေ့ကိုလာခဲ့ကြ"

ဒူးထောက်ကာ အရိုအသေပေးနေကြသော လုံကိုင်တပ်ဖွဲ့သားများအနက် ထောင်ထောင်မောင်းမောင်းရှိသော လူရွယ်နှစ်ယောက်က ချက်ချင်း မတ်တတ်ရပ်ကာ ဘုရင်မင်းမြတ်အနီးသို့ လျှောက်သွားကြလေသည်။

အမှတ်တစ်ကျွန်းစုနှင့် အမှတ်နှစ်လုရီတို့မှာ လုံကိုင်တပ်ဖွဲ့၏ ခေါင်းဆောင်များဆိုလျှင်လည်း မမှားချေ။ တာလိဘုရင်က သူတို့နှစ်ယောက်အား အကဲခတ်ကြည့်လိုက်ပြီး ...

"မင်းတို့နှစ်ယောက်ကို အလွန်အရေးကြီးတဲ့တာဝန်တစ်ခု ပေးစရာရှိတယ်"



ကျွန်းစုနှင့်လုရီတို့၏ မျက်လုံးများ ဝင်းလက်တောက်ပသွားကြလေသည်။ သူတို့သည် လုံကိုင်တပ်ဖွဲ့ကို ဦးဆောင်ကာ တာလိဘုရင်အား ပုန်ကန်ခြားနားလာသော နယ်စားကြီး ကုန်းချဲ့ကျွန်းအားသွားရောက်နှိမ်နင်း သုတ်သင်ချင်ကြသည်။ သူတို့အား တာဝန်ပေးရန် စောင့်စားနေကြသူများ ဖြစ်သည်။

ကျွန်းစုက ဘုရင်မင်းမြတ်အား အရိုအသေပြုရင်း ...

"အမိန့်ရှိပါ ဘုရင်မင်းမြတ်၊ နယ်စားကြီးကုန်းချဲ့ကျွန်းရဲ့ ဦးခေါင်းကို လိုချင်တယ်ဆိုရင် ကျွန်တော်မျိုးကိုယ်တိုင် ဖြတ်ပြီး ဆက်သပါ့မယ်"

တာလိဘုရင်က ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့တာဝန်က တိုက်ဖို့ခိုက်ဖို့ မဟုတ်ပါဘူးကွယ်"

တာလိဘုရင်၏စကားကို ကြားလိုက်သည်နှင့် ကျွန်းစုနှင့် လုရီတို့ အံ့သြသွားကြသည်။

တိုက်ခိုက်ရေးသမားများအတွက် တိုက်ခိုက်ရေးတာဝန်မဟုတ်လျှင် မည်သည့်တာဝန် ထမ်းဆောင်ရမည်နည်း။

တာလိဘုရင်က အထိန်းတော်များအား လက်ယပ်ခေါ်လိုက်သည်။ အထိန်းတော်နှစ်ယောက်နှင့်အတူ ဘုရင့်သားတော်ကလေးများ ပါလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တာလိဘုရင်က သားတော်ကလေးနှစ်ပါးကို ပွေ့ဖက်နမ်းရှုပ်လိုက်သည်။ ပြီးမှ ကျန်းစုနှင့်လုရိတို့ဘက်သို့ လှည့်ကာ ...

"မင်းတို့နှစ်ယောက်က သားတော်ကလေးနှစ်ပါးကို ခေါ်ဆောင်ပြီး ဘေးလွတ်ရာ ရှောင်သွားကြရမယ်"

မမျှော်လင့်သော စကားကြောင့် ကျန်းစုနှင့်လုရိတို့ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

ဘုရင်မင်းမြတ်က သားတော်အကြီးအား ပွေ့ချီကာ လုရိအား လှမ်းပေးလိုက်သည်။ သားတော်အငယ်ကိုလည်း ကျန်းစုအား ပေးလိုက်ပြန်သည်။ ကျန်းစုနှင့်လုရိတို့ သားတော်နှစ်ပါးကို ရိုရိုသေသေ ထွေးပွေ့လိုက်ကြ၏။

"ရန်သူတွေဟာ မကြာခင် နန်းတော်ကို သိမ်းပိုက်လာကြတော့မယ်၊ မင်းတို့က သားတော်တွေကိုခေါ်ပြီး ဘေးကင်းရာကို လွတ်အောင်ပြေးပါ၊ သားတော်တွေ ကြီးပြင်းလာတဲ့တစ်နေ့ တာလိထီးနန်းကို ပြန်ပြီး ဆက်ခံနိုင်အောင် ကြိုးစားကြပါ"

ကျန်းစုနှင့်လုရိအပါအဝင် လှံကိုင်တပ်ဖွဲ့ဝင်များမှာ အလိုလို ဝမ်းနည်းကြေကွဲလာကြလေတော့သည်။

ဘုရင်မင်းမြတ်က ဒူးထောက်နေသော လှံကိုင်တပ်ဖွဲ့သားများကို ကြည့်ကာ ...



"သားတော်နှစ်ပါးကို မင်းတို့အားလုံး တာဝန်ယူကြရမယ်၊ ရန်သူ့လက်ထဲ ပါမသွားအောင် အစွမ်းကုန် ကာကွယ်ကြပါ"

"အမိန့်အတိုင်း အသက်နဲ့လဲပြီး ကာကွယ်ဆောင်ရွက်ပါ့မယ် ဘုရင်မင်းမြတ်"

လှံကိုင်တပ်ဖွဲ့သားများက တညီတညွတ်တည်း ဝန်ခံကတိပြုလိုက်ကြ၏။ ဘုရင်မင်းမြတ်သည် မလှမ်းမကမ်းရှိနေသော စားပွဲတစ်လုံးဆီ လျှောက်သွား၏။

စားပွဲပေါ်တွင် အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထားသော ဓားတစ်လက်နှင့် ဘုရင့်အမိန့်တံဆိပ်တုံးတို့ ရှိနေသည်။

အဖိုးတန် ရတနာများ စီခြယ်ထားသော ဓားမှာ တာလိဘုရင်တို့ ခေတ်အဆက်ဆက် ကိုင်ဆောင်ခဲ့သော နန်းစဉ်ဓား ဖြစ်သည်။

တာလိပြည်၌ ဘုရင်ဖြစ်လာလျှင် နန်းစဉ်ဓားမှာ မရှိမဖြစ်လိုအပ်သည်။ နန်းစဉ်ဓားနှင့် တာလိဘုရင်မှာ ခွဲခြားမရချေ။ ထိုနည်းတူ ဘုရင့်အမိန့် တံဆိပ်တုံးမှာလည်း ရှေးခေတ် အဆက်ဆက်ကတည်းက အသုံးပြုလာသော တံဆိပ်တုံးဖြစ်သည်။

ဤတံဆိပ်တုံး ကိုင်ဆောင်ထားသူ၏ အမိန့်ကို ဘုရင်မင်းမြတ်၏ အမိန့်ကို နာခံရသလို လူတိုင်းလူတိုင်း တစ်သဝေမတိမ်း

www.burmeseclassic.com

www.burmeseclassic.com



နာခံကြရသည်။

တာလိဘုရင်က နန်းစဉ်ဓားနှင့် ဘုရင့်အမိန့်တံဆိပ်တုံးတို့ကို ယူကာ ကျန်းစုနှင့်လုရီတို့ထံ ပြန်လျှောက်လာသည်။ အမိန့်တံဆိပ်တုံးအား လုရီကိုပေးကာ ...

"လုရီ မင်းဟာ သားတော်ကြီးနဲ့ အမိန့်တံဆိပ်တုံးကို ထိန်းသိမ်းစောင့်ရှောက်ရမယ်"

လုရီက လက်နှစ်ဖက်ဖြင့် အမိန့်တံဆိပ်တုံးကို လက်ခံလိုက်သည်။ သားတော်ကြီးမှာ လုရီ၏ စလွယ်သိုင်းထားသော အဝါရောင်ပဝါအတွင်းသို့ ရောက်နေပြီဖြစ်လေသည်။

ကျန်းစုမှာလည်း သားတော်အငယ်ကို လုရီနည်းတူ စလွယ်သိုင်းထားသော အဝါရောင်ပဝါစ ဖုံးအုပ်ထားလိုက်သည်။ ထိုအခါ သားတော်နှစ်ပါးစလုံးအား ရုတ်တရက် မတွေ့မြင်နိုင်တော့ဘဲ ကွယ်ပျောက်နေလေသည်။

တာလိဘုရင်က နန်းစဉ်ဓားကို ကျန်းစုအားပေးကာ ...

"မင်းက နန်းစဉ်ဓားနဲ့ သားတော်ငယ်ကို စောင့်ရှောက်ပါ၊ တစ်နေ့ ကျုပ်ရဲ့သားတော်တွေ တာလိနန်းကို ပြန်ရရမယ်၊ မင်းတို့ အသက်ပေးကာကွယ်စောင့်ရှောက်ကြပါ၊ ကြိုးစားကြပါ"

"ဘုရင်မင်းမြတ် ... ကျွန်တော်မျိုးတို့ သားတော်နှစ်ပါးကို



အသက်စွန့် ကာကွယ်ပါ့မယ်ဆိုတာ ကတိပေးပါတယ်"

တာလိဘုရင်မှာ သားတော်ကြီးနှင့် သားတော်ငယ်အား ယုံကြည်စိတ်ချရသော ကျန်းစုနှင့်လုရီတို့၏ လက်ထဲသို့ အပ်လိုက်ရပြီဖြစ်၍ ရင်ထဲမှ စိုးရိမ်ပူပန်မှုများ လျော့ကျသွားပုံရလေသည်။

"ကဲ ... အချိန်ရှိတုန်း မင်းတို့ မြန်မြန်သွားကြရင်ကောင်းမယ်"

သို့သော် ရုတ်တရက် ထွက်မသွားနိုင်ကြသေးဘဲ နေရာတွင် မရွေ့မလျား ကျောက်ရုပ်ပမာ ရှိနေကြ၏။

သားတော်နှစ်ပါးနှင့် ခွဲရတော့မည်ဖြစ်သောကြောင့် မိဖုရား၏ငိုရှိုက်သံ ပွဲ့လွင့်လာသည် ကို ကြားရ၏။

ထိုစဉ် လျှို့ဝှက်အဆောင်အပြင်ဘက်မှ ဆူဆူညံညံ ထွက်ပေါ်သော အသံများက မိဖုရားကြီး၏ငိုရှိုက်သံကို ဖုံးအုပ်သွားလေတော့သည်။

တာလိဘုရင် အံ့သြသွားသည်။

အပြင်ဘက်သို့ နားစွင့်လိုက်စဉ် ရုတ်တရက် အဆောင်ထဲသို့ လူတစ်ယောက် ပြေးဝင်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ လျှို့ဝှက်အဆောင်ကို တာဝန်ယူ စောင့်ကြပ်ရသော အဆောင်မှူး ဖြစ်လေသည်။ တစ်ကိုယ်လုံး သွေးခြင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



နီရဲနေပြီး ခန္ဓာကိုယ်တွင် မြားသုံးလေးစင်းမျှ စိုက်ဝင်နေသည်။

"ဘုရင်မင်းမြတ် ... မြန်မြန်ပြေးပါ၊ ရန်သူတွေရောက်"

သူသည် စကားဆုံးအောင် မပြောနိုင်ပါ။ ဒဏ်ရာများ ပြင်းထန်လွန်းသဖြင့် လဲကျသေဆုံးသွားလေသည်။ တာလိဘုရင်၏ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူသည် ကျန်းစုနှင့်လုရီတို့ဘက်သို့လှည့်ကာ ...

"ဟေ့ ... မင်းတို့ ဘာငိုင်နေကြတာလဲ၊ မြန်မြန်ပြေးကြပါတော့လား"

လုရီက အံကြိတ်ကာ ...

"ဘုရင်မင်းမြတ် ... ကျွန်တော်မျိုးတို့ ရန်သူကို ခုခံတိုက်ခိုက်ပါရစေ"

တာလိဘုရင်က ဦးခေါင်းကို ခါယမ်းလိုက်သည်။

"အချိန်မရှိဘူး၊ ကျုပ်ကို မင်းတို့ မငဲ့နဲ့၊ တာလိနန်းဆက် မပြုတ်ရအောင် သားတော်တွေကိုခေါ်ပြီး မြန်မြန်ပြေးပါ၊ မင်းတို့ကို ကျုပ် အမိန့်ပေးတယ်၊ ဒီက အမြန်ဆုံး ပြေးကြပေတော့"

ကျန်းစုနှင့်လုရီတို့သည် မတတ်သာသည့်အဆုံး သားတော်နှစ်ပါးကို ပွေ့ပိုက်ကာ ပြေးရန်ဟန်ပြင်လိုက်စဉ်မှာပင် ...

"ဟား ဟား ဟား ... မင်းတို့ ပြေးလို့ လွတ်မလား"



ကျယ်လောင်သော ရယ်မောသံနှင့်အတူ စကားသံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် လုံခြုံရေးအစောင့်အကြပ်များ၏ ရူးရှူးအော်ဟစ်သံများ ထွက်ပေါ်လာပြီး လျှို့ဝှက် အဆောင်အတွင်းသို့ လူတစ်စု ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရတော့၏။

ထိုလူစုမှာ ပုန်ကန်ခြားနားသော နယ်စားကြီး ကုန်းချဲ့ကျန်း၏ တိုက်ခိုက်ရေးစစ်သည်တော်များ ဖြစ်ကြလေသည်။

သူတို့သည် တာလိဘုရင်နှင့် သားတော်များ ထွက်မပြေးနိုင်မီ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ထိုလူများကို ဦးဆောင်လာသူမှာ စစ်သူကြီးတစ်ယောက်ဖြစ်သည်။ ယင်းစစ်သူကြီးမှာ တာလိဘုရင်လက်အောက်တွင် အမှုထမ်းခဲ့ပြီး နယ်စားကြီး ကုန်းချဲ့ကျန်းဘက်သို့ ကူးပြောင်းသွားသူဖြစ်လေသည်။

၎င်းစစ်သူကြီးမှာ တိုက်ရည်ခိုက်ရည် ထူးချွန်သော်လည်း ကောက်ကျစ်စဉ်းလဲသူတစ်ယောက် ဖြစ်၏။

စစ်သူကြီးက တဟားဟား ရယ်မောရင်း ...

"တာလိတစ်ပြည်လုံး နယ်စားကြီး ကုန်းချဲ့ကျန်းလက်ထဲ ရောက်နေပြီ၊ မင်းတို့ မခုခံဘဲ လက်နက်ချရင် ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘုရင်မင်းမြတ်၏ရှေ့တွင် လှံရှည်ကို ကိုယ်စီကိုင်၍ အကာအကွယ်ပေးနေသော ကျန်းစုနှင့်လုရီတို့၏ လှံကိုင်တပ်ဖွဲ့ကို ရည်ရွယ်ကာ ပြောလိုက်ခြင်း ဖြစ်ပေသည်။

အပြင်ဘက်မှ ဆူညံစွာ တိုက်ခိုက်နေသော အသံများ တစ်စ တစ်စ ကွယ်ပျောက်လာ၏။ စစ်သူကြီး၏အဖွဲ့က အောင်ပွဲခံနေပြီ ဖြစ်ကြောင်း သိသာနိုင်ပေသည်။ စစ်သူကြီးက ရှေ့တိုးလာပြီး ...

"ဘုရင်မင်းမြတ် အသာတကြည် အဖမ်းခံပါ"

ဘုရင်မင်းမြတ်အား စော်ကားမော်ကား ပြောဆိုလာသည်ကို တွေ့ရလျှင် လှံကိုင်တပ်ဖွဲ့ဝင်များ စိတ်မထိန်းနိုင်တော့ချေ။

"တိုက်ကြ"

ကျယ်လောင်သော ဩသံပေးလိုက်ကြပြီးလျှင် စစ်သူကြီးနှင့် ကျူးကျော်ဝင်လာသူများအား တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ကြ၏။

လှံကိုင်တပ်ဖွဲ့ တိုက်ခိုက်လာလျှင် စစ်သူကြီးက ဓားဆွဲထုတ်ကာ ...

"တစ်ယောက်မှ အလွတ်မပေးနဲ့ ... မလွတ်စေနဲ့"

အော်ဟစ်အမိန့်ပေးပြီး ရှေ့ဆုံးမှ ဦးဆောင်တိုက်ခိုက်သည်။ အေးချမ်းသော လှို့ဝှက်အဆောင်အပြင်တွင် တစ်ခဏချင်း ပြင်းထန်



သော တိုက်ပွဲဖြစ်ပွားလာ၏။

ဘုရင်မင်းမြတ်မှာ ပြင်းထန်စွာ တိုက်ခိုက်နေကြရသည်ကို ကြည့်ရင်း သားတော်နှစ်ပါးအတွက် စိုးရိမ်ပူပန်လာလေသည်။

သို့သော် လူအများ ရှုပ်ထွေးနေသောကြောင့် ကျန်းစုနှင့် လုရီတို့ကို ရုတ်တရက် မတွေ့မမြင်နိုင်ပါ။

တိုက်ပွဲကား တစ်စတစ်စပြင်းထန်လာသည်။ လှံကိုင်တပ်ဖွဲ့သားများသည် ကျော်ကြားသလောက် အရည်အချင်းရှိသူများ ဖြစ်ကြသောကြောင့် တစ်ခဏအတွင်းမှာပင် ရန်သူတချို့တစ်ဝက်ကို အတုံးအရုံး လဲကျသွားစေတော့သည်။

စစ်သူကြီးသည် လှံကိုင်တပ်ဖွဲ့အား အလွယ်တကူ အနိုင်ယူရန် မလွယ်ကူမှန်းလည်း သိသွားလေသည်။ ထို့ကြောင့် ချက်ချင်း တိုက်ပွဲအတွင်းမှ အနောက်ဘက်သို့ ခုန်ဆုတ်လိုက်လေသည်။

တစ်ဖန် တိုက်ပွဲကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေသော ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးထံသို့ ပြေးသွားလေသည်။ ကျန်းစုနှင့် လုရီတို့က စစ်သူကြီးအား ဟန့်တားလိုက်ကြသည်။

သို့သော် ရန်သူများ ဝန်းရံတိုက်ခိုက်လာသဖြင့် ဟန့်တားနိုင်ခဲ့ခြင်း မရှိချေ။ စစ်သူကြီးသည် ဘုရင်မင်းမြတ်ရှိနေသော စင်မြင့်ပေါ်သို့ လွှားခနဲ ခုန်တက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့ ထိတ်လန့်တုန်လှုပ်နေစဉ်

"မလှုပ်နဲ့ သေသွားမယ်"

သူ၏ ကြီးမားသောဓားသွားက ဘုရင်မင်းမြတ်၏လည်ပင်းသို့ အလျားလိုက် ဖိကပ်မိသွားလေသည်။

"မင်း ... မင်း ... လူယုတ်မာ"

စစ်သူကြီးက သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်လေသည်။

ပြီးမှတစ်ဆင့် တိုက်ခိုက်နေသူများဘက်သို့ လှည့်ကာ ...

"ချက်ချင်း ရပ်လိုက်ကြစမ်း၊ ကျုပ်အမိန့်ကို မနာခံရင် ဘုရင်မင်းမြတ်ကို သတ်ပစ်လိုက်မယ်"

သူ၏စကားသံဆုံးလျှင် မီးကိုရေနှင့်ငြိမ်းသတ်လိုက်သည့်အလား အခဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ပြင်းထန်သောတိုက်ပွဲမှာ ရုတ်တရက် ပြီးဆုံးသွား၏။

ကျန်းစုနှင့်လုရီတို့၏မျက်လုံးများ ရဲရဲနီလာကြသည်။

ကျန်းစုမှာ စိတ်မထိန်းနိုင်တော့ဘဲ လက်ထဲမှလှံတံဖြင့် စစ်သူကြီးကို ချိန်ရွယ်ကာ ...

"လူယုတ်မာ ... ဘုရင်မင်းမြတ်ကို လွှတ်လိုက်စမ်း"

စစ်သူကြီးက တဟားဟားရယ်မောရင်း ...



"သားတော်နှစ်ပါးနဲ့ ဘုရင်မင်းမြတ်ကိုထားပြီး မင်းတို့ထွက်သွားနိုင်ပါတယ်၊ ကျုပ်ပြောတဲ့စကား နားမထောင်ရင် ဘုရင်မင်းမြတ်ကို သတ်ပစ်လိုက်ရမှာပဲ"

ကျန်းစုမှာ စစ်သူကြီးစကားကြောင့် နောက်တွန့်သွားသည်၊ ထိုစဉ် ဘုရင်မင်းမြတ်က ...

"မင်းတို့မြန်မြန်ပြေး၊ ကျုပ်ပြောတဲ့စကားတွေကို မမေ့နဲ့"

အော်ပြောရင်း စစ်သူကြီး၏ဓားကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ရှေ့သို့ တအားတိုးလိုက်သည်။

"အရှင်မင်းကြီး"

မင်းမိဖုရားကြီး အထိတ်တလန့်ရေရွတ်ကာ ဘုရင်မင်းမြတ်အား ပြေး၍ ပွေ့ဖက်လိုက်လေသည်။ ဘုရင်မင်းမြတ်မှာ ကံတော်ကုန်ခဲ့လေပြီ။

မိဖုရားကြီးသည် စိတ်မထိန်းနိုင်တော့ဘဲ စစ်သူကြီးထံသို့ ပြေးဝင်လာကာ ...

"နင် လူယုတ်မာ၊ နင့်ကို ငါသတ်မယ်"

ကြုံးဝါးပြီး အနီးမှ ဓားတစ်ချောင်းကိုကောက်ကာ ပြေးခုတ်လိုက်လေသည်။ စစ်သူကြီးက အံကြိတ်လိုက်ပြီး ...

"သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်ပြီး မိဖုရားကြီးအား သူ့လက်ထဲမှဓားဖြင့် ခုတ်ချလိုက်သည်။

"အား"

မိဖုရားကြီး လဲကျသွားသည်နှင့် တစ်ပြိုင်နက် ကျန်းစုနှင့် လုရီတို့မှာ သူတို့လက်ထဲမှ လှံတံများဖြင့် စစ်သူကြီးထံသို့ ပြိုင်တူ ပစ်ပေါက်လိုက်ကြလေသည်။ ပါးစပ်ကလည်း...

"တိုက်ကြ"

ဟု အော်ဟစ်အမိန့်ပေးလိုက်ကြသည်။ တိုက်ပွဲမှာ တစ်ခဏချင်း ပြင်းထန်စွာ ပြန်လည်၍ ဖြစ်ပေါ်လာလေသည်။ စစ်သူကြီးမှာ မထင်မှတ်သော ကျန်းစုနှင့်လုရီတို့၏ လုပ်ရပ်ကြောင့် မရှောင်နိုင်တော့ဘဲ လှံများစိုက်ဝင်ကာ သေဆုံးသွားလေသည်။

ထိုအချိန် အပြင်ဘက်မှ ရန်သူများကလည်း အဆောင်အတွင်းသို့ တချို့ ဝင်ရောက်လာပြီဖြစ်သည်။ လှံကိုင်တပ်ဖွဲ့ဝင် သုံးယောက်မျှ ကျဆုံးသွားသောအခါ အခြေအနေ မဟန်မှန်း သဘောပေါက်လာကြတော့၏။

လုရီက လက်တစ်ဖက် ဝှေ့ယမ်းလိုက်ပြီး ...

"အားလုံးနောက်ဆုတ်ကြ"

သူ၏စကားကြားရလျှင် လှံကိုင်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ရာ



မှ ရပ်တန့်ကာ ချက်ချင်း နောက်သို့ ခုန်ဆုတ်သွားကြ၏။

ထိုအခါမှ ကျန်းစုက အသင့်ယူဆောင်လာသော ယမ်းထုပ်များကို ရန်သူ့ထံ ပစ်ပေါက်လိုက်လေသည်။

'ဝုန်း .. ဝုန်း .. ဝုန်း'

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

ပေါက်ကွဲသံ၏နောက်တွင် ကျယ်လောင်စူးရှစွာ အော်ဟစ်လိုက်သောအသံများ ထွက်ပေါ်လာ၏။

ပေါက်ကွဲမှုကြောင့် အဖြူရောင်အခိုးအငွေ့များ အဆောင်တစ်ခုလုံး ဖုံးအုပ်သွားလေသည်။ လှံကိုင်တပ်ဖွဲ့ဝင်များသည် အရေးကြုံလျှင် ပြုမူဆောင်ရွက်ရမည့်ကိစ္စများကို သိရှိထားပြီး ဖြစ်၏။

သူတို့သည် အဖြူရောင် မီးခိုးများကို အကာအကွယ်ယူကာ အဆောင်၏အနောက်ဘက်ထွက်ပေါက်မှတစ်ဆင့် ပြေးထွက်သွားကြသည်။

ဤသို့ဖြင့် ကျန်းစု၊ လုရီတို့ဦးဆောင်သော လှံကိုင်တပ်ဖွဲ့သားများမှာ ရန်သူများ ဝိုင်းရံထားသော လျှို့ဝှက်အဆောင်အတွင်းမှ ထွက်ပြေးလွတ်မြောက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ည ...။

လဝန်းမှာ ကောင်းကင်ပေါ်တွင် ထိန်ထိန်သာနေ၏။

လသာညများသည် ပျော်စရာအတိ ဖြစ်နေသော်လည်း ကျန်းစုနှင့် လုရီတို့မှာ မပျော်နိုင်ကြချေ။

ဘုရင့်သားတော်နှစ်ပါးကို ရင်ခွင်ပိုက်၍ စိုးရိမ်သောက ဖြစ်နေကြ၏။

ဘုရင်မင်းမြတ် ကံကုန်သွားပြီဖြစ်၍ နန်းမွေနန်းလျာ သားတော်နှစ်ပါးကို ဂရုစိုက်ရပေတော့မည်။

သားတော်နှစ်ပါး ထီးနန်းပြန်လည် စိုးစံနိုင်မှသာလျှင် ကံကုန်သွားသော ဘုရင်မင်းမြတ် သေရကျိုးနပ်မည်မဟုတ်ပါလား။

ကျန်းစုနှင့်လုရီတို့ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။

လှံကိုင်တပ်ဖွဲ့ဝင် တစ်ဆယ့်ငါးယောက်ရှိသည့်အနက် နှစ်ယောက် ဒဏ်ရာရကာ သုံးယောက် ကျဆုံးခဲ့ရပြီ ဖြစ်သည်။ အခု ကျန်းစုတို့လူစုတွင် တစ်ဆယ့်နှစ်ယောက်သာ ရှိတော့သည်။

ဒဏ်ရာရထားသော လူနှစ်ယောက်အတွက် ဆေးဝါးများ လိမ်းကျံပေးထားပြီးပြီဖြစ်၍ စိတ်ချရပေပြီ။ သူတို့သည် လျှို့ဝှက် အဆောင်မှ ကိုယ်လွတ်ရုန်းကာ ထွက်ပြေးလာကြပြီးနောက် ဤ



နေရာသို့အရောက်တွင် ခရီးတစ်ထောက် နားနေခဲ့ကြခြင်း ဖြစ်ပါသည်။ လုရီက ကျန်းစုအနီးသို့ ချဉ်းကပ်လာ၏။

သူတို့လူစုတွင် လူနှစ်ယောက်က ရှေ့ဆက်သွားရမည့် လမ်းခရီးအခြေအနေကို သွား၍ အကဲခတ်နေကြ၏။ ယခုတိုင် သူတို့ မည်သည့်နေရာသို့ သွားရမှန်း မသိသေးချေ။

ထို့ကြောင့် တိုင်ပင်ရန် ကျန်းစုအနီးသို့ လုရီ ချဉ်းကပ်လာခြင်း ဖြစ်သည်။ ကျန်းစုအနီးသို့ရောက်လျှင် ...

"သူငယ်ချင်း ... မင်းကို ငါ တိုင်ပင်စရာ ရှိတယ်"

စကားအစချီလိုက်သည်။ ကျန်းစုက မျက်မှောင်ကြုတ်ကာ

"ဘာပြောမလို့လဲကွ"

လုရီက သက်ပြင်းချကာ ...

"တို့ အခုထွက်ပြေးလို့ လွတ်လာတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ကုန်းချဲ့ကျန်းလက်က လွတ်ဖို့ မလွယ်ဘူးဆိုတာ မင်း သိပါတယ်၊ အခုတော့ တာလိတစ်ပြည်လုံး သူ့လက်ထဲ ရောက်နေပြီ မဟုတ်လား"

"ဟုတ်တယ်၊ ငါလည်း ဘယ်သွားရမလဲဆိုတာ စဉ်းစားနေတာ"

လုရီက တစ်ချက်စဉ်းစားလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"တို့က ဒီအတိုင်း လျှောက်ပြေးနေလို့ လွတ်မှာ မဟုတ်ဘူး၊ တစ်နေရာရာသွားပြီး ပုန်းရှောင်နေကြရင် ကောင်းမယ်"

"ဟုတ်တယ်၊ ဒါပေမဲ့ ... စိတ်ချရတဲ့နေရာ ရှိပါ့မလား"

လုရီ အနည်းငယ် တွေဝေသွားသည်။ တစ်ခဏကြာမှ ...

"ဓားရဲတိုက်ကိုသွားရင်ကော မင်းဘယ်လိုသဘောရသလဲ၊ ဓားရဲတိုက်ပိုင်ရှင် လုကျင်းရယ်ဟာ ဘုရင်မင်းမြတ်အပေါ်မှာ အင်မတန် သစ္စာရှိတဲ့ လူတစ်ယောက် မဟုတ်လား"

ကျန်းစုက လုရီကို တစ်ချက်စိုက်ကြည့်လိုက်လေသည်။

"လုကျင်းရယ်က နယ်စားကြီး ကုန်းချဲ့ကျန်းဆီမှာ အညွှံခံလိုက်ရင်ကော"

လုရီက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"အားမတန်ရင် ဘယ်သူမဆို မာန်လျှော့ကြရမှာပဲ၊ ဓားရဲတိုက် မပျက်စီးရအောင် လုကျင်းရယ်က နယ်စားကြီး ကုန်းချဲ့ကျန်းနဲ့ မဟာမိတ်ပြုတာ ဖြစ်နိုင်တယ်၊ ဘုရင့်သားတော်တွေ လွတ်မြောက်တာသိရင် ကျိန်းသေ လက်ခံမှာပါ"

ကျန်းစုမှာ ဓားရဲတိုက်သခင် လုကျင်းရယ်၏မျက်နှာကို ပြေး၍မြင်ယောင်မိလေသည်။

လုကျင်းရယ်မှာ တည်ကြည်ခန့်ညားပြီး တရားမျှတသူတစ်



ယောက် ဖြစ်သည်။ ဘုရင်မင်းမြတ်အပေါ် အလွန်ရိုသေသစ္စာရှိသူ ဖြစ်၏။

နယ်စားကြီး ကုန်းချဲ့ကျန်း ပုန်ကန်ခြားနားလာသောအခါ လုကျန်းရယ်မှာ ကုန်းချဲ့ကျန်းနှင့် မဟာမိတ်ပြုလိုက်သည်ဟု သတင်းရ၏။

ရန်သူနှင့် မဟာမိတ်ပြုထားသောကြောင့် အန္တရယ်ပြုနိုင်သော်လည်း လုကျင်းရယ်မှာ ဘုရင့်သားတော်များအပေါ် ရက်စက်မည် မဟုတ်ဟု တွေးမိသည်။ ကျန်းစု သက်ပြင်းချလိုက်ပြီး ...

"တို့ကို အန္တရာယ် မပေးဘူးပဲထားဦး သားတော်နှစ်ပါးကို လက်ခံနိုင်ပါ့မလား၊ လက်ခံရတဲ့အတွက် ဒုက္ခသေးမှာ မဟုတ်ဘူးနော်၊ နယ်စားကြီးကုန်းချဲ့ကျန်း သိသွားရင် ဆွေစဉ်မျိုးဆက် အသတ်ခံရနိုင်တယ်"

လုရီကပြုံးကာ ...

"လုကျင်းရယ်အကြောင်း ငါကောင်းကောင်း သိပါတယ်ကွ၊ သူ ကျိန်းသေ လက်ခံမှာပါ"

သူတို့နှစ်ယောက် စကားပြောကောင်းနေကြစဉ် လမ်းခရီး အခြေအနေ အကဲခတ်ကြည့်ရှုနိုင်းလိုက်သော အထောက်တော် နှစ် ယောက် ပြန်လည်ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျွန်းစုနှင့် လုရီတို့အနီးသို့ ရောက်လာကြသည်။ လုရီက စကားစကိုဖြတ်ကာ ...

"ဘယ်လိုလဲ ... အခြေအနေ ကောင်းရဲ့လားဟေ့"

အထောက်တော်တစ်ယောက်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ ရှေ့သုံးမိုင်လောက်မှာ ချောင်းကူးတံတားတစ်ခု ရှိတယ်၊ အဲဒီတံတားကို ဖြတ်ကူးပြီးရင် ကုန်းရဲ့ကျွန်းလက်က လောလောဆယ် လွတ်မြောက်ပြီလို့ ပြောလို့ရတယ်၊ ချောင်းကူးတံတားထိပ်မှာ လမ်းဆုံလမ်းခွ ရှိတယ်လေ၊ အရပ်လေးမျက်နှာ ကြိုက်ရာကို သွားနိုင်တယ်"

သူသည် စကားကို ခေတ္တဖြတ်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"ကျုပ်တို့နောက်ကို လိုက်လာတဲ့လူဟာ ဘယ်လိုက်ရမှန်းမသိ ဖြစ်သွားလိမ့်မယ်"

လုရီက သဘောကျသွားသည်။

"ကောင်းတယ် ... ဒါဆို ငါတို့ အခုပဲ သွားကြတာပေါ့"

ပြောရင်း ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

လုရီ၏ရင်ခွင်အတွင်း လွယ်ထားသော သားတော်ကြီးမှာ အိပ်ပျော်နေ၏။ လုရီ ရယ်မောလိုက်ကာ ...



"သားတော်ကြီးကို ဘေးလွတ်ရာရောက်အောင် ခေါ်သွားပါ့မယ်လို့ ကျွန်တော်မျိုး ကတိပေးပါတယ်"

ပြောပြီးလျှင် ရှေ့ဆုံးမှ လှမ်းထွက်သွားလေသည်။

ကျွန်းစုက သူ၏ရင်ခွင်အတွင်း စလွယ်သိုင်းထားသော ပဝါထဲမှ သားတော်ငယ်ကို ကြည့်လိုက်သည်။

သားတော်ငယ်မှာ မျက်စိဖွင့်ကာ သူ့အား ငေးကြည့်နေလေသည်။ ကျွန်းစုက တစ်ချက်ပြုံးလိုက်ပြီး ...

"သားတော်ငယ် စိတ်ချလက်ချနေပါ၊ ကျွန်တော်မျိုးအသက်မသေမချင်း သားတော်ငယ်ကို ဘယ်သူမှ မရစေရပါဘူး"

ပြောပြီး နန်းစဉ်ဓားကို လက်တွင်း၌ အသင့်ဆုပ်ကိုင်ကာ ထွက်သွားနေသူများနောက်သို့ လိုက်သွား၏။

သူ၏လှံတံမှာ လျှို့ဝှက်အဆောင်အတွင်းရှိ စစ်သူကြီးရင်ဝ၌ စိုက်ဝင်ကာ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် နန်းစဉ်ဓားကိုပင် လက်နက်သဖွယ် ကိုင်ဆောင်ထားခြင်းဖြစ်၏။ သူတို့ခြေလှမ်း ခပ်သုတ်သုတ် ထွက်ခွာသွားကြရာ

မကြာပါချေ ...။ ချောင်းကူးတံတားတစ်ခုသို့ ရောက်ရှိလာကြလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## ရေနှင့်မီး

ချောင်းရေတသွင်သွင် စီးဆင်းနေသည်။

ချောင်းကလေးမှာ ကျယ်ဝန်းလှခြင်းမရှိပါ။ သို့သော် တချို့နေရာများတွင် ရေနက်သောကြောင့် ချောင်းကူးတံတား ထိုးထားရလေသည်။

ချောင်းကူးတံတားမှာ သစ်သားတံတားဖြစ်ပြီး တည်ရှိခဲ့သည့်အချိန် ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ဆွေးမြည့်စပြုနေပြီ ဖြစ်သည်။

ချောင်းကလေး၏တစ်ဖက်တွင် မြေကွက်လပ်တစ်ခု ရှိနေသည်။ ထိုနေရာကို တစ်စုံတစ်ယောက်က မကြာသေးမီက ရှင်းလင်းထားပုံရလေသည်။

ချောင်းကူးတံတားထိပ်သို့ ရောက်ရှိလာကြသော လုရီတို့လူစု ရုတ်တရက် တံတားပေါ်သို့မတက်ဘဲ ခြေလှမ်းရပ်တန့်လိုက်ကြသည်။



လုရီက ရှေ့ဆုံးသို့ တိုးထွက်ကာ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက် အထောက်တော်နှစ်ယောက်ဘက်သို့ လှည့်ကာ

"မင်းတို့ တံတားဟိုဘက်ကို ကူးသွားပြီး အခြေအနေကြည့်ခဲ့ကြရဲ့လား"

ရှေ့ပြေးသွားသူနှစ်ယောက် ခေါင်းညိတ်လိုက်ကြ၏။

"သွားပါတယ်"

လုရီက ဆက်မေးလိုက်သည်။

"အခြေအနေ ဘယ်လိုရှိသလဲ"

ရှေ့ပြေးနှစ်ယောက်က ခေါင်းခါပြလိုက်သည်။

"ထူးခြားတာ မတွေ့ရဘူး"

လုရီ၏စိတ်ထဲတွင် မတင်မကျ ဖြစ်သွား၏။

များပြားလှသောအတွေ့အကြုံများအရ ချောင်းကူးတံတားတစ်ဖက်တွင် အန္တရာယ် အသင့်စောင့်ကြိုနေနိုင်သည်ဟု သူ၏စိတ်ထဲအလိုလို ခံစားလာရသည်။

ချောင်းကူးတံတားတစ်ဖက်မှ မြေကွက်လပ်တွင် ထောင်ချောက်များ ရှိနေနိုင်သည်ကိုလည်း တွေးမိလာ၏။

ထို့ကြောင့် ကျွန်းစုထံသို့သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းစု ...မင်း ဘယ်လိုသဘောရသလဲ"

ကျန်းစုက သက်ပြင်းချကာ ...

"တို့မသွားဘဲနေလို့မှမရတာ ... သွားရမှာပေါ့"

ယင်းသို့ပြောပြီးလျှင် တံတားအပေါ်သို့ လှမ်းတက်လိုက်သည်။ ထို့နောက် ရင်ကော့ကာ တစ်ဖက်သို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွား၏။

ကျန်းစုသည် အန္တရာယ်ရှိမှန်းသိလျက်နှင့် ရှောင်လွှဲမရတော့သဖြင့် ရင်ဆိုင်ရန်ရှေ့တိုးသွားနေကြောင်း လုရှီနားလည်ထားပါသည်။

သူသည်လည်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ကျန်းစုနောက်သို့ လိုက်သွား၏။

လုရှီနှင့်ကျန်းစုတို့ ချောင်းကူးတံတားကို ဖြတ်ကျော်သွားလျှင် လုံကိုင်တပ်ဖွဲ့ဝင်များလည်း ခပ်သုတ်သုတ် လိုက်လာကြ၏။

ကျန်းစုနှင့်လုရှီတို့ တံတားပေါ်မှ ခြေလှမ်းမှန်မှန် လျှောက်သွားပြီး တစ်ဖက်မြေကွက်လပ်သို့ ရောက်ရှိသွားကြ၏။

ကျန် လုံကိုင်တပ်ဖွဲ့ဝင်များလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြ၏။ နောက်ဆုံးနှစ်ယောက်သာ တံတားပေါ်တွင် ကျန်ရစ်လေသည်။

လုရှီက ပတ်ဝန်းကျင်အခြေအနေကို ထပ်မံအကဲခတ်ကြည့်



လိုက်ပြီး ...

"ကျန်းစု ... ဒီနေရာဟာ ရန်သူရဲ့မြားပစ်ကွင်းလို ဖြစ်မနေဘူးလား၊ တို့ ... မြန်မြန်ပြေးကြရင်ကောင်းမယ်"

ထိုစကားကြားမှ စက်ပစ်ကွင်းကဲ့သို့ အကာအကွယ်မဲ့သောနေရာတွင် သူတို့လူစု ပစ်မှတ်သဖွယ် ထိုးထိုးထောင်ထောင် ရှိနေကြသည်ကို သတိပြုမိလေသည်။

ကျန်းစုက ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်တယ် ... တို့ မြန်မြန်ပြေးကြစို့"

လုရှီက တံတားပေါ်တွင် ကျန်နေသော လူနှစ်ယောက်ကို ကြည့်ရင်း ...

"မြန်မြန်လာကြဟေ့"

တံတားပေါ်မှ လူနှစ်ယောက် ခပ်သွက်သွက် ပြေးဆင်းလာကြသည်။ သို့သော် တံတားအဆုံးသို့ မရောက်မီ ...

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး တံတားမှာ ကျိုးပဲ့ပျက်စီးသွားလေသည်။

တံတားအပေါ်မှ လုံကိုင်တပ်ဖွဲ့ဝင်နှစ်ယောက်လည်း အရှိန်ဖြင့်လွင့်စဉ်ကာ ချောင်းထဲသို့ ထိုးကျသွား ၏။

www.burmeseclassic.com

www.burmeseclassic.com



လုရီ ထိတ်လန့်သွားကာ ...

"ဟိုက် ... ဒုက္ခပဲ"

ချောင်းရေထဲသို့ လွင့်စဉ်ကျသွားသူနှစ်ယောက်မှာ အသက်ဆုံးရှုံးသွားခြင်း မရှိသေးပါ။ သူတို့သည် ကမ်းစပ်အပေါ်သို့ ပြန်လည်ကူးခတ်လာကြလေသည်။

ထိုစဉ်မှာပင် ချောင်းရေပြင်အတွင်းမှ ရေပန်းတစ်ခု ဘွားခနဲ ထွက်ပေါ်လာသည်။ ငါးမန်းစွယ်သဏ္ဍာန် ဆူးချွန်အပြည့်ပါသော လက်နက်နှစ်ခု ရေပေါ်တွင် ထိုးထွက်လာကာ ကမ်းစပ်သို့ ကူးခတ်နေသော လုံကိုင်တပ်ဖွဲ့ဝင်နှစ်ယောက်ဆီသို့ တရကြမ်း လိုက်လာ၏။ လုရီ အံ့သြသွားပြီး ...

"ချောင်းထဲမှာ ငါးမန်းရှိနေပါလား"

ဟု အလန့်တကြား ရေရွတ်လိုက်သည်။ ကျန်းစုက ခေါင်းခါယမ်းလိုက်ကာ ...

"ငါးမန်းမဟုတ်ဘူး ... အဲဒါ လူကွ"

ပြောလိုက်သည်။ လုရီက ရုတ်တရက် ...

"ဘာ ... လူ ... ဟုတ်လား"

နားမလည်ဟန်ဖြင့် မေးလိုက်လေသည်။ ကျန်းစုက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...



"ဟုတ်တယ် ... ရေထဲမှာ ကျင်လည်ကျက်စားတဲ့ လူတစ်ယောက်ရှိတယ်ဆိုတာ မင်းမေ့နေပြီလား"

ထိုစကားကြားရလျှင် လုရီမျက်နှာပျက်သွားကာ ...

"ရေဘုရင်"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ရေထဲမှလူ တစ်ယောက် ဘွားခနဲ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် တစ်ကိုယ်လုံး တဖိတ်ဖိတ်တောက်ပနေသော ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး လက်နှစ်ဖက်တွင် ဆူးချွန်အပြည့်ပါသော လက်နက်နှစ်ခု ကိုင်ဆောင်ထားရှိသည်။

သူ ရေထဲမှ ထွက်ပေါ်လာသောအခါ ကမ်းစပ်သို့ ကူးခတ်နေသော လုံကိုင်တပ်ဖွဲ့နှစ်ယောက်အနီးသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

လုံကိုင်တပ်ဖွဲ့ဝင်နှစ်ယောက်မှာ သူတို့နောက်မှ ကပ်လျက်ပေါ်လာသူကို အထိတ်တလန့်ကြည့်လိုက်စဉ် ရေထဲမှ ပေါ်လာသူ၏ ဆူးချွန်လက်နက်နှစ်ခုက သူတို့အား ထိထိမိမိ ခုတ်ချလိုက်လေသည်။

"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ရေပြင်တွင် သွေးခြင်းခြင်း နီရဲသွား၏။ လှံကိုင်တပ်ဖွဲ့ဝင်နှစ်ယောက် ရေအောက်သို့ စုံးစုံးနစ်မြုပ်သွားကြလေသည်။

ထိုစဉ် ရေထဲမှ ထွက်ပေါ်လာသူက ကုန်းပေါ်သို့ ခုန်တက်လာလေတော့သည်။

'ခွိမ်း'

ကျန်းစုက နန်းစဉ်ဓားကို ဆွဲထုတ်လိုက်သည်။

သူတို့ ထွက်ပြေးသင့်သော်လည်း လူနှစ်ယောက် ရက်ရက်စက်စက် အသတ်ခံလိုက်ရသောကြောင့် ဒေါသခြောင်းခြောင်း ထွက်နေချေပြီ။

ရေထဲမှ တက်လာသူကို သုတ်သင်ပစ်လိုလှ၏။

ကျန်းစုက ဓားကိုင်ပြီး ရှေ့သို့ တိုးသွားမည်အပြုတွင် လုရီက ဟန့်တားလိုက်သည်။

"မသွားနဲ့"

ကျန်းစုက မကျေမနပ်ဖြစ်သွားကာ ...

"တို့လူနှစ်ယောက်ကို သုတ်သင်လိုက်တာ မင်းမတွေ့ဘူးလား"

သူ၏စကားကို လုရီက ဂရုမစိုက်ဘဲ ပတ်ဝန်းကျင်ကို မျက်စိဖွေကြည့်လိုက်ရင်း ...



"သူဟာ ရေဘုရင်ဆိုတာ မင်းမသိဘူးလား၊ ရေဘုရင် လာရင် မီးလျှံဓားသမားလည်း လာလိမ့်မယ်"

ဟု တိုးတိုးကပ်ပြောလိုက်လေသည်။ ကျန်းစု စိတ်ကို ထိန်းချုပ်ထားလိုက်ရ၏။ ထိုစဉ် ...

"ဟား ဟား ဟား ... မင်းတို့ ဘယ်ပြေးမလဲ"

ရယ်မောသံနှင့်အတူ ကျယ်လောင်သောစကားသံ ထွက်ပေါ်လာသော်လည်း လူကိုမူ မတွေ့ရသေးချေ။

ကျန်းစုနှင့်လုရီတို့ ရှာဖွေနေစဉ် ...

'ဝုန်း .. ဝုန်း .. ဝုန်း'

သူတို့ရပ်နေသော မြေကွက်လပ်မှ တဝုန်းဝုန်း ပေါက်ကွဲလာလေသည်။ မြေကွက်လပ်တွင် ယမ်းထုပ်များ ကြိုတင်ဝှက်ထားသည် တကား။

တဝုန်းဝုန်း ပေါက်ကွဲသံများ ဆူညံစွာထွက်ပေါ်လာသလို လှံတပ်ဖွဲ့ဝင်နှစ်ယောက်မှာ မြေပေါ်သို့ လဲကျသွားသည်ကို တွေ့လိုက်ရပြန်သည်။

နောက်ထပ်နှစ်ယောက် အသက်ဆုံးရှုံးသွားကြပြန်ချေပြီ။

ထိုစဉ် သူတို့ရပ်နေသော မြေကွက်လပ်ပတ်ဝန်းကျင်မှ တောက်မီးလျှံများ ဟုန်းခနဲထ၍ တောက်လောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစုနှင့်လုရီတို့ ပြေးပေါက်မရှိတော့ချေ။

လုရီက ကျွန်းစုကို မျက်ရိပ်ပြကာ ကမ်းစပ်တွင်ရပ်နေသော ရေဘုရင်ထံသို့ ခုန်ဝင်သွား၏။

သူတို့နှစ်ယောက် လှုပ်ရှားသည်နှင့် မြေကွက်လပ်တစ်ဖက် တောစပ်မှ မီးတောက်မီးလျှံတစ်ခု လွင့်ပျံလာသည်။

ထိုမီးတောက်မီး လျှံက အခြားမဟုတ်။

မီးစွဲလောင်နေသော ဓားတစ်လက်ကို ကိုင်ဆောင်ထား သည့် အနီရောင်ဝတ်ဆင်ထားသူတစ်ယောက် ဖြစ်ပါသည်။

ထိုလူသည် တဟားဟား ရယ်မောရင်း၊ မြေကွက်လပ် ခုန်ဝင်လာကာ ငေးငိုင်နေသော လုံ့ကိုင်တပ်ဖွဲ့ဝင်များအား တိုက်ခို လိုက်လေသည်။

ကျွန်းစု နန်းစဉ်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း

"တိုက်ကြ"

ဟု အမိန့်ပေးလိုက်သည်။

လုံ့ကိုင်တပ်ဖွဲ့ဝင်များ ချက်ချင်း သတိဝင်လာကာ လုံ့ရှ များဖြင့် မီးလျှံဓားသမားကို တိုက်ခိုက်ကြ၏။

သူတို့ လူများသော်လည်း အနိုင်မရကြချေ။

မီးလျှံဓားသမား၏ မီးစွဲလောင်နေသောဓားနှင့် ပေါက်



ကာ မီးစွဲလောင်စေသော လက်နက်ပုန်းတို့ကြောင့် အရေးနိမ့်နေကြ၏။

ထိုနည်းတူ အလွန်အေးမြသော အအေးဓာတ် ထုတ်လွှတ်ကာ ဆူးချွန်အပြည့်ပါသော ရေဘုရင်၏ လက်နက်သည်လည်း ကျွန်းစုတို့အား ကောင်းစွာ ဒုက္ခပေးနိုင်ခဲ့သည်။

မီးလျှံဓားသမားနှင့် တိုက်ခိုက်နေကြသူများမှာ ပူလောင်ပြင်းပြသော မီးအပူရှိန်ဒဏ်ကို ခံစားနေရသကဲ့သို့ ရေဘုရင်နှင့် တိုက်ခိုက်နေရသူများမှာ ရေခဲတမျှ အေးစက်လှသော အအေးဓာတ် ခံစားနေကြရလေသည်။

မီးလျှံဓားသမားနှင့် ရေဘုရင်တို့သည် မတူညီသော သိုင်းပညာ နှစ်မျိုးဖြင့် ကျွန်းစုတို့လူစုအား အထက်စီးယူကာ ယှဉ်ပြိုင်နေကျ၏။

လုံ့ကိုင်တပ်ဖွဲ့ဝင်များမှာ သိုင်းပညာအလွန်တော်သူများဖြစ်ကြသော်လည်း ရေဘုရင်နှင့်မီးလျှံဓားသမားကိုမူ မနိုင်နိုင်တော့ချေ။

'ဝှန်း'

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး လုံ့ကိုင်တပ်ဖွဲ့ဝင် တစ်ယောက်မှာ တစ်ကိုယ်လုံး မီးစွဲလောင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး ချောင်းရေထဲသို့ ခုန်ချလိုက်လေသည်။

သို့သော် အသက်ဘေးမှ လွတ်မြောက်ခြင်းမရဘဲ ချောင်းရေထဲသို့ကျပြီးနောက် ချောင်းရေထဲသို့စုပ်စုပ်မြုပ်ကာ သေဆုံးသွားလေသည်။ ရေဘုရင်က ချောင်းထဲကျသွားသူနောက်သို့ လိုက်လံ တိုက်ခိုက်ခြင်း မပြုပါချေ။

ကျွန်းစု၏ ဦးခေါင်းထဲသို့ ဝင်ရောက်လာသည်။

ထို့ကြောင့် တိုက်ခိုက်ရင်း လုရီအနီးသို့ ချဉ်းကပ်သွားကာ...

"ဟေ့ လုရီ ... ဆက်တိုက်နေရင် တို့အားလုံး သေကုန်လိမ့်မယ်၊ မင်းနဲ့ငါ လွတ်အောင်ပြေးမှ ဖြစ်မယ်"

ဟု ပြောလိုက်၏။ လုရီက ...

"ကျန်တဲ့လူတွေကော"

ကျွန်းစုက ...

"အားလုံး ကိုယ့်အသက်ဘေး ကိုယ်လွတ်အောင် ပြေးရမှာပဲ၊ သားတော်နှစ်ပါး လွတ်မြောက်ဖို့ထက် ဘာကိုမှ ဂရုစိုက်စရာ မလိုဘူး"

လုရီက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... အခွင့်အရေးရရင် ပြေးကြတာပေါ့"



ကျွန်းစုက အံတင်းတင်းကြိတ်ကာ ရေဘုရင်အား တိုက်ခိုက်လိုက်သည်။ သို့သော် ရေဘုရင် ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်

"အား"

စူးရှစွာ အော်ဟစ်လိုက်ပြီး ချောင်းထဲသို့ ထိုးကျသွားလေသည်။ လုရီ ရင်ထိတ်သွားလေသည်။ ကျွန်းစု ကျဆုံးပြီလားဟု ထင်မိလေသည်။

မည်သို့ဆိုစေ ကျွန်းစုမှ ဒဏ်ရာရချင်ယောင်ဆောင်ထားကာ ကိုယ်လွတ်ရုန်းပြေးပြီဖြစ်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သူလည်း ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ မြေကွက်လပ်သို့ ခုန်ထွက်သွားသည်။

တစ်ဖန် မီးလျှံဓားသမား၏ နောက်ဘက်မှဝင်၍ တိုက်ခိုက်လေသည်။

"သေပေတော့"

မီးလျှံဓားသမားက အော်ငေါက်၍ လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့် ...

'ဝုန်း'

လုရီ၏အင်္ကျီစတွင် မီးစွဲလောင်သွားသည်။

လုရီမှာ ငယ်သံပါအောင်အော်ဟစ်ကာ မြေပေါ်သို့ ခြေ

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကာ ခုန်ထွက်လိုက်လေသည်။ မြေကွက်လပ်တစ်ဖက်စွန်း တောစပ်သို့ရောက်လျှင် မြေပေါ်လူးလိမ့်ကာ စွဲလောင်နေသောမီးကို ငြိမ်းသတ်လိုက်ပြီး တောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

တိုက်ပွဲ ပြီးဆုံးသွားချေပြီ။

မြေပေါ်တွင် လုံကိုင်တပ်ဖွဲ့ဝင်အလောင်းများ အတုံးအရုံးရှိနေ၏။ မီးတောက်မီးလျှံများ တဟုန်းဟုန်း တောက်လောင်နေဆဲ။

လုံကိုင်တပ်ဖွဲ့ဝင်များထံမှ အသက်ရှင်လျက် ရပ်နေသူဟူ၍ တစ်ယောက်မျှ မရှိတော့ပါ။

မီးလျှံဓားသမားနှင့် ရေဘုရင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်လိုက်ကြသည်။ ထို့နောက် ဦးခေါင်းမော့ကာ ပြိုင်တူရယ်မောလိုက်ကြလေသည်။

"ဟား ဟား ဟား"

သူတို့၏ ရယ်မောသံများ ဝန်းကျင်တစ်ခုလုံးသို့ လွင့်ပျံ့သွား၏။ အတန်ကြာ ရယ်မောပြီးမှ ရေဘုရင်က စကားစလိုက်သည်။

"လုံကိုင်တပ်ဖွဲ့ဝင်တွေ ကျော်ကြားတယ်ဆို၊ ကျုပ်တို့နဲ့ တွေ့တော့ ခွေးပြေးဝက်ပြေး ပြေးသွားကြပါလားဗျ"

မီးလျှံဓားသမား ခေါင်းညိတ်ကာ ...

"ဟုတ်တယ်၊ ဒါပေမဲ့ သူတို့လေးယောက် လွတ်သွားတယ်"



ရေဘုရင် မျက်မှောင်ကြုတ်သွားသည်။

"လေးယောက်လွတ်သွားတယ် ... ဟုတ်လား၊ ကျုပ်တွေ့တာ ခင်ဗျားဘက်က ထွက်ပြေးသွားတာ သုံးယောက်ရှိတယ်"

မီးလျှံဓားသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... သုံးယောက်ပါ"

ရေဘုရင်က စူးရှစွာ တစ်ချက်ကြည့်လိုက်ပြီး ...

"ဒါဖြင့် ဘာကြောင့် လေးယောက်လွတ်သွားတယ်လို့ ပြောရတာလဲဗျ"

မီးလျှံဓားသမားက ပြုံးလိုက်ပြီး ...

"ခင်ဗျားဘက်က တစ်ယောက်လွတ်သွားလို့ပေါ့"

ရေဘုရင် မျက်လုံးပြူးကျယ်သွား၏။

"ဘာ ... ကျုပ်ဘက်က တစ်ယောက်လွတ်သွားတယ် ဟုတ်လား"

မီးလျှံဓားသမားက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ် ... ရေထဲခုန်ချပြီး ထွက်ပြေးသွားတာ"

ရေဘုရင်က ချက်ချင်းပင် လိုက်ရန်ပြင်လိုက်သည်။

"ဒါဖြင့် ကျုပ်လိုက်သတ်မယ်"

မီးလျှံဓားသမားက ...

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး"

ရေဘုရင်က မကျေမနပ်ဖြင့် ရေထဲသို့ ခုန်ချမည်အပြုတွင် မီးလျှံဓားသမားက ဟန့်တားထားလိုက်လေသည်။

ရေဘုရင်က ...

"ခင်ဗျားက ဘာဖြစ်လို့ တားထားရတာလဲ၊ တော်တော်ကြာ သူတို့ လွတ်သွားလို့ နယ်စားကြီး ကုန်းချဲ့ကျန်း စိတ်ဆိုးနေလိမ့်မယ်၊ အခု ဘုရင့်သားတော်နှစ်ပါးလုံး လွတ်သွားပြီ မဟုတ်လား"

ရေဘုရင်က နားမလည်ဟန်ဖြင့် ...

"အဲဒါ ဘာဖြစ်လဲ"

မီးလျှံဓားသမားက ...

"ဘာဖြစ်ရမလဲ ... သူတို့ ပြေးစရာ မြေမရှိတော့ဘူး မဟုတ်လား"

ရေဘုရင်သည် မျက်နှာမဲ့လိုက်ပြီး ...

"ကုန်းပေါ်ကပြေးသွားတဲ့ လူသုံးယောက်အတွက် ပြေးစရာ မြေမရှိတာ မှန်ပေမယ့် ရေထဲက လွတ်သွားတဲ့ လူအတွက် ပြေးစရာ ရေရှိတယ်ဗျ၊ ဒီလူ လွတ်သွားနိုင်တယ်"

မီးလျှံဓားသမားက လက်ကာပြလိုက်သည်။

"ဒီအတွက် မပူပါနဲ့၊ သူတို့ လွတ်သွားနိုင်တယ်ဆိုတာ သိလို့



ဒီနယ်မြေတစ်ပိုက်နဲ့ ချောင်းရိုးတစ်ပိုက် ကမ်းပေါ်တက်လာတာနဲ့ အဖမ်းခံရပြီသာ မှတ်ပေတော့ဗျို့"

ထိုစကားကြားရမှ ရေဘုရင် စိတ်သက်သာရာရသွားလေသည်။ မီးလျှံဓားသမားကို စိုက်ကြည့်ကာ ...

"ခင်ဗျားဘက်က ထွက်ပြေးသွားတဲ့လူတွေကော"

မီးလျှံဓားသမားက သဘောကျစွာ ပြုံးလိုက်ပြီး ...

"သူတို့မလွတ်ပါဘူး၊ ရှေ့မှာ ကျုပ်တို့ထက် ကြောက်စရာကောင်းတဲ့ အန္တရာယ်က သူတို့ကို စောင့်ကြိုနေမှာပါ"

ရေဘုရင်မှာ မီးလျှံဓားသမား၏စကားကို သဘောကျသွားသည့်အလား တဟားဟား ရယ်မောလိုက်ပြီး ...

"အမှန်ပဲဗျို့၊ သူတို့ ဘယ်လိုနည်းနဲ့မှ မလွတ်နိုင်ဘူး၊ ဘုရင့်သားတော်နှစ်ပါးစလုံး ကျိန်းသေသေရတော့မှာပဲ၊ ဟား ဟား ဟား"

မီးလျှံဓားသမားကလည်း ရယ်မောလိုက်ပြန်သည်။

ယခု တစ်ကြိမ် သူတို့နှစ်ယောက်၏ ရယ်မောသံများသည် ပို၍ကျယ်လောင်ကာ လေပြည်လေညင်းနှင့်အတူ ပို၍ဝေးသော အရပ်ဆီသို့ လွင့်ပျံ့သွားလေတော့သည်။

✺ ✺ ✺

www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်အသွယ်သွယ်

လုရီ၏တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေသည်။ သူ၏ခြေထောက်တစ်ဖက်မှာ မီးလောင်ခြင်းခံရ၍ ရောင်ကိုင်းနေသည်။ သူက နာကျင်မှုကိုဂရုမစိုက်ဘဲ ရှေ့သို့ အားသွန်ခွန်စိုက် ပြေးသွားလေသည်။

အလွန်အမင်း မောပန်းလာပြီး နောက်ဆုံး ခြေလက်မသယ်နိုင်တော့မှ မြေပေါ်ထိုင်ချလိုက်လေသည်။ သူသည် မည်သည့်နေရာသို့ ရောက်လာမှန်း သတိမမူမိ။

မီးလျှံများသမားနှင့် ရေဘုရင်တို့၏ လက်မှ အသက်လုကာ ထွက်ပြေးခဲ့ရသည် မဟုတ်ပါလား။ ဘုရင့်သားတော်ကလေးမှာ သူ၏ရင်ခွင်အတွင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ။

ကလေးငယ်နိုးလာပြီး ငိုကြွေးနေလျှင် ဒုက္ခရောက်မည်။

ကလေးငိုသံမှာ အဝေးကပင် အတိုင်းသား ကြားရနိုင်သည် မဟုတ်ပါလား။

အိပ်ပျော်နေသော ဘုရင့်သားတော်ကလေးအား ကြည့်ရင်း



လုရီ သက်ပြင်းချမိပြန်သည်။ သူသည် ကြီးမားလှသော တာဝန်ဝတ္တရားကို ထမ်းဆောင်နိုင်ပါမည်လားဟု သံသယဖြစ်လာလေသည်။

ဘုရင့်သားတော်ကလေးအတွက် ဘဝသစ်မစမီ အခက်အခဲအမျိုးမျိုး ကြုံတွေ့ခဲ့ရပြီ မဟုတ်ပါလား။

ဘုရင့်သားတော်ကလေးအား လုံခြုံစိတ်ချရသောနေရာတစ်ခုသို့ ပို့နိုင်မှသာလျှင် စိတ်အေးရပေမည်။

လုရီ အနည်းငယ်အမောပြေလျှင် ထိုင်ရာမှထကာ ဆက်၍ ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ် ခပ်လှမ်းလှမ်းဆီမှ ပြေးလာနေသော ခြေသံများကို ကြားလိုက်ရ၏။

လုရီ မျက်လုံးပြူးကျယ်သွားသည်။

ရန်သူများ လိုက်လာပြီအထင်နှင့် အနီးရှိချုံပုတ်တစ်ခုအတွင်းသို့ တိုးဝင်ပုန်းကွယ်လိုက်လေသည်။

တစ်ညတာ ကုန်ဆုံးအချိန်ဖြစ်၍ အရှေ့ဘက်ဆီမှ ရောင်နီများ ထွက်ပေါ်လာ၏။ လုရီသည် တိတ်တဆိတ် ပုန်းကွယ်နေရာ ခြေသံများက တစ်စထက်တစ်စ ကျယ်လောင်လာပြီး စကားပြောသံများ ထွက်ပေါ်လာသည်ကိုပါ ကြားလိုက်ရလေသည်။

"လုရီ ဒီဘက်ကိုပြေးတာ ကျိန်းသေရဲ့လား"

"သေချာပါတယ် ... တို့ မြန်မြန်လိုက်မှဖြစ်မယ်၊ တော်ကြာ

www.burmeseclassic.com

www.burmeseclassic.com



ရန်သူနဲ့ထပ်တွေ့ရင် သူတစ်ယောက်တည်း ဘုရင့်သားတော်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်မှာ မဟုတ်ဘူး"

စကားသံနှင့်အတူ လူနှစ်ယောက် ခပ်သုတ်သုတ် ပြေးလာနေကြသည်ကို တွေ့လိုက်ရ၏။ ထိုလူနှစ်ယောက်အား တွေ့လိုက်ရလျှင် လုရီ ဝမ်းသာသွားလေသည်။

လာနေသူနှစ်ယောက်သည် သူ့နည်းတူ အသက်ဘေးမှ လွတ်မြောက်လာသည့် လုံကိုင်တပ်ဖွဲ့သားများ ဖြစ်နေသည် မဟုတ်ပါလား။ လုရီသည် ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်ကာ ...

"ဟေ့ သူငယ်ချင်းတို့ ... ကျုပ် ဒီမှာရှိနေတယ်"

သူ့အား အမှတ်မထင် တွေ့လိုက်ရလျှင် လုံကိုင်တပ်ဖွဲ့ဝင်နှစ်ယောက်မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။ ချက်ချင်း ပြေးလာကြပြီး လုရီအား ပွေ့ဖက်နှုတ်ဆက်လိုက်ကြလေသည်။

"လုရီ ... မင်း ဘာမှ မဖြစ်ဘူးနော်"

"ဟေ့ လုရီ ... သားတော်ကြီး အခြေအနေကောင်းရဲ့လား"

လုရီ ခေါင်းညိတ်လိုက်သည်။

"အခြေအနေ ကောင်းပါတယ်ဗျာ၊ ဒါနဲ့ ကျန်တဲ့လူတွေကော"

ထိုလူနှစ်ယောက်၏မျက်နှာ ညှိုးငယ်သွား၏။ ထိုလူနှစ်



ယောက်မှာ ညီအစ်ကိုများ ဖြစ်ကြလေသည်။ တစ်ယောက်မှာ ဝမ်ကြီးဟုခေါ်ပြီး ကျန်တစ်ယောက်၏အမည်မှာ ဝမ်ယုဖြစ်လေသည်။

သူတို့သည် လုံကိုင်တပ်ဖွဲ့သို့ နောက်ဆုံးမှ ဝင်ရောက်လာသူများ ဖြစ်ကြသည်။

ဝမ်ကြီးက အတန်ကြာတွေဝေနေပြီးမှ သက်ပြင်းချကာ ...

"ကျုပ်တို့သုံးယောက်ပဲ အသက်ရှင်ကျန်ခဲ့တာပါ၊ ကျန်တဲ့လူတွေတော့ အသက်စွန့်သွားကြပါပြီ"

သူ၏အသံမှာ စိတ်မကောင်းဟန် အထင်းသား ပေါ်လွင်နေသည်။ ဝမ်ယုက ...

"ကျန်းစုနဲ့ သားတော်ငယ် ဘယ်ရောက်သွားသလဲ မပြောတတ်ဘူး၊ သူ့ အသတ်ခံရတာ မတွေ့ဘူး၊ သူ လွတ်မြောက်သွားနိုင်တယ်"

လုရီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျန်းစုက ဒဏ်ရာရချင်ယောင်ဆောင်ပြီး ရေထဲခုန်ချသွားတာ၊ သူ လွတ်မြောက်သွားမှာ ကျိန်းသေတယ်"

ဝမ်ကြီးနှင့်ဝမ်ယုတို့၏ မျက်နှာ ဝင်းလက်သွားလေသည်။

"ဒီအတိုင်းဆိုရင်တော့ သားတော်နှစ်ပါးစလုံး အသက်ဘေးက လွတ်မြောက်ခဲ့ပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဘုရင်မင်းမြတ်ရဲ့ဘုန်းကံကြောင့် သားတော် နှစ်ပါးဟာ ဘယ်လိုအန္တရာယ်မျိုးမှ မကျရောက် မထိခိုက်နိုင်ပါဘူး"

ဝမ်ကြီးနှင့်ဝမ်ယုတို့သည် လုရီနှင့်သားတော်ကြီး လွတ်မြောက်လာပြီး သားတော်ငယ်နှင့်ကျန်းစုတို့ လွတ်မြောက်သွားကြ သည်ကို သိလိုက်ရသဖြင့် ဝမ်းသာပျော်ရွှင်သွားကြသည်။

ဝမ်ကြီးက မြေပေါ်ထိုင်ချရင်း ...

"တို့တစ်တွေ ကံကောင်းလို့ လွတ်လာကြတာ၊ ရှေ့ခရီး ဆက်ဖို့ မလွယ်ဘူး၊ လုံခြုံစိတ်ချရတဲ့နေရာမှာ ပုန်းခိုနေကြရင် ကောင်းမယ်၊ နောက်ကလိုက်ရှာတဲ့လူတွေ လက်လျှော့သွားတဲ့အခါ လိုရာသွားကြတာပေါ့"

ဝမ်ယုက လုရီကိုကြည့်ကာ ...

"မင်း ... ဘယ်ကိုသွားမယ် စိတ်ကူးထားလဲ"

"ခားရဲတိုက်ပိုင်ရှင် လုကျင်းရယ်ဆီကိုသွားမယ်၊ သား သားတော်ကြီးကို စောင့်ရှောက်နိုင်မယ့်လူဆိုလို့ သူတစ်ယောက်ပဲ မြင်မိ တယ်ကွာ"

ဝမ်ကြီးနှင့်ဝမ်ယုတို့က မကန့်ကွက်ကြ။ လုရီသည် စေ့စပ် သေချာမှု အစဉ်အမြဲ ရှိနေတတ်ကာ ပိုင်နိုင်စွာ စဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ကိုင်တတ်သူဖြစ်ကြောင်း သူတို့သိထားလေသည်။



ဝမ်ကြီးက အတန်ကြာ တိတ်ဆိတ်နေပြီးမှ လုရီကို ကြည့် ကာ မေးခွန်းထုတ်လိုက်လေသည်။

"လုကျင်းရယ်က နယ်စားကြီးကုန်းချဲ့ကျန်းတို့ စပြီး ပုန်ကန် ခြားနားတဲ့အခါ ဘုရင်မင်းမြတ်ဆီကို သဝဏ်လွှာတစ်ခုပို့ခဲ့သေးတယ် မဟုတ်လား၊ နောက်ပိုင်းမှ သူက ကုန်းချဲ့ကျန်းနဲ့ ပူးပေါင်းခဲ့တာပဲ"

"ဟုတ်တယ်"

"အဲဒီသဝဏ်လွှာက ဘာလဲ၊ ဘာတွေရေးထားတာလဲ"

"လျှို့ဝှက်အဆောင်မှူးရဲ့ ပြောပြချက်အရတော့ လုကျင်း ရယ်ဟာ ဘုရင်မင်းမြတ်အပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူးလို့ သိရတယ်၊ အရေးအကြောင်းကြုံရင် တတ်နိုင်တဲ့ဘက်က ကူညီပံ့ပိုး မယ်လို့ ကတိပေးထားတယ်"

လုရီက စကားကို ခေတ္တရပ်နားလိုက်လေသည်။ ခဏကြာ မှ သူ၏စကား ဆက်လိုက်၏။

"ပြီးတော့ သူ့ဆီက အကူအညီလိုတဲ့အခါ ခားရဲတိုက်ရဲ့ တောင်ဘက် နှစ်မိုင်လောက်အကွာမှာရှိတဲ့ ချောင်းက တစ်ဆင့် လျှို့ ဝှက်တူးဖော်ထားတဲ့ ဥမင်လှိုဏ်ခေါင်းကို အသုံးပြုပြီး လာခဲ့ဖို့ ရေး ထားတယ်"

လျှို့ဝှက်အဆောင်မှူးသည် ဘုရင်မင်းမြတ်၏ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမှု ခံရကာ လျှို့ဝှက်ကိစ္စရပ်များကို ဘုရင်းမင်းမြတ်က အသိပေး ဆွေးနွေးတိုင်ပင်တတ်သည်။

အလွန်ထူးဆန်းသော အဖြစ်အပျက်များဆိုလျှင် လျှို့ဝှက်အဆောင်မှူးက ကျန်းစု၊ လုရီတို့နှင့်တိုင်ပင်ကာ အကြံဉာဏ်တောင်း ခံတတ်လေသည်။

ယခုလည်း ဓားရဲတိုက်ပိုင်ရှင် လုကျင်းရယ်မှာ ဘုရင်းမင်းမြတ်အပေါ် အလွန်သစ္စာရှိသူဖြစ်ကြောင်း လျှို့ဝှက်အဆောင်မှူးထံမှ တစ်ဆင့် သိခဲ့ရခြင်းဖြစ်၏။

ထို့ကြောင့် လုရီက ဓားရဲတိုက်သို့သွားရန် ဆုံးဖြတ်ထားခြင်း ဖြစ်သည်။ ဝမ်ယုက ရှေ့ဘက်ဆီသို့ လှမ်းမျှော်ကြည့်ရင်း ...

"အင်း ... တို့ရောက်နေတဲ့နေရာက ဓားရဲတိုက်နဲ့ တော်တော် အလှမ်းကွာဝေးနေပြီး ရှေ့ဆက်သွားရင် ပြည်မကို ရောက်လိမ့်မယ်"

"ဘာ"

သူ၏စကားကြောင့် လုရီ အထိတ်တလန့် ထခုန်မိလေသည်။ ဝမ်ယုသည် လှံကိုင်တပ်ဖွဲ့ဝင် တစ်ဆယ့်ငါးယောက်အနက် အရပ်လေးမျက်နှာနှင့် ရာသီဉတု ခန့်မှန်းရာတွင် အတော်ဆုံး လူတစ်ယောက် ဖြစ်၏။ ဝမ်ယု ပခုံးတွန့်ကာ ...



ကျိုရန်ကိုးမှာ လူလေးယောက်အလယ်တွင် အလူးအလဲ ခံနေရလေသည်။

လူလေးယောက်ကလည်း ကျိုရန်ကိုးအား မညှာမတာ ထိုးကြိတ်ကန်ကျောက်ကြလေသည်။

ထို့ကြောင့် တစ်ခဏအတွင်း ကျိုရန်ကိုး၏မျက်နှာမှာ ညိုမည်း ရောင်ကိုင်းလာတော့၏။

ကျိုရန်ကိုးမှာ လူပျော့လူညံ့တစ်ယောက်အလား ပြန်လည်ခုခံခြင်းမပြုဘဲ လွတ်လမ်းရှာကြံကာ ထွက်ပြေးနေ၏။

သို့သော် သူသည် လေးယောက်လက်မှ မလွတ်နိုင်ချေ။

ကုန်းချို့ကျန်း မျက်မှောင်ကြုတ်သွားလေသည်။

ကျိုရန်ကိုးကိုကြည့်ရင်း သူ၏မျက်လုံးများတွင် အံ့ဩသော အရိပ်အယောင်များ ထွက်ပေါ်နေ၏။

အတန်ကြာလျှင် လက်တစ်ဖက် ဝှေ့ယမ်းပြလိုက်၏။

ထိုအခါ ဝိုင်း၍ထိုးကြိတ်ကန်ကျောက်နေသူများ ချက်ချင်း နောက်ဆုတ်သွားကြ၏။

ကျိုရန်ကိုးမှာ ကြမ်းပြင်ပေါ်လဲကာ ကျန်ရစ်သည်။

သူသည် ကြိုးစား၍ လူးလိမ့်ထရင်း အနီးရှိ တိုင်တစ်တိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



မှိုကာ ရပ်နေသည်။

ထိုစဉ်မှာပင် ...

"သေပေတော့"

ကျယ်လောင်သော အော်ငေါက်သံနှင့်အတူ ကုန်းချဲ့ကျန်းလေထဲသို့ ထိုးတက်ရင်း ကျိုရန်ကိုးအား ခုန်အုပ်လိုက်လေ၏။

ကျိုရန်ကိုး ရင်ထိတ်သွားသည်။

ကုန်းချဲ့ကျန်းက သူ့အား အသေသတ်ရန် ကြိုးစားနေပေပြီ။ သူက ပြန်လည်တိုက်ခိုက်ရမည်လား။

"မလုပ်ပါနဲ့"

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အသံကုန်အော်ဟစ်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်လေသည်။

ကျိုရန်ကိုး၏အပြုအမူမှာ သူရဲဘောကြောင်သူတစ်ယောက်၏ အပြုအမူမျိုး ဖြစ်နေ၏။

ကုန်းချဲ့ကျန်း၏ သံမဏိလက်ချောင်းများမှာ သူ၏လည်ပင်းအား ထောက်မိသွားလေ၏။

သို့သော် ထိုးသွင်းလိုက်ခြင်း မရှိချေ။

ကျိုရန်ကိုးက ကြောက်ရွံ့တုန်လှုပ်သောလေသံဖြင့် ...



မဟုတ်ပါလား။

လုရှီတို့သုံးယောက်သည် မည်သည့်နေရာသို့ ရောက်မှန်းပေါက်မှန်းမသိ။ ရှေ့သို့သာ တစ်သွားတည်း သွားနေကြသည်။ မကြာပါချေ။ သူတို့သုံးယောက် တောအုပ်လေးကို လွန်မြောက်လာသည်။

တောအုပ်မှထွက်၍ မညီညာမှသာ လမ်းကွေ့ကလေး တစ်ခုသို့ရောက်လျှင် ရှေ့မှ သူတို့အား အသင့်စောင့်ကြိုနေသော လူတစ်စုကို တွေ့လိုက်ရ၏။

လုရှီ၏ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားသည်။

မမျှော်လင့်ဘဲ တွေ့လိုက်ရသော လူစုမှာ နယ်စားကြီး ကုန်းချဲ့ကျန်း၏စစ်သည်တော်များ ဖြစ်နေကြသည် မဟုတ်ပါလား။

ဝမ်ကြီးနှင့်ဝမ်ယုတို့မှာ မျက်နှာပျက်သွားကြ၏။

ထိုစဉ် ရှေ့မှ စောင့်ကြိုနေသော လူစုအတွင်း ဝေါစင်တစ်ခု ပါလာသည်ကို တွေ့ လိုက်ရ၏။

ထိုဝေါစင်ပေါ်တွင် အသက်သုံးဆယ်ကျော် လေးဆယ်နီးပါး လူတစ်ယောက် အခန့်သား ထိုင်နေပါသည်။

ထိုလူမှာ အနီရောင်ဝတ်ရုံတစ်ထည်လွှမ်းခြုံထားကာ ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ကျယ်ပြန့်သော နဖူး၊ ချိုင့်ဝင်နေသော နားထင်၊ ကောက်

www.burmeseclassic.com

www.burmeseclassic.com



ကွေ့သော နှာခေါင်း၊ ပြူးကျယ်သော မျက်လုံးများကြောင့် အရုပ်ဆိုး၍ ကောက်ကျစ်စဉ်းလဲသူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

ထိုလူအား တွေ့လိုက်ရသည်နှင့် လုရီတို့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားကာ ...

"နယ်စားကြီး ကုန်းချဲ့ကျန်း"

သုံးယောက်သား သံပြိုင်ရွတ်လိုက်မိသည်။

နယ်စားကြီးကုန်းချဲ့ကျန်းကား ထွက်ပြေးသွားသော လုရီတို့လူစုနောက်သို့ ကိုယ်တိုင်ကိုယ်ကျ လိုက်လာခဲ့ပြီ ဖြစ်ပါသည်။

လုရီ၏ရင်ထဲ၌ ဒေါသလှိုင်းတံပိုး အလိပ်လိုက် အလိပ်လိုက် ထလာသည်။ ဘုရင်မင်းမြတ်အား တော်လှန်ပုန်ကန်သော တရားခံ အစစ်အမှန်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပြီ မဟုတ်ပါလား။

လုရီက အံကြိတ်ရင်း ...

"ခင်ဗျားကိုယ်တိုင် လိုက်လာတာကိုး၊ အတော်ပဲ ... ကျုပ်တို့ကလည်း ခင်ဗျားကို တွေ့ချင်နေတာ၊ ပုန်ကန်ခြားနားတဲ့လူအတွက် အပြစ်ဟာ သေဒဏ်ပဲ၊ ဘုရင်မင်းမြတ်ကိုယ်စား သားတော်ကြီးက ခင်ဗျားကို သေဒဏ်ပေးလိမ့်မယ်"

သူ၏စကားကြားလျှင် ကုန်းချဲ့ကျန်း အားရပါးရ ရယ်မောလိုက်လေသည်။



"ဟား ဟား ဟား"

သူ၏ရယ်မောသံကို ကြားရခြင်းဖြင့် အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း သိသာနိုင်သည်။ ကုန်းချဲ့ကျန်းက ရယ်မောရင်း ဝေါစင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

မြေပေါ်သို့ ခြေချမိလျှင် လုရီတို့နှင့် မျက်နှာချင်းဆိုင်လိုက်ကာ ...

"သားတော်ကြီး ဘယ်မှာလဲ"

လုရီနောက်သို့ မသိမသာ ခြေလှမ်းဆုတ်သွားမိ၏။ ကုန်းချဲ့ကျန်းက ရှေ့တိုးလာပြီး ...

"မင်းတို့ မသေချင်ရင် သားတော်ကြီးကို ကျုပ်လက်ထဲ အပ်ပါ၊ မင်းတို့ ထွက်ပြေးလို့လည်း လွတ်မှာမဟုတ်ဘူး"

မှန်ပါသည်။ နယ်စားကြီး ကုန်းချဲ့ကျန်း၏လူများက လုရီတို့အား ဝန်းရံထားပြီး ဖြစ်လေသည်။ လုရီက အံတင်းတင်းကြိတ်ကာ

"ခင်ဗျားတို့လူများတိုင်း ကျုပ်တို့ကို အနိုင်ရမယ် ထင်သလား ... ဝေးပါသေးတယ်၊ ခင်ဗျားတို့ကို တစ်ယောက်မကျန် သတ်ပစ်မယ်"

သူ၏ကြုံးဝါးသံ ဆုံးသွားသည်နှင့် ကုန်းချဲ့ကျန်းက သရော်ကျစွာ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ကျုပ်တစ်ယောက်တည်းနဲ့ မင်းတို့သုံးယောက်ကို အနိုင်ယူပြမယ်"

စကားဆုံးလျှင် လေးညို့မှ ပစ်လွှတ်လိုက်သည့် မြားတစ်စင်းပမာ လုရီထံသို့ ခုန်ဝင်လာလေသည်။

လုရီက နောက်ဆုတ်ရှောင်တိမ်းခြင်း မပြုပါချေ။

လှံရှည်ကို ဝှေ့ယမ်းရင်း ထိုးသွင်းလိုက်၏။

ကုန်းချဲ့ကျန်း ရှောင်တိမ်းခြင်းမပြုက သေဆုံးသွားလိမ့်မည်ဟု ယုံကြည်ထားလေသည်။

ကုန်းချဲ့ကျန်း စတင်တိုက်ခိုက်လာသည်နှင့် ဝမ်ကြီးနှင့် ဝမ်ယုတို့လည်း မနေနိုင်ကြတော့ချေ။ လှံရှည်ကို ကိုယ်စီဆွဲကိုင်ကာ

"ယား"

ကျယ်လောင်သောဩသံများ ပေးလိုက်ကြပြီးလျှင် ကုန်းချဲ့ကျန်းအား ညှပ်ပူးညှပ်ပိတ် ဝိုင်း၍တိုက်လိုက်လေသည်။

သူတို့သုံးယောက် ဝိုင်း၍ တိုက်ခိုက်ကြသော်လည်း နံဘေးမှ ဝိုင်းရံထားသူများမှာ ကုန်းချဲ့ကျန်းကို ဝင်၍ကူညီခြင်း မရှိချေ။

ကုန်းချဲ့ကျန်းက အနိုင်ရရှိမည်ဟု ယုံကြည်ကာ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေကြလေသည်။

လုရီ၊ ဝမ်ကြီးနှင့် ဝမ်ယုတို့မှာ လှံရှည်ကိုယ်စီကိုင်ကာ ပြင်း



ပြင်းထန်ထန် တိုက်ခိုက်လိုက်ကြသည်။ သူတို့ တိုက်ခိုက်သည်မှာ အကွက်စေ့ပြီး လျင်မြန်လှသောကြောင့် တော်ရုံတန်ရုံလူဆိုလျှင် တစ်ခဏအတွင်း လဲကျသေဆုံးသွားနိုင်လေသည်။

နယ်စားကြီး ကုန်းချဲ့ကျန်းမှာ မီးလျှံဓားသမား၊ ရေဘုရင်တို့ထက် ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်နေချေပြီတကား။

သူသည် လုရီတို့ ဝိုင်းရံတိုက်ခိုက်မှုကို ကိုယ်နေဟန်အမျိုးမျိုးဖြင့် ရှောင်တိမ်းပေးပြီး ပြန်လည်တိုက်ခိုက်ခြင်း မပြုပါ။

ထို့ကြောင့် တစ်ချိန်တွင် လုရီ၏လှံရှည်က သူ၏ အနီရောင်ဝတ်ရုံကို ထိုးဖောက်မိကာ စုတ်ပြဲသွားစေခဲ့သည်။

ကုန်းချဲ့ကျန်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"မင်းတို့ သေချင်ကြပြီကိုး"

အော်ငေါက်ရင်း ဝတ်ရုံကို ချွတ်ချလိုက်သည်။

တစ်ဆက်တည်းပင် ဝဲဘက်လက်တွင် စွပ်ထားသော လက်အိတ်ကိုလည်း ဆွဲ ချွတ်လိုက်လေသည်။

ကုန်းချဲ့ကျန်း၏ ဝဲဘက်လက်၊ လက်ကောက်ဝတ်နေရာမှ တိတိရိရိ ပြတ်နေ၏။ ပြတ်နေသောလက်ကို သံမဏိလက်ဝါးတစ်ခုကို ကွင်းဖြင့် ချိတ်ဆက်ထားသော လက်ချောင်းနှစ်ချောင်း ရှေ့သို့ ညွှန်နေ [illegible] ထားဖြင့် ရှေ့သို့ထိုးထွက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြည့်လျှင် လက်ပြတ်နေသည်ကို မမြင်ရဘဲ လက်ညှိုးလက်ခလယ် နှစ်ချောင်းက ရှေ့သို့ဆန့်ထုတ်ကာ ကိုက်ခိုက်ရန် အသင့်ပြင်ထားသည်ဟုသာ တွေ့ရပေသည်။

သံမဏိလက်ချောင်းကလေးများကို တွေ့ရလျှင် လုရီ၊ ဝမ်ကြီးနှင့်ဝမ်ယုတို့ ထိတ်လန့်ကာ နောက်ဆုတ်သွားကြသည်။

ကုန်းချဲ့ကျန်းသည် ယင်းသံမဏိလက်ချောင်းကလေးများဖြင့် တာလီပြည်မှ ကျော်ကြားသောစစ်သူကြီးများ၊ သိုင်းဆရာများကို ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူခဲ့သည် မဟုတ်ပါလား။

ကုန်းချဲ့ကျန်း သဘောကျစွာပြုံးရင်း ...

"ကျုပ်ရဲ့ သံမဏိလက်ချောင်းသိုင်းပညာကို မင်းတို့ ရင်ဆိုင်နိုင်ပါ့မလား"

လုရီက မျက်နှာမဲ့လိုက်သည်။ စကားတစ်လုံးမျှ မပြောဘဲ လှံရှည်ကို ဝှေ့ယမ်းကာ ကုန်းချဲ့ကျင်းထံသို့ ပြေးဝင်သွားလေသည်။

ဝမ်ကြီးနှင့်ဝမ်ယုတို့ကလည်း တုံ့ဆိုင်းမနေဘဲ ပြိုင်တူ ဝင်တိုက်လိုက်ကြသည်။ ယခုတစ်ကြိမ် သူတို့သုံးယောက်စလုံး အစွမ်းရှိသမျှ အားကုန်ထုတ်သုံး၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ကုန်းချဲ့ကျန်းက တဟားဟားရယ်မောကာ ...

"လာကြ လာကြ ... မင်းတို့သုံးယောက် တစ်ပြိုင်နက်



တည်းဝင်လာတော့ အချိန်ကုန်သက်သာတာပေါ့"

ပြောပြီး တိုးဝင်လာသော လှံရှည်များကို သံမဏိလက်ဝါးဖြင့် ခုခံပေးလိုက်သည်။ တစ်ဖန် သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် ညှပ်ကာ ချိုးပစ်လိုက်သည်။

'ဖြောင်း'

အသံများ ထွက်ပေါ်လာပြီး ဝမ်ကြီးနှင့်ဝမ်ယုတို့၏ လက်ထဲမှ လှံတံများ ထက်ပိုင်းကျိုးသွားကြ၏။

ဝမ်ကြီးနှင့်ဝမ်ယုတို့ ရင်ထိတ်သွားပြီး နောက်သို့ခုန်ဆုတ်ရန် ဟန်ပြင်လိုက်ကြလေသည်။ ထိုစဉ် ကုန်းချဲ့ကျန်းက ...

"မင်းတို့ ပြေးလို့လွတ်မယ်တဲ့လား"

ရှေ့သို့ခုန်တိုးကာ လက်နှစ်ဖက်ဖြင့် သွက်လက်စွာ တိုက်လိုက်လေသည်။

'[illegible]ား'

'အွန့်'

ဝမ်ကြီးနှင့်ဝမ်ယုတို့ နှစ်ယောက်စလုံး မဟန်နိုင်ဘဲ အရှိန်ဖြင့် လွင့်စဉ်သွားကာ မြေပေါ်သို့ လဲကျသွားကြလေသည်။

လုရီ မျက်လုံးပြူးကျယ်သွားသည်။

ကုန်းချဲ့ကျန်းကို မယုံကြည်နိုင်အောင် ငေးကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချဲ့ကျန်းက သူ့အား စိုက်ကြည့်ကာ ...

"ကျုပ်ကို ဒူးထောက်တောင်းပန်ပြီး သားတော်ကြီးကို အပ် မယ်ဆိုရင် မင်း အသက်ချမ်းသာပေးမယ်"

လုရီမှာ အတန်ကြာ စဉ်းစားနေ၏။

တစ်ခဏအကြာတွင် မည်သို့စိတ်ကူးပေါက်သွားသည် မသိ၊ မြေပေါ်သို့ ဒူးထောက်ချလိုက်သည်။

"ခွင့်လွှတ်ပါ နယ်စားကြီး"

ပြောရင်း လျှပ်တစ်ပြက် မြေပေါ်မှခုန်ထကာ လှံရှည်ဖြင့် ကုန်းချဲ့ကျန်း၏ရင်ဝသို့ တည့်မတ်စွာ ထိုးသွင်းလိုက်လေသည်။

ကုန်းချဲ့ကျန်းသည် လုရီ ဒူးထောက်တောင်းပန်နေသည်ကို တွေ့ရလျှင် လွန်စွာ သဘောကျသွားသည်။

မည်မျှပင် အစွမ်းထက်မြက်သူဖြစ်နေပါစေ နောက်ဆုံး သူ ၏ရှေ့တွင် ဒူးထောက်ရမည်ဟု ယုံကြည်ထားသည်။ သူသည် ခြေ ကားရပ်၍ လက်နှစ်ဖက်ပိုက်ကာ သဘောကျစွာ ရယ်မောနေသည်။

ထိုတဒင်္ဂအချိန်အတွင်း မထင်မှတ်သော ပြောင်းလဲမှု ဖြစ် ပေါ်လာပြီး လုရီက ခုန်ထတိုက်ခိုက်လာခြင်း ဖြစ်ပါသည်။

လုရီ၏တိုက်ခိုက်မှုမှာ ပစ်မှတ်ကို တိတိကျကျ ထိမှန်သွား သည်ဟု ဆိုရပေမည်။



သူ၏လှံထိပ်ဖျားသည် ကုန်းချဲ့ကျန်း၏ ရင်ဝတည့်တည့်ကို စိုက်ဝင်သွား၏။ သို့သော် ကုန်းချဲ့ကျန်း၏ အသားအတွင်းသို့ သူ့လှံ သွား စူးဝင်နစ်မြုပ်ခြင်း မရှိပါချေ။

အားမာန်အပြည့်နှင့် တိုက်ခိုက်လိုက်၍ ကုန်းချဲ့ကျန်းကို ခြေတစ်လှမ်းသာ နောက်ဆုတ်သွားစေခဲ့သည်။

ကုန်းချဲ့ကျန်း၏မျက်နှာ မည်းမှောင်သွားပြီး ...

"ကျုပ်သာ ကောင်းကင်က နဂါးသားရေအင်္ကျီ ကြိုတင် ဝတ်မထားရင် မင်းရဲ့လှံချက်နဲ့ ခုဆို သေရလောက်ပြီပေါ့၊ ကဲ ... မင်း နောက်ထပ် ကြိုးစားချင်သေးသလား"

လုရီ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ကောင်းကင်နဂါးသားရေအင်္ကျီ ဝတ်ထားလျှင် ဓားလှံလက် နက်များ တိုးမပေါက်ကြောင်း ရှေးမဆွကပင် သူကြားဖူး၏။

ယခု ကုန်းချဲ့ကျန်းသည် ကောင်းကင်နဂါးသားရေကို ရရှိ ထားချေပြီ။ သူ့အား မည်သို့ လုပ်ကြံရတော့မည်နည်း။

လုရီ ငေးငိုင်နေစဉ်မှာပင် ကုန်းချဲ့ကျန်းက ...

"သေပေတော့"

လက်တစ်ဖက်က လုရီ၏လှံတံကို ဖမ်းဆွဲထားလိုက်ပြီး ရှေ့ သို့ တစ်ဖန် ဆောင့်ဆွဲလိုက်သည်။ သူက အားဖြင့်ဆွဲလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လှံကိုင်ထားသော လုရီမှာ ရှေ့သို့ ငိုက်ကျသွားသည်။

ထိုအခါ ကုန်းချဲ့ကျန်းက သံမဏိလက်ချောင်းဖြင့် လည်ပင်းဆီသို့ ထိုးသွင်းလိုက်၏။ လုရီ ချက်ချင်း သတိဝင်လာပြီး ခန္ဓာကိုယ်တိမ်းကာ ရှောင်လိုက်သည်။ တစ်ဖန် လှံရှည်ကို အားကုန်ဆွဲကာ ခုခံတိုက်ခိုက်လိုက်လေသည်။

ကုန်းချဲ့ကျန်းက လုံးဝရှောင်တိမ်းခြင်းမပြုဘဲ လုရီ၏ လှံရိုးကို သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် သွက်လက်စွာ ညှပ်ထားလိုက်သည်။

လုရီက အားကုန်ဆွဲယူသလို သူက လက်နှစ်ချောင်း ကန့်လန့်ဖြတ်အနေအထားဖြင့် ခိုင်မြဲစွာ ညှပ်ထားလေသည်။

လုရီ၏နဖူးပေါ်တွင် ချွေးများ စို့ရွှဲလာသည်။

ထိုစဉ် ကုန်းချဲ့ကျန်းက တဟားဟား ရယ်မောလိုက်ပြီး လက်ချောင်းနှစ်ချောင်းတွင် အားစိုက်ကာ လှံရိုးကိုညှပ်၍ လိမ်ချိုးလိုက်လေ၏။

'ဖြောင်း'

လှံရိုးကျိုးသွားသည်နှင့် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ သံမဏိလက်ချောင်းနှစ်ချောင်းဖြင့် လုရီ၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ယခုတစ်ကြိမ် လုရီ ရှောင်တိမ်းနိုင်ခြင်း မရှိတော့ချေ။



ရင်ဝတွင် စလွယ်သိုင်းထားသော သားတော်ကြီးမှာ သေဆုံးရတော့မည်။ လုရီ ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာချလိုက်ပြီး မျက်စိစုံမှိတ်ကာ ခန္ဓာကိုယ် ချာခနဲ လှည့်လိုက်သည်။

ထို့ကြောင့် ကုန်းချဲ့ကျန်း၏ သံမဏိလက်ချောင်းနှစ်ချောင်းမှာ သားတော်ကြီးအစား လုရီ၏နောက်ကျောသို့ ထိုးစိုက်မိသွားလေတော့သည်။

"အား"

စူးရှကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။ လုရီ၏ ကျောပြင်တစ်ခုလုံး သွေးခြင်းခြင်းနီရဲသွားပြီး မြေပေါ်သို့ လဲကျသွားတော့သည်။

သူသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသော်လည်း ရင်ခွင်တွင်းမှ သားတော်ကြီး ထိခိုက်ဒဏ်ရာမရစေရန် မြေကြီးပေါ်သို့ လက်နှစ်ဖက်ထောက်ကာ အကာအကွယ် ပြုထားလိုက်၏။

လုရီ သားတော်ကြီးကို ကာကွယ်နေကြောင်း ကုန်းချဲ့ကျန်း သိပါသည်။ ထို့ကြောင့် လုရီအနီးသို့ တစ်လှမ်းချင်း တိုးကပ်သွားကာ

"မင်း သေရတော့မှာပဲ၊ သားတော်ကြီးကို အကာအကွယ် ပေးနေလို့လည်း အပိုပဲ"

ပြောရင်း လုရီကို နောက်ထပ်တိုက်ခိုက်ရန် ဟန်ပြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုစဉ်မှာပင် မြေပေါ်လဲကျနေသော ဝမ်ကြီးနှင့်ဝမ်ယုတို့ ကြိုးစားခုန်ထလာကြသည်။ တစ်ဆက်တည်းပင် ကျယ်လောင်စွာ အော်ဟစ်ကာ ကုန်းချဲ့ကျန်းအား ပြေးဖက်ထားလိုက်ကြလေသည်။

ကုန်းချဲ့ကျန်းမှာ သူတို့လက်မှ ရုတ်တရက် ရုန်းထွက်၍ မရဘဲ ဖြစ်သွား၏။

"လုရီ ... ပြေး ပြေး ... မြန်မြန်ပြေး"

ဝမ်ကြီးနှင့်ဝမ်ယုတို့သည် လုရီနှင့်သားတော်ကြီး လွတ်မြောက်သွားစေရန် အသက်စွန့်ကာ ကာကွယ်ဟန့်တားနေခြင်း ဖြစ်ပါသည်။

လုရီက အခြေအနေကို သဘောပေါက်ကာ အံကြိတ်လိုက်ပြီး မြေပေါ်မှ လူးလိမ့်ထလိုက်သည်။ ထို့နောက် အားကုန်ထုတ်ကာ တောအုပ်ထဲသို့ တစ်ချိုးတည်း ပြေးဝင်သွားလေတော့သည်။

✻

ချောင်းရေ တသွင်သွင် စီးနေသည်။

ကျန်းစုမှာ လက်မောင်းတွင် ရှပ်၍ ဒဏ်ရာရရှိခဲ့ပါသည်။

သို့သော် သူက အမှုမထားဘဲ ဘုရင့်သားတော်အား လက်



တစ်ဖက်ဖြင့် ရင်ခွင်အတွင်းမှထုတ်ယူကာ ကျောပေါ်သို့တင်လိုက်၏။

ဘုရင့်သားတော်ငယ် ဦးခေါင်းပေါ်ရုံမျှသာ ချောင်းရေထဲတွင် ဖော်ထားလိုက်ပြီး သူကမူ ရေငုပ်ကာ ကူးခပ်သွားလေသည်။

လုံကိုင်တပ်ဖွဲ့ဝင်များအနက် လုရီမှာ အလွန်အပြေးသန်သူ တစ်ယောက်ဖြစ်သလို ကျန်းစုမှာ ရေကူးအကျွမ်းကျင်ဆုံး ဖြစ်၏။

ထို့ကြောင့် ကျန်းစုက ချောင်းထဲသို့ တမင်ခုန်ချလိုက်ခြင်း ဖြစ်သည်။

သူ ချောင်းထဲသို့ရောက်လျှင် ရေဘုရင် လိုက်လာခြင်းမရှိဘဲ ကမ်းပေါ်တွင် လုံကိုင်တပ်ဖွဲ့ဝင်များနှင့်တိုက်ခိုက်ကာကျန်ရစ်ခဲ့သည်။

သူသည် ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ခပ်သွက်သွက် ရေကူးပြေးခဲ့၏။ အတန်ကြာ ကူးခတ်ခဲ့ပြီး မောပန်းလာလျှင် ကိုယ်ဖော့ကာ ရေစီးအတိုင်း မျှောလိုက်သွား၏။

ယင်းသို့ ချောင်းရေစီးအတိုင်း စုန်သွားရာ အချိန်များ တစ်စထက်တစ်စ ကုန်ဆုံးသွားပြီး ကောင်းကင်ပေါ်တွင် ရောင်နီများ ပျို့အန်လာသည်ကိုပင် တွေ့လိုက်ရသည်။

မကြာခင် မိုးစင်စင်လင်းပေတော့မည်။

တစ်ညလုံး ရေကူးခဲ့ရသောကြောင့် ကျန်းစု အလွန်မောပန်း နွမ်းနယ်နေ၏။ ရေဘုရင်နှင့် မီးလျှံဓားသမားတို့၏ရန် ကင်းလွတ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆကာ ချောင်းကမ်းပါးစပ်သို့ တရွေ့ရွေ့ ကူးခတ်သွားသည်။

ကမ်းပေါ်သို့တက်ကာ အမောအပန်းဖြေပြီးမှ ခရီးဆက်ရန် ဆုံးဖြတ်ထားသည်။ သို့သော် ကမ်းစပ်အနီးသို့ရောက်လျှင် မသဲမကွဲ အလင်းရောင်အောက်တွင် တိတ်ဘာတိတ် လှုပ်ရှားသွားလာနေသူများ ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ကျွန်းစု ရင်ထိတ်သွား၏။

သူသည် အမြင်သန်လှသူ တစ်ယောက်ဖြစ်၍ ချောင်းကမ်းပါးတွင် လှုပ်ရှားသွားလာနေသူများမှာ နယ်စားကြီးကုန်းချို့ကျွန်း၏ စစ်သည်တော်များ ဖြစ်ကြသည်ကို သတိပြုမိသည် မဟုတ်ပါလား။

ကျွန်းစု ကမ်းပေါ်သို့ တက်ရန် စိတ်မကူးမိတော့ချေ။ ကံအားလျော်စွာ ရေစီးနှင့်အတူ မျောပါလာသော သစ်ကိုင်းတစ်ခုကို တွေ့၍ သစ်ကိုင်းအား ဖက်ကာ ရေနှင့်အတူ ဆက်၍မျောသွားသည်။

သစ်ကိုင်းပေါ်တွင် မြားသုံးလေးစင်း စိုက်ဝင်နေသည်ကို တွေ့ရသောကြောင့် ကုန်းချို့ကျွန်း၏လူများက ချောင်းရိုးတစ်လျှောက် စောင့်ကြပ်နေပြီး လွတ်မြောက်သူများအား သုတ်သင်ရန် အသင့်ပြင်ထားကြကြောင်း သိရပြန်သည်။

ချောင်းရေတွင် မျောလာသော သစ်ကိုင်းကိုပင် မြားပစ်ခတ်ခဲ့သောကြောင့် လုံကိုင်တပ်ဖွဲ့ဝင်များ လွတ်မြောက်မသွားစေရန် သေသေချာချာ စီစဉ်ထားကြောင်း သိသာနိုင်သည်။



အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

နေဝန်းနီသည် ကောင်းကင်ပေါ်တွင် တစ်စထက်တစ်စ မြင့်တက်လာပြီး အလယ်ဗဟိုသို့ပင် ရောက်ရှိလာချေပြီ။

နေမွန်းတည့်ချိန်ရောက်လျှင် ကျွန်းစုမှာ နေပြည်တော်နှင့် အလွန်ဝေးကွာသော နေရာတစ်ခုသို့ ရောက်လာ၏။

ချောင်းမှာ တစ်စထက်တစ်စ ကျဉ်းမြောင်းလာသဖြင့် ကမ်းဘေးနှစ်ဖက်ကို ကောင်းစွာ တွေ့မြင်ရလေသည်။ ကမ်းပေါ်တွင် ကုန်းချို့ကျွန်း၏လူများ ရှိနေသည်ကို မတွေ့ရတော့ပါ။ ကျွန်းစုက ချောင်းကမ်းစပ်သို့ တစ်ဖန်ကူးခတ်လာပြန်သည်။

ထိုစဉ် အရှေ့ဘက် မလှမ်းမကမ်း၌ ချောင်းဆုံကလေး တစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။

ကျွန်းစု၏မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

သူသည် လုရီ၏ ပြောစကားများအရ ဓားရဲတိုက်သို့ လျှို့ဝှက်စွာသွားရာ ချောင်းလက်တက်ကလေးကို မထင်မှတ်ဘဲ တွေ့လိုက်ရပြီ မဟုတ်ပါလား။

ကျွန်းစု၏ တစ်ကိုယ်လုံး အားအင်ပြည့်ဖြိုးလာသည်။

ချက်ချင်းပင် ကမ်းစပ်သို့ မတက်တော့ဘဲ ရှေ့သို့ကူးခတ်သွားကာ ချောင်း ကလေးအတွင်းသို့ ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကွဲကလေးမှာ အလွန်ကျဉ်းမြောင်းလှသည်။ အတွင်းဘက်သို့ ရောက်လေ ပို၍ ကျဉ်းမြောင်းလာကာ နောက်ဆုံး လူတစ်ယောက် ဝင်ရုံသာ ရှိတော့သည်။

ရေမှာလည်း ရင်ဘတ်အထိမျှသာ အနက်ရှိလေတော့သည်။ ကျန်းစု ခေတ္တအမောဖြေပြီး ရှေ့ဆက်သွားပြန်သည်။ မကြာပါချေ။ မြောင်းကြီးသာသာ ချောင်းကလေးမှာ မှောင်မည်းနေသော လိုဏ်ဂူကြီးတစ်ခုအတွင်းသို့ စီးဝင်သွားသည်ကို တွေ့ရ၏။

ကျန်းစုက ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်ပြီး လိုဏ်ဂူထဲသို့ ဝင်သင့်မဝင်သင့် ချင့်ချိန်စဉ်းစားနေ၏။

နောက်ဆုံး ဝင်သွားရန် ဆုံးဖြတ်လိုက်သည်။

ဘုရင့်သားတော်ငယ်အား သစ်ကိုင်းခြောက်ပေါ်သို့ တင်ကာ ရေထဲမှ ဖောင်သဖွယ်ဆွဲယူပြီးလျှင် လိုဏ်ဂူကြီးအတွင်းသို့ သတိကြီးစွာထား၍ ဝင်သွားသည်။

သူ၏လက်ထဲတွင် နန်းစဉ်ဓားကို အသင့်ဆုပ်ကိုင်ထားပြီး ရန်သူနှင့် ရင်ဆိုင်တွေ့ပါက အချိန်မရွေး တိုက်ခိုက်နိုင်ရန် ဟန်ပြင်ထားလေသည်။

လိုဏ်ဂူမှာ ချောင်းရေအထက်မှ လူတစ်ရပ်မက လွတ်အောင် အမြင့်ရှိလေသည်။



ကျန်းစု ရှေ့သို့တိုးဝင်သွားရာ နောက်ဆုံး၌ ဆက်သွားမရတော့ဘဲ ကျောက်သားနံရံတစ်ခုတားဆီးနေသည်ကိုတွေ့ရလေသည်။

ချောင်းရေမှာမူ ပိတ်ဆို့နေခြင်းမရှိဘဲ ညင်သာစွာ စီးဆင်းနေ၏။ ထို့ကြောင့် ကျောက်သားနံရံအောက်တွင် သေးငယ်သော အပေါက်များ ရှိနေလိမ့်မည်ဟု ခန့်မှန်းသိသာနိုင်ပါသည်။

ကျန်းစုက ရှေ့ဆက်သွားရန် အပေါက်ရှိမရှိ၊ လူဝင်၍ ရမရ စုံစမ်းရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် အပေါ်ဘက်လိုဏ်ဂူအမိုးမှ တွဲလောင်းကျနေသော ကြိုးတစ်ချောင်းကို တွေ့မြင်လိုက်သည်။

ကျန်းစု ကြိုးကို ဆုပ်ကိုင်ရင်း အပေါ်ဘက်သို့ မော့ကြည့်လိုက်သောအခါ ခပ်ဝေးဝေးတစ်နေရာ ကြိုးထိပ်ဖျားတွင် ခေါင်းလောင်းငယ်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရလေသည်။

ကျန်းစုသည် ရှည်ရှည်ဝေးဝေး စဉ်းစားနေခြင်းမရှိ၊ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောပိုက်ကာ ကြိုးကို ဆွဲကိုင်လှုပ်ယမ်းလိုက်လေသည်။

'ဒေါင် ဒေါင် ဒေါင်'

ခေါင်းလောင်းသံများ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ဓားရဲတိုက်ပိုင်ရှင် လုကျင်းရယ်သည် ကြီးမားသော ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေ၏။ သူ၏မျက်နှာ ညှိုးငယ်နေသည်ကို မြင်သူတိုင်း သိသာနိုင်ပါ၏။

သူသည် မလွဲမရှောင်သာသဖြင့် နီးရာဓားကြောက်ကာ နယ်စားကြီး ကုန်းချဲ့ကျန်းနှင့် မဟာမိတ်ပြုခဲ့ရသော်လည်း ဘုရင်မင်းမြတ်အပေါ် သစ္စာမဖောက်ဟု အခိုင်အမာ ဆုံးဖြတ်ထားလေသည်။

သူသည် လျှို့ဝှက်အကူအညီပေးနိုင်မည့် နည်းလမ်းများရှာကြံကာ တိတ်တဆိတ် သဝဏ်လွှာပို့ခဲ့လေသည်။

သူပို့လိုက်သောသဝဏ်လွှာသည် လျှို့ဝှက်အဆောင်မှူးထံသို့ ရောက်သွားမည်ဟု ယုံကြည်ထားပါသည်။

အကယ်၍ အရေးအကြောင်းကြုံလာလျှင် နန်းဆက်မပြတ်စေရန် ဘုရင့်သားတော်များအား သူက လျှို့ဝှက်စောင့်ရှောက်ပေးလိုစိတ် ရှိသည်။

သို့သော် ယခုအချိန်အထိ သူ့ထံသို့ မည်သူမျှ ရောက်မလာကြသေးချေ။ လျှို့ဝှက်အဆောင်မှူးနှင့် လုံကိုင်တပ်ဖွဲ့ဝင်များသေဆုံးသွားပြီဟု သိရသောကြောင့် ဘုရင့်သားတော်များ လွတ်မြောက်ရန်



မလွယ်ကူဟု တွေးမိကာ ရင်လေးနေခြင်း ဖြစ်သည်။

ထိုစဉ်မှာပင် ...

'ဒေါင် ဒေါင် ... ဒေါင် ဒေါင်'

ခေါင်းလောင်းသံများ ထွက်ပေါ်လာ၏။ ဓားရဲတိုက်သခင် လုကျင်းရယ်မျက်လုံးများ ဝင်းလက်တောက်ပသွားပြီး နှုတ်မှလည်း ...

"ဟော ... သူတို့လာကြပြီ"

ဝမ်းသာအားရ ရေရွတ်ကာ မလှမ်းမကမ်းတွင် ရပ်နေသော လူနှစ်ယောက်အား ...

"ဟေ့ ... မြန်မြန်လာပြီး ကုလားထိုင်ကို ရွှေ့လိုက်ကြ"

ထိုလူနှစ်ယောက် ချက်ချင်းခေါင်းညိတ်ကာ ဓားရဲတိုက်သခင် လုကျင်းရယ် ထိုင်ခဲ့သော ကုလားထိုင်ကို ရွှေ့လိုက်သည်နှင့်

'ဂျိမ်း ... ဂျိမ်း'

အသံများ ထွက်ပေါ်လာပြီး ကုလားထိုင်အောက်ဘက်မှ ကျောက်ပြားကြီး ရွှေ့လျားသွားလေသည်။

ကျောက်ပြားကြီး ရွှေ့လျားသွားသည်နှင့် အောက်ဘက်၌ လူတစ်ယောက် ဝင်သာရုံအပေါက်တစ်ခု ထွက်ပေါ်လာ၏။

ဓားရဲတိုက်သခင် လုကျင်းရယ်က အပေါက်ဆီသို့ ချက်ချင်း ပြေးသွားကာ အောက်သို့ ငုံ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်တွင် ကျန်းစုနှင့် ဘုရင့်သားတော်ငယ်ရှိနေသည်ကို တွေ့ရလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကာ ...

"ဟော့ ... လာကြပါဦး၊ အောက်ဘက်ကို လှေကားချပေးကြစမ်း"

သူ၏စကားသံနှင့် မရှေးမနှောင်း လူတစ်ယောက်က လှေကားတစ်ခု ယူလာကာ အပေါက်ဝမှ ချပေးလိုက်၏။

အပေါက်ဝမှာ တွင်းတစ်ခုသဖွယ် ဖြစ်နေပါသည်။

လှေကားချပေးပြီး တစ်ခဏကြာလျှင် ကျန်းစုနှင့် သားတော်ငယ်တို့ အပေါ်သို့ ရောက်လာကြလေသည်။

ကျန်းစု သားတော်ငယ်အား ဓားရဲတိုက်သခင် လုကျင်းရယ် လက်ထဲသို့ ထည့်ပေးလိုက်ပြီး ...

"ဘုရင့်သားတော်ငယ်ရဲ့ အသက်အန္တရာယ်လုံခြုံမှုဟာ ခင်ဗျားလက်ထဲမှာရှိနေပြီ၊ ဘုရင့်သားတော်ငယ်ကို အသက်စွန့် စောင့်ရှောက်ပါ"

ဓားရဲတိုက်သခင် လုကျင်းရယ်က သားတော်ငယ်ကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ဘုရင့်သားကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်၊ အရှင့်သား ထီးနန်းပြန်လည်သိမ်းပိုက်နိုင်



တဲ့အထိ သစ္စာရှိရှိ ဦးခွေးဆံမြည့် အမှုထမ်းပါ့မယ်"

သစ္စာဆိုတိုင်တည်ပြီးလျှင် ကျန်းစုဘက်သို့လှည့်၍ ...

"သားတော်ကြီးကကော"

ကျန်းစု ခေါင်းယမ်းကာ ...

"သားတော်ကြီး လုရှီနဲ့ပါသွားတယ်၊ သူတို့ ဘယ်ရောက်သွားပြီလဲဆိုတာ မပြောတတ်ဘူး"

ဓားရဲတိုက်သခင် လုကျင်းရယ်၏မျက်နှာ မူလအတိုင်း ပြန်ညှိုးငယ်သွားပြန်သည်။ ဤအတိုင်းဆိုလျှင် သားတော်ငယ် လွတ်မြောက်လာသော်လည်း သားတော်ကြီးမှာ ရန်သူ့လက်ချက်ဖြင့် ရေတိမ်နစ်ရပေလိမ့်မည်။

ကျန်းစုက နန်းစဉ်ဓားအား လုကျင်းရယ်ကို လှမ်းပေးကာ

"သားတော်လေးနဲ့အတူ နန်းစဉ်ဓားကို ခင်ဗျားပဲ စောင့်ရှောက်ပါ၊ ကျုပ် တာဝန်ကျေပြီ"

ဓားရဲတိုက်သခင် လုကျင်းရဲ့ မျက်မှောင်ကြုတ်သွားပြီး...

"ခင်ဗျား ဘယ်သွားမလို့လဲ"

"ကုန်းချဲ့ကျန်းကို သွားသတ်မယ်လေ"

ဓားရဲတိုက်သခင် လုကျင်းရယ် ဦးခေါင်းခါယမ်းလိုက်သည်

"မဖြစ်ဘူး ... မင်းဟာ ဘုရင့်သားတော်ကြီး ထီးနန်းပြန်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်, ပြန်ပြီးသိမ်းပိုက်နိုင်အောင် ကူညီဆောင်ရွက်ရမယ်၊ ဒီတာဝန်ကို ကျုပ်တစ်ယောက်တည်း လုပ်နိုင်မယ် ထင်သလား"

ကျန်းစု တွေဝေသွားသည်။ ဓားရဲတိုက်သခင် လုကျင်းရယ်က ဆက်ပြောလိုက်သည်။

"မင်းဟာ ကျုပ်နဲ့အတူ ဘုရင့်သားတော်ကို အစစအရာရာ တာဝန်ယူမယ် မဟုတ်လား"

ကျန်းစု ပါးစပ်ပိတ်ထားလိုက်သည်။ မှန်ပါသည်။ သူ၏အသက်ကို အလဟဿ အသေမခံသင့်ပါ။ သူသည် ဘုရင့်သားတော်ကလေး ကြီးပြင်းလာသည့်အခါ အသိပညာ၊ အတတ်ပညာများ သင်ကြားပေးနိုင်သော ဆရာတစ်ယောက် ဖြစ်လာပေမည်။

ဓားရဲတိုက်သခင်နှင့် သူက အဘက်ဘက်မှ ပြည့်စုံအောင် စီမံကာ ပြုစုပျိုးထောင်ပေးလျှင် သားတော်ကလေးအတွက် ပို၍ တိုးတက်ကောင်းမွန်လာစေနိုင်မည် မဟုတ်ပါလား။

ကျန်းစုက ဓားရဲတိုက်သခင် လုကျင်းရယ်ကို ငေးကြည့်လိုက်သည်။ ပြီးမှ တစ်ဖန် ခေါင်းညိတ်ကာ ...

"ကောင်းပြီ ... ကျုပ် ခင်ဗျားနဲ့အတူတူ တာဝန်ယူမယ်"

ဓားရဲတိုက်သခင် လုကျင်းရယ်၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ပေါ်လာ၏။ မိုးသက်လေပြင်းများ ကျရောက်ပြီးနောက်



နေခြည်များ ပွင့်လာသည့်ပမာ တူနေသည်တကား။

သွေးစက်များ တစ်စက်ပြီးတစ်စက် ကျဆင်းလာသည်။

ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ စီးကျလာသော သွေးစက်များ မြေပေါ်တွင် ကျန်ရစ်ခဲ့လေသည်။

လုရှီ၏မျက်လုံးများ တစ်စထက်တစ်စ ရီဝေလာသည်။

သူ၏တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်နေပြီး အင်အားများ ကုန်ခန်းနေပြီ ဖြစ်သည်။

သို့သော် ခြေတစ်လှမ်းဆိုတစ်လှမ်းဆိုသလောက် အဖိုးထိုက်တန်ကြောင်း သဘောပေါက်ထား၍ အားတင်းကာ ရှေ့ဆက်လှမ်းနေခြင်း ဖြစ်သည်။

ယခုဆိုလျှင် သူမပြေးနိုင်တော့ပါ။ ကြိုးစား၍သာ တစ်လှမ်းချင်း လျှောက်လှမ်းနေရသည်။ မည်သည့်နေရာသို့ ရောက်ပြီး မည်မျှခရီးပေါက်ရောက်နေသည်ကို သူမသိပါ။

သူ၏နားထဲ၌ ဝမ်ကြီးနှင့်ဝမ်ယုတို့၏ အော်ဟစ်သံများသာ ပဲ့တင်ထပ်နေသည်။

သူသည် တောအုပ်အတွင်းသို့ ပြေးဝင်ပြီးနောက် ချုံပုတ်၊ သစ်ပင်ငယ်များကို တိုးဝှေ့ကာ ပြေးလာခဲ့ခြင်းဖြစ်သည်။

ယခုတိုင် လမ်းကောင်းကောင်း မတွေ့ရသေးချေ။ ချုံပုတ်

www.burmeseclassic.com

www.burmeseclassic.com



များကို တိုးဝှေ့သွားနေရဆဲ။ အားတင်း၍ လျှောက်သည့်ကြားမှပင် တစ်ခါတစ်ခါ သတိလက်လွတ် ဖြစ်သွားရ၏။

သူ၏ ခြေထောက်များ မြေကြီးနှင့်ပင် မထိတော့ဟု ခံစားရသလို တစ်ခါတစ်ရံ တစ်ကိုယ်လုံး အလေးအပင်များ ပိကာ ပြိုလဲကျလုမတတ် ခံစားရသည်။

နောက်ဆုံး၌ သစ်တောအုပ်မှ လွန်မြောက်ကာ မြေကွက်လပ်တစ်ခုရှေ့သို့ ရောက်လာ၏။

မြေကွက်လပ်၏တစ်ဖက်တွင် အုတ်နံရံများ ကာရံထားသည့် အဆောက်အအုံငယ်တစ်ခု ရှိနေသည်ကို ရီဝေသော မျက်လုံးများက ပိုးတဝါး တွေ့မြင်လိုက်ရသည်။

လုရီ၏မျက်လုံးများ ပြူးကျယ်လာသည်။ အုတ်တံတိုင်းအနီးသို့ ကြိုးစားလျှောက်သွား၏။ ထိုစဉ်မှာပင် အနောက်ဘက်မှ ပြေးလိုက်လာကြသော ခြေသံများ ထွက်ပေါ်လာပြီး ဓားသမား ငါးယောက် ဘွားခနဲ ထွက်ပေါ်လာသည်ကို တွေ့ရ၏။

လုရီအား နောက်မှလိုက်လာသော ရန်သူများက မီကာ တွေ့မြင်သွားခဲ့ပြီ မဟုတ်ပါလား။

✲ ✲ ✲



# သားတော်ကြီး

နေရောင်ခြည်များ ဖြာကျနေသည်။

မြေကြီးပေါ်တွင် စဥ့်အိုးသုံးလုံး ရှိနေ၏။

စဥ့်အိုးများတွင် ရေမထည့်ထားပါ။ အခြား မည်သည့်ပစ္စည်းများမျှ ထည့်ထားခြင်းမရှိချေ။

စဥ့်အိုးအတွင်း ထည့်ထားလျှင်လည်း ယခုဆိုလျှင် မှောက်ကုန်ပေတော့မည်။

အကြောင်းမှာ ... စဥ့်အိုးများအား မြေပေါ်တွင် ပြောင်းပြန်မှောက်ထားသည် မဟုတ်ပါလား။

စဥ့်အိုးပေါ်တွင် အသက်ငယ်ရွယ်သော ဘုန်းတော်ကြီးသုံးပါး ထိုင်နေကြ၏။

သူတို့သည် မျက်လုံးစုံမှိတ်ကာ နေပူစာလှုံနေကြခြင်း ဖြစ်လေသည်။

ဤအရပ်မှာ ဆောင်းရာသီဆိုလျှင် အခြားနေရာဒေသများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မတူဘဲ ပို၍ အးမြနေတတ်၏။ တောင်ပေါ်လေ တိုက်ခိုက်ပြီး ခိုက်ခိုက်တုန်အောင် ချမ်းလာနိုင်၏။

ယခု ဆောင်းရာသီမရောက်သေးပါ။ သို့သော် အအေးဓာတ်က တိုးဝင်နေပြီဖြစ်ပေသည်။

ဘုန်းတော်ကြီးသုံးပါးအနက် တစ်ပါး၏ဦးခေါင်းမှာ အလွန်ကြီးနေသည်။ တစ်ပါးမှာ နားရွက်ကားကား ရှိသည်။ ကျန်တစ်ပါးကား မျက်လုံးဖွင့်ကြည့်လိုက်လျှင် မျက်စိအနည်းငယ် စောင်းနေသည်ကို တွေ့ရပေမည်။

ထိုဘုန်းကြီးသုံးပါး၏ သွင်ပြင်ထူးခြားသည်နှင့်အမျှ သူတို့၏ အတွင်းစိတ်နှင့်စရိုက်မှာ သူတစ်ပါးထက် ထူးခြားဆန်းပြားလေသည်။ ယင်းဘုန်းကြီးသုံးပါးစလုံး "ဒဏ်ကျ" အဆောင်တွင် ရှိနေကြသည်။

"ဒဏ်ကျအဆောင်ဆိုသည်မှာ ရှောင်လင်ကျောင်းမှ ပြစ်မှုကျူးလွန်သော ဘုန်းတော်ကြီးများအား အပြစ်ဒဏ်ခတ်သော နေရာတစ်ခု ဖြစ်သည်။"

တော်ရုံတန်ရုံ ပြစ်မှုကျူးလွန်သူများပင် ဒဏ်ကျဆောင်သို့ ရောက်မလာတတ်ပါ။

ရေခပ်၊ ထင်းခွဲ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် မီးဖိုဆောင်တွင် ဝင်ရောက်ကူညီစေခြင်း စသည့်အပြစ်ဒဏ်များသာ ခံကြရ၏။



ရှောင်လင်ကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကို မလိုက်နာဘဲ ချိုးဖောက်သည့်အပြင် ကြီးမားသော အမှုကိစ္စများလုပ်မှသာ ဒဏ်ကျအဆောင်သို့ ပို့၍ အပြစ်ဒဏ် ချမှတ်ခြင်း ခံရ၏။

ယခု ဘုန်းတော်ကြီးသုံးပါးမှာ ဒဏ်ကျအဆောင်သို့ ရောက်ရှိနေကြပါပြီ။

သူတို့သည် ရှောင်လင်ကျောင်း၏ ထိပ်တန်းလျှို့ဝှက် သိုင်းပညာတစ်ခုဖြစ်သော ရိကျိုကျင်း (ခေါ်) အရိုးအကြောလွှဲပညာ သိုင်းကျမ်းမှတ်စုကို အဆောင်မှ ခိုးယူလေ့ကျင့်ကြသည်

ရှောင်လင်ကျောင်းမှ ထွက်ကာ သိုင်းလောကသို့ ခြေဆန့်၍ ပြဿနာအမျိုးမျိုး ဖန်တီးခဲ့ကြသည်။

သူတို့သည် တွေ့ကြုံရသော လူဆိုးဓားပြများ၊ လူယုတ်မာများကို သိုင်းပညာအသုံးပြု၍ နှိမ်နင်းခဲ့သော်လည်း ရှောင်လင်ကျောင်းမှစည်းကမ်းများအရ မိမိကိုရန်မပြုဘဲ သူတစ်ပါးကို ရန်မပြုဟူသော စည်းကမ်းချက်ကို ချိုးဖောက်ခဲ့သည်။

သူတို့သုံးယောက်သည် သိုင်းပညာ အလွန်တော်ကြ၍ လူဆိုးဓားပြများကို တမင်တကာ လိုက်လံရှာဖွေသုတ်သင်ကြခြင်း ဖြစ်သည်။

ရှောင်လင်ကျောင်းတိုင်ဆရာတော်သည် သူတို့သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



အား အမျိုးမျိုး ဆုံးမခဲ့သော်လည်း နာခံခြင်းမရှိသဖြင့် မတတ်သာဘဲ ဒဏ်ကျအဆောင်သို့ ပို့လိုက်ခြင်းဖြစ်ပေသည်။

ဒဏ်ကျအဆောင်သို့ အပို့ခံရသူမှာ အဆောင်အတွင်းမှနေ၍ ကာရံထားသော အုတ်တံတိုင်းအပြင်ဘက်သို့ ခြေချရခြင်း မရှိပါ။

အဆောင်မှာ ကျယ်ဝန်းလှပြီး လူဆယ်ယောက်မျှ နေနိုင်ပါသည်။ ဤအဆောင်အတွင်း၌ပင် အပြစ်ဒဏ်မကုန်မချင်း အကျဉ်းကျခံနေရမည် ဖြစ်၏။

ယခု ဘုန်းတော်ကြီးသုံးပါးမှာ ဒဏ်ကျအဆောင်တွင် အနှစ်နှစ်ဆယ်ကျော် အကျဉ်းချခံထားရမည်ဟု ကျောင်းထိုင်ဆရာတော်က အမိန့်ချမှတ်ထားလေတော့သည်။

✲

နေဝန်းနီမှာ ကောင်းကင်အပေါ်သို့ တစ်စထက်တစ်စ မြင့်တက်လာ၏။

အချိန်အတော်ကြာလျှင် မြေပေါ်တွင်မှောက်ထားသော ရေအိုးများပင် နေရောင်ခြည်ဒဏ်ကြောင့် ပူလောင်လာသည်။

ထိုအခါမှ ဘုန်းတော်ကြီးသုံးပါး မျက်လုံးပွင့်လာကြသည်။



ဦးခေါင်းကြီးသော ဘုန်းတော်ကြီးက လက်နှစ်ဖက်ဆန့်တန်းကာ အပျင်းဆန့်လိုက်သည်။

“အင်း . .တို့တစ်တွေ ဒီအထဲမှာ နှစ်ပေါင်းနှစ်ဆယ်တောင် နေရမှာဆိုတော့ ပျင်းစရာကောင်းလိုက်တာ”

နားရွက်ကားကားနှင့် ဘုန်းတော်ကြီးက မျက်နှာမဲ့ရင်း...

“မင်းမနေချင်ရင် ထွက်ပြေးပေါ့”

ဦးခေါင်းကြီးသော ဘုန်းတော်ကြီး ထိတ်လန့်သွားဟန်ဖြင့် လက်ကာပြကာ ...

“အောင်မယ်လေး မလုပ်ပါနဲ့၊ ကျုပ် ကတိပေးပြီးရင် ဘယ်တော့မှ မဖျက်တတ်ဘူး၊ အနှစ်နှစ်ဆယ်ပြည့်အောင် နေရမှာပဲ”

“ဒါဖြင့် ဘာလို့ အပိုတွေပြောနေတာလဲ၊ နားညည်းတယ်”

ဦးခေါင်းကြီးသော ဘုန်းတော်ကြီး ပါးစပ်ပိတ်ထားလိုက်သည်။ မျက်စိစောင်းနေသော ဘုန်းတော်ကြီးက မကျေမနပ်ဖြင့်...

“ကျုပ်တို့ ဘုန်းကြီးဝတ်မှ သင်ပေးမယ်ဆိုလို့ ဝတ်ရတာ၊ အခုလည်း ကျုပ်တို့ကို အပြစ်ဒဏ်ချထားတယ်၊ ကျုပ်တို့သုံးယောက်ပဲရှိတာ သင့်သင့်မြတ်မြတ် နေကြမှပေါ့၊ ဘာဖြစ်လို့ တစ်ယောက်ကို တစ်ယောက် မာန်မဲနေကြတာလဲ”

ဦးခေါင်းကြီးသော ဘုန်းတော်ကြီးနှင့် နားကားသော ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးတို့က မည်သို့မျှ စကားပြန်မပြောကြချေ။ မျက်စိစောင်းနေသော ဘုန်းတော်ကြီးက ဆက်ပြောလိုက်သည်။

"ကျုပ်တို့က ကိုယ်မှန်တယ်ထင်တာ ကိုယ်လုပ်တယ်၊ ဒါကို အကျင့်ပျက်တယ်ဆိုပြီး ဒဏ်ခတ်ခံရတာပဲ၊ တကယ်တမ်းဆိုရင် ရှောင်လင်ကျောင်းမှာ အကျင့်ပျက်တဲ့ အတုအယောင်တွေ အများကြီး ရှိပါတယ်၊ ကျုပ်တို့က ကတိအတိုင်း အနှစ်နှစ်ဆယ် အပြစ်ဒဏ်ခံပြီးရင် ဒီနေရာက ထွက်သွားကြတာပေါ့၊ အနှစ်နှစ်ဆယ်အတွင်း ကျုပ်တို့သုံးယောက် သင့်သင့်မြတ်မြတ်နေကြဖို့ အရေးကြီးတယ်"

နားကားသော ဘုန်းတော်ကြီးက နားရွက်တစ်ဖက်သို့ လက်ဖြင့် အသာပင့်တင်ရင်း ...

"ဟေ့ ... စကားကိုတိုးတိုးပြော၊ ကျုပ်တို့ဆီကို တစ်ယောက်ယောက် လာနေပြီ ထင်တယ်"

မျက်စိစောင်းသော ဘုန်းတော်ကြီး ပါးစပ်ပိတ်သွားသည်။ နားကားနေသော ဘုန်းတော်ကြီး မျက်မှောင်ကြုတ်ကာ ...

"ဟာ ... ကြားရတာတွေက ရှုပ်ယှက်ခတ်နေတာပဲ၊ ဒီလူတွေလာပြီး အပြင်ဘက်မှာ အပြေးပြိုင်နေကြတာ ထင်ပါရဲ့"

မျက်စိစောင်းနေသောဘုန်းတော်ကြီး အံ့အားသင့်သွားသည်။



"အပြင်ဘက်မှာ အပြေးပြိုင်နေကြတယ် ဟုတ်လား၊ အင်း ... ထွက်ကြည့်မှ ဖြစ်တော့မယ်"

ဦးခေါင်းကြီးသော ဘုန်းတော်ကြီးကလည်း ...

"ဟုတ်တယ် ... ကျုပ်ပျင်းနေတာနဲ့ အတော်ပဲ၊ ထွက်ကြည့်ကြတာပေါ့၊ အပြင်ဘက်မှာလာပြီး အပြေးပြိုင်တာ ဘယ်လိုလူစားမျိုးလဲ၊ ကျုပ် မခန့်မှန်းနိုင်တော့ဘူး"

ပြောရင်း တံခါးဝဆီသို့ လျှောက်သွားလေသည်။

မျက်စိစောင်းနေသော ဘုန်းတော်ကြီးနှင့် နားကားသော ဘုန်းတော်ကြီးတို့ နောက်မှ ပြေးလိုက်သွားကြသည်။

နားကားသော ဘုန်းတော်ကြီး၏အမည်မှာ အူးတိဖြစ်၏။ သူ၏ ကြီးမား၍ ကားထွက်နေသော နားရွက်များနှင့် အကြားအာရုံ အလွန်ကောင်းသောကြောင့် နားကားတိုင်းကြားဟူ၍လည်းကောင်း၊ မိုင်တစ်ထောင်နားဟူ၍လည်းကောင်း ခေါ်ကြသည်။

ဦးခေါင်းကြီးသော ဘုန်းကြီး၏အမည်မှာ အူးကျန်း ဖြစ်သည်။ သူသည် ကြီးမားသောဦးခေါင်းနှင့် လိုက်အောင်ပင် အသိဉာဏ်ကြွယ်ဝသူဖြစ်သည်။

ထို့ကြောင့် သူ့အား ခေါင်းကြီးဉာဏ်ကျယ်ဟုလည်းကောင်း ပိသာတစ်ရာဦးနှောက်ပိုင်ရှင်ဟူ၍လည်းကောင်း ခေါ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိစောင်းနေသော ဘုန်းတော်ကြီးမှာမူ အူးကြားဖြစ်
သည်။ သူသည် မျက်စိစောင်းနေသောကြောင့် အရာဝတ္ထုတစ်ခုကို
တစ်ချိန်တည်းမှာပင် ရှုထောင့်နှစ်မျိုးမှ တွေ့မြင်ကြည့်မြင်တတ်သူ
ဖြစ်လာ၏။

သူသည် အတွေးအမြင်အယူအဆ ထူးခြားလှသောကြောင့်
တည့်တည့်ကလေးကြည့်၊ စွေစွေကလေးမြင်၊ အသွင်နှစ်မျိုး အူးကျား
မြွေမျိုးဟုဆိုကာ မြွေမျက်လုံးဟူ၍ လည်းကောင်း၊ ရှေ့ကိုကြည့်သော်
လည်း ဘေးဘက်ကိုပါ စေနေသောမျက်လုံးဖြင့် မြင်နိုင်သောကြောင့်
"လေးဘက်မြင်အူးကျား" ဟူ၍လည်းကောင်း ခေါ်ကြလေသည်။

သူတို့သည် ပင်ကိုစရိုက်ထူးခြားလှသည်ဖြစ်ရာ သုံးယောက်
ပေါင်းပြီး အပြစ်ဒဏ်ချမှတ်ခံရ၍ စုပေါင်းနေထိုင်မိလျှင် ပို၍ ထူးခြား
လာပေသည်။ ယခု သူတို့သည် တံခါးဖွင့်ကာ အပြင်ဘက်သို့ထွက်ရန်
ဟန်ပြင်နေကြပြီ ဖြစ်၏။

✺

လုရီက ကြိုးစားပြီး ပြေးသွားသည်။ သို့သော် မြေကွက်လ
အလယ်တွင် မဟန်နိုင်ဘဲ လဲကျသွားလေသည်။ လက်နှစ်ဖ



မြေပေါ်ထောက်ကာ သားတော်ကြီးအား အကာအကွယ်ပေးလိုက်
သော်လည်း မဟန်နိုင်ဘဲ လက်ကွေးညွတ်ကာ ဖိမိသွားလေ၏။

ထို့ကြောင့် သားတော်ကြီး လန့်နိုးလာကာ ဝါးခနဲ ငိုကြွေး
လိုက်လေသည်။ သားတော်ကြီး ငိုကြွေးသံကြောင့် နောက်မှ လိုက်
လာကြသော ဓားသမားငါးယောက်မှာ လုရီနောက်သို့ မှန်းဆလိုက်
လာနိုင်ကြသည်။

လုရီမှာ ရှေ့ဆက်မလျှောက်နိုင်တော့သော်လည်း ခြေလက်
များ အသုံးပြုကာ အုတ်တံတိုင်းအနီးသို့ ရောက်အောင် တရွေ့ရွေ့
တိုးကပ်သွားလေသည်။

ထိုစဉ်မှာပင် တံခါးပွင့်သွားပြီး အတွင်းဘက်မှ ဘုန်းတော်
ကြီးသုံးပါး ထွက်လာကြ၏။

ဘုန်းတော်ကြီးများကိုတွေ့လျှင် လုရီ ဝမ်းသာသွားသည်။

သားတော်ကြီးအား ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဟု
ယူဆထားလေသည်။ ဘုန်းတော်ကြီးသုံးပါးမှာ အူးတိ၊ အူးကျားနှင့်
အူးကျန်းတို့ ဖြစ်ကြသည်။

အူးတိက ရှည်လျားနေပြီဖြစ်သော ဆံပင်များကို လက်ဖြင့်
သပ်ဟန်ပြုရင်း ကားထွက်နေသောနားရွက်နှစ်ဖက်ကို ပွတ်သပ်ကာ

"ဟဲ ဟဲ ... ကျုပ်ပြောတာ မမှန်ဘူးလား၊ တို့ဆီကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ရောက်လာပြီလေ”

အူးကျန်းက လုရီကိုကြည့်ကာ မျက်မှောင်ကြုတ်၍ စဉ်းစား လိုက်ပြီး …

“ဒီလူဟာ ပြည်မ,က မဟုတ်ဘူး၊ အလွန်ဝေးတဲ့နေရာက ပြေးလာတဲ့လူ ဖြစ်ရမယ်၊ သူဝတ်တဲ့ အဝတ်အစားတွေကို ကြည့်ရင် ကျုပ်ပြောတာ မှန်တယ်မှားတယ်ဆိုတာ သိနိုင်ပါလိမ့်မယ်”

ကူးကျားကမူ စကားတစ်လုံးမှ မပြောဘဲ တိတ်ဆိတ်နေ ၏။ သူသည် လုရီကို ထူးဆန်းသော လူတစ်ယောက်သဖွယ် အမျိုး မျိုး အကဲခတ်ကြည့်လိုက်ပါသည်။

ထိုစဉ် အူးတိက နားတစ်ဖက်ကို လက်ဖြင့်ကိုင်ကာ …

“ဟော … နောက်ထပ်လူတွေ ရောက်လာကြပြန်ပြီ”

သူ၏စကား ဆုံးသွားလျှင် သစ်ပင်များကြားမှ ဓားကိုယ်စီ ကိုင်ထားသော လူငါးယောက် ပြေးထွက်လာကြသည်ကို တွေ့ရ၏။

ထိုလူများကိုတွေ့ရလျှင် အူးကျား ပျော်ရွှင်သွားသည်။ လက်ခုပ် လက်ဝါးတီးကာ ရယ်မောလိုက်ပြီး …

“ဟာ … ပျော်စရာကြီး၊ တို့ဆီကို ဧည့်သည်မလာတာ အတော်ကြာပြီ၊ အခုရောက်မယ့်ရောက်တော့လည်း တစ်စုတစ်ဝေ ကြီးပါလား”



အူးတိနှင့်အူးကျန်းတို့လည်း ခေါင်းညိတ်ကာ ပျော်ရွှင်နေကြ ၏။ လုရီမှာ ဓားကိုင်ထားသူများအား တွေ့ရလျှင် ထိတ်လန့်ကြောက် ရွံ့သွားလေသည်။ မြေပေါ် တရွတ်ဆွဲကာ ရှေ့တိုးသွားရင်း …

“သား … သားတော်ကြီးကို ကယ်ပါ”

ပြောရင်း သားတော်ကြီးကို ရင်ခွင်တွင်းမှ ထုတ်ကာ လှမ်း ပေးလိုက်လေသည်။

အူးတိက ခေါင်းညိတ်၍ လှမ်းယူရန် ကြံရွယ်လိုက်သည်။

လုရီနှင့် အနည်းငယ် အလှမ်းကွာနေသောကြောင့် မြေပေါ် သို့ ဆင်းရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ် အူးကျန်းနှင့် အူးကျားတို့ က သူ့အား လှမ်းဆွဲထားလိုက်ကြပြီး …

“ဟေ့ ဟေ့ … မင်း မြေပေါ်ဆင်းလို့ ဖြစ်မလား”

ထိုစကားကြားရလျှင် အူးတိ သတိရသွားဟန်ဖြင့် လှေကား အပေါ်သို့ ပြန်တက်လိုက်သည်။ တစ်ဖန် လုရီဘက်သို့လှည့်ကာ ပြုံး ပြလိုက်ပြီး …

“စိတ်မဆိုးပါနဲ့ … ကျုပ် မြေပေါ်မဆင်းဘူး၊ ဒီခြံဝင်းအပြင် ဘက် မထွက်ဘူးလို့ ကတိပေးထားလို့ပါ”

ပြောရင်း လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်နေလေသည်။ လုရီ စိတ်ပျက်သွားသည်။ ထိုစဉ် အနောက်ဘက်မှ အခြေအနေ အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသော ဓားကိုင်ထားသူငါးယောက်မှာ ဘုန်းတော်ကြီး သုံးပါးက လုရီအား အကူအညီမပေးနိုင်သည်ကို တွေ့ရလျှင် သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ကြလေ၏။

ထိုလူများအနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက အူးတိတို့ဘက်သို့ လက်ညှိုးညွှန်ကာ ...

"ကျုပ်တို့ကိစ္စထဲ ခင်ဗျားတို့ ဝင်မရှုပ်ဘဲ အေးအေးဆေးဆေးနေရင် ကောင်းမယ်"

ဘုမသိ ဘမသိ မာန်မဲခြင်းခံလိုက်ရသောကြောင့် အူးတိတို့ ဒေါသထွက်သွားကြလေသည်။ အူးကျန်းက မကျေမနပ်ဖြင့် ...

"တော်တော်ဆိုးတဲ့လူ၊ ကျုပ်တို့ကို အခြောက်တိုက်လာပြီး ဟိန်းဟောက်နေတယ်၊ ငါ တယ်လုပ်လိုက်ရ"

ပြောပြီး မြေပေါ်ဆင်းရန် ဟန်ပြင်လိုက်စဉ် အူးတိနှင့် အူးကျားတို့က ဆွဲထားလိုက်ကြရသည်။ သူတို့သည် အုတ်တံတိုင်းအတွင်းဘက် ဒဏ်ကျဆောင်အတွင်း ကြိုက်သလို နေထိုင်ခွင့်ရှိသော်လည်း အုတ်တံတိုင်း အပြင်ဘက်သို့ ထွက်ရန်မဆိုထားနှင့် လှေကားထစ်များကျော်၍ မြေပေါ်သို့ပင် ခြေချခွင့်မရပါချေ။

အပြစ်ဒဏ်ကျခံနေရသူများအတွက် သတ်မှတ်ထားသော စည်းကမ်းကို ချိုးဖောက်ပါက ပို၍ ကြီးလေးသောအပြစ်ဒဏ်ခံရမည်



ဖြစ်ပါသည်။

ထို့ကြောင့် အူးကျန်းလည်း အောင့်သက်သက်ဖြင့် နောက်ပြန်ဆုတ်သွားသည်။ ဓားကိုင်ထားသူငါးယောက်မှာ ဘုန်းတော်ကြီး သုံးပါး ဝင်မစွက်ဖက်နိုင်ကြောင်း သေချာစွာသိရလျှင် ...

"သားတော်ကြီးကို ရှင်းပစ်ကြ"

ဩသံပေးကာ လုရီနှင့်ဘုရင့်သားတော်ကြီးကို သုတ်သင်ရန် ရှေ့သို့ တိုးလာကြလေသည်။ လုရီမှာ ဘုန်းတော်ကြီးသုံးပါး မကူညီနိုင်မှန်း သိရလျှင် စိတ်ဓာတ်ကျဆင်းသွားသည်။

ဘုန်းတော်ကြီးများသည် မြေပေါ်သို့ ခြေမချဝံ့သောကြောင့် သူက အတွင်းဘက်သို့ ရောက်အောင်သွားနိုင်လျှင် အကူအညီပေးမည့်ပုံ ရပါသည်။

သို့သော် ဘုန်းတော်ကြီးများထံသွားရန် အချိန်မရတော့ပါ။ ရန်သူများသည် တစ်စထက်တစ်စ နီးကပ်လာပြီ မဟုတ်ပါလား။

"သေပေတော့"

ကျယ်လောင်စွာ အော်ငေါက်လိုက်ကြပြီး လုရီအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

လုရီထံတွင် လက်နက်မရှိပါ။ သားတော်ကြီးကို ပွေ့ဖက်၍ မြေပေါ်တွင် လိမ့်ကာ ရှောင်တိမ်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ အားကုန်မောပန်းနေဟန်ဖြင့် လှုပ်ရှားမှု နှေး ကွေးသွားလေရာ ကျောပြင်တွင် ဒဏ်ရာတစ်ချက်ရရှိသွားလေသည်။

သူ၏အခြေအနေမှာ လုံးဝ မဟန်နိုင်တော့ပါ။ ရန်သူများ အား ခုခံရန်မဆိုထားနှင့် ရှောင်တိမ်းရန်ပင် မလွယ်ကူတော့ချေ။

လုရီ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲသွားသည်ကို တွေ့ရ သောအခါ အူးကျုန်းက သူ၏ကြီးမားသော ဦးခေါင်းကို လက်ဖြင့် ပွတ်လိုက်ပြီး ပုတ်လိုက်ပြီး ...

"ဒုက္ခပဲ၊ တစ်ယောက်ကိုအများ ဝိုင်းပြီး အနိုင်ကျင့်နေတာ မတရားဘူး၊ ကျုပ် ဘယ်လိုကူညီရမှာလဲ"

အူးတိနှင့်အူးကျားတို့လည်း လုရီအား ကူညီလိုကြလေ သည်။ သူတို့သည် မတရားမှုကို လုံးဝမနှစ်သက်ကြချေ။ တစ် ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်မည်ဆိုပါက အေးအေးဆေးဆေး လက်ပိုက်ကြည့်နေနိုင်မည် ဖြစ်သော်လည်း တစ်ယောက်နှင့်အများ တိုက်ခိုက်ရသည်ကို တွေ့ရသောအခါ မကျေမနပ် ဖြစ်လာကြသည်။

အူးကျားက စွေစောင်းသော မျက်လုံးများဖြင့် အူးကျုန်း အားကြည့်ကာ ...

"ဟေ့ ... ခေါင်းကြီးဉာဏ်ကျယ်၊ တို့တစ်တွေ ဝင်ပြီးကူညီ ကြရင် မကောင်းဘူးလား"



အူးကျုန်း ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

"တို့တစ်တွေ အပြင်ဘက်မြေပြင်ကို ခြေမချရတာ ဘယ်လို လုပ် ကူညီမလဲ ... စဉ်းစားစမ်းပါဦး"

အူးကျုန်းက ပညာရှိတစ်ယောက် ဟန်ပန်အတုခိုးကာ လက် ပိုက်မျက်လုံးမှေးပြီး စဉ်းစားနေလေသည်။ ထိုအချိန်တွင် လုရီအား ရန်သူများ ဝိုင်းမိသွားကြပြီ ဖြစ်သည်။

လုရီ၏ကိုယ်ပေါ်တွင် နောက်ထပ်ဓားဒဏ်ရာများ တိုးလာ ပြီဖြစ်၏။ သို့သော် ယခုတိုင် လုရီက သားတော်ကြီးအား အကာအ ကွယ်ပေးနေဆဲ။

ရန်သူများအနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှေ့တိုး လာပြီး ...

"ဘုရင့်သားတော်ကို ကျုပ်တို့လက်ထဲအပ်ရင် ကောင်းမယ်၊ ရှေ့ဆက်ပြီး ကာကွယ်နေလို့လည်း မထူးတော့ပါဘူး"

လုရီ အံကို တင်းတင်းကြိတ်လိုက်သည်။ ထိုလူ၏မျက်နှာကို တံတွေးနှင့် ထွီခနဲထွေးကာ ...

"ကျုပ်သေသွားရင်တောင် မင်းတို့ မရဘူးဆိုတာ မှတ် ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် သားတော်ကြီးကို လက်နှစ်ဖက်ဖြင့် အားယူ၍လွှဲကာ အူးတိထံသို့ ပစ်ပေးလိုက်သည်။

သို့သော် သူသည် ဒဏ်ရာများ ပြင်းစွာရထားသောကြောင့် တည့်မတ်စွာပစ်ပေးနိုင်ခြင်း မရှိခဲ့ပါ။

သားတော်ကြီးထံမှ ဝါးလုံးနဲ့ငိုသံ ထွက်ပေါ်လာပြီး အပေါ်သို့ တည့်တည့်မတ်မတ် မြောက်တက်သွားလေသည်။ သားတော်ကြီး ပြန်ကျလာလျှင် လုရီ ဖမ်းထားနိုင်တော့မည် မဟုတ်ပါ။

လျှပ်တစ်ပြက်ပြေးသွားသော ရန်သူ၏ဓားချက်ဖြင့် အသက်သေဆုံးရပေတော့မည်။

ကလေးငိုသံကြားမှ အူးကျန်းမျက်လုံး ဖွင့်လာသည်။ ကလေးငယ်အပေါ်သို့ မြောက်တက်သွားသည်ကို တွေ့ရလျှင် ...

“ကျုပ် အကြံရပြီ ... မင်းတို့ ကျုပ်နောက်လိုက်ခဲ့”

ပြောပြီးလျှင် မြေပေါ်သို့ ခြေတစ်ချက်စောင့်ကာ မြားတစ်စင်းပမာ ခုန်ထွက်သွားလေသည်။ အူးကျားနှင့် အူးတိတို့လည်း မနေနိုင်ကြဘဲ နောက်မှခုန်၍ လိုက်သွားကြလေသည်။

အူးကျန်းသည် လေထဲတွင် သုံးလေးပတ်မျှ ကျွမ်းပစ်လိုက်ပြီးနောက် မြေကွက်လပ်တစ်ဖက်ရှိ သစ်ပင်မှ သစ်ကိုင်းတစ်ခုအား ခြေထောက်နှစ်ချောင်းဖြင့် ချိတ်ထားနိုင်ခဲ့သည်။



သူ၏ပုံဟန်မှာ သစ်ကိုင်းတွင် နားနေသော လင်းနို့ တစ်ကောင်ပမာ တွဲလောင်းဖြစ်နေလေသည်။ သစ်ကိုင်းတွင် ခြေထောက်ချိတ်ကာ ခန္ဓာကိုယ်လွှဲယမ်းရင်း နောက်မှခုန်၍ လိုက်လာသော အူးတိ၏ ခြေထောက်နှစ်ချောင်းကို ဖမ်းဆွဲထားနိုင်ခဲ့၏။

သူတို့သုံးယောက်သည် သစ်ကိုင်းတွင် တွဲလောင်းဖြစ်နေကြပြီး အရှိန်ဖြင့်လွှဲထားသည့် ဒန်းတစ်ခုပမာ လှုပ်ယမ်းလိုက်သည်။

သစ်ကိုင်းတွင် ခြေထောက်ချိတ်ထားသော အူးကျန်းက သူတို့သုံးယောက်အားစိုက်၍လွှဲလိုက်ကြလျှင် အောက်ဆုံးမှ အူးကျားမှာ အပေါ်သို့ လွှဲယမ်းရင်းဖြင့် တက်လာသည်။

ထိုစဉ် အပေါ်မှ ပြုတ်ကျလာသော ကလေးအား မိမိရရ ဖမ်းထားနိုင်ခဲ့လေသည်။ ကလေးငယ်အားရလျှင် အူးကျန်းက ...

“အူးကျား ... မင်းသွားတော့”

အူးကျန်းနှင့်အူးတိတို့ ပို၍အားစိုက်ကာ လွှဲယမ်းရင်း အပေါ်သို့မြောက်တက်လာချိန်တွင် အူးကျားအား တွန်းလွှတ်လိုက်ကြသည်။

အူးကျားက အူးတိ၏လက်နှစ်ဖက်တွင် ခြေထောက်အရှိန်ယူကာ ခုန်ထွက်သွားသည်။ လေထဲ၌ ကျွမ်းပစ်လိုက်ပြီးနောက် တံခါးဝ အရှေ့ဘက် အုတ်ခုံပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။

အူးကျားနှင့် အူးတိတို့မရှိတော့သဖြင့် အူးကျန်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်လွဲယမ်းရာ၌ အရှိန်လျော့ကျသွားသည်။

သစ်ကိုင်းပေါ်တွင် ခြေထောက်ချိတ်ပြီး ဇောက်ထိုးအနေအထားဖြင့် အုတ်ခုံဆီသို့ ပြန်ရောက်အောင် ခုန်ကူးရန် မလွယ်ကူပါ။

အူးကျန်းမှာ သစ်ကိုင်းတွင် တွဲလောင်းကျန်ရစ်ခဲ့လေသည်။ အူးကျားက ကလေးငယ်အား ပွေ့ဖက်ထားရင်း ...

"ဟား ဟား ဟား ... ရပြီ ရပြီ အူးကျန်း ဉာဏ်ကောင်းသားပဲ၊ ကလေးကိုရအောင် သူ အကြံထုတ်နိုင်တယ်"

အူးတိ ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ မြေပေါ် ခြေမချဘဲ အပြင်ကိုထွက်နိုင်တယ်၊ ကလေးကိုလည်း ကယ်တင်နိုင်တယ်၊ ဒါ အူးကျန်းဉာဏ်ကောင်းလို့ပဲ"

သူတို့နှစ်ယောက် ယင်းသို့ ပြောဆိုနေကြသော်လည်း အူးကျန်းရောက်မလာသည်ကို တွေ့ရသောအခါ အံ့ဩသွားကြသည်။

အူးကျားက သစ်ကိုင်းတွင်တွဲလောင်းဖြစ်နေသော အူးကျန်းအား လှမ်းကြည့်ကာ ...

"ဟေ့ အူးကျန်း ... ဘာလုပ်နေတာလဲ၊ ပြန်ခဲ့တော့လေ"

အူးကျန်းမှာ မြေပေါ်ခြေမချဘဲ ပြန်သွားနိုင်ရန် အကြံထုတ်နေသဖြင့် မကြားလိုက်ချေ။ ထိုစဉ် လုရီမှာ ရုးရှူးအော်ဟစ်လိုက်ပြီး မြေပေါ်သို့ ကျသွားသည်ကို တွေ့ရသည်။



ဓားကိုင်ထားသူငါးယောက်သည် လုရီလဲကျသွားလျှင် သားတော်ကြီးအား ကယ်တင်သွားသော အူးတိတို့ဘက်သို့ လှည့်လာကြသည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှေ့တိုးကာ ...

"ကျုပ်တို့ကို ကလေးပြန်ပေးပါ"

အူးကျားလက်ကာပြရင်း ...

"မပေးနိုင်ဘူး၊ ကျုပ်တို့လက်ထဲရောက်တဲ့ပစ္စည်း ကျုပ်တို့သဘော၊ ကျုပ်ပေးချင်မှပေးမယ်"

"ဒီလိုဆိုရင် ခင်ဗျားတို့ကို သတ်ရလိမ့်မယ်"

အူးကျား ဒေါသထွက်ကာ ...

"အောင်မယ်လေး ... တယ်လည်း သတ္တိကောင်းကြပါလား၊ ဟေ့ အူးကျန်း ... သူတို့ကို ဆုံးမလိုက်စမ်းပါ"

အူးတိနှင့်အူးကျားတို့သည် မြေပေါ်သို့ ဆင်းမလာနိုင်ကြပါ။ ထို့ကြောင့် ဓားကိုင်ထားသူများနှင့် အနီးဆုံးတွင် ရှိနေသော အူးကျန်းအား လှမ်းပြောလိုက်ခြင်း ဖြစ်လေသည်။

အူးကျန်းမှာ ယခုမှ အကြံရလာသည်။

"ကောင်းပြီ ... သူတို့ကို မှတ်လောက်သားလောက်အောင် ဆုံးမပစ်လိုက်မယ်"

ပြောပြီး သစ်ကိုင်းပေါ်မှ ခုန်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်သို့ ခုန်ချလိုက်ခြင်း မဟုတ်ပါ။

ဓားကိုင်ထားသူတစ်ယောက်၏ ပခုံးပေါ်သို့ ခုန်ချလိုက်ခြင်း ဖြစ်သည်။

လျင်မြန်လှသော အူးကျန်း၏လှုပ်ရှားမှုကြောင့် ဓားကိုင်ထားသူမှာ မည်သို့မျှ ရှောင်တိမ်းမရပါချေ။

အူးကျန်းက ထိုလူ၏ပခုံးပေါ်မှာ ရပ်ကာ သဘောကျစွာ တဟားဟား ရယ်မောနေလေသည်။

ဓားကိုင်ထားသူများမှာ ဒေါသခြောင်းခြောင်း ထွက်သွားကြပြီး ချက်ချင်းပင် ဝိုင်းရံကာ အူးကျန်းအား တိုက်ခိုက်လိုက်ကြလေသည်။

အူးကျန်းက သူ့ခြေထောက်နှင့် နင်းထားသူ တိုက်ခိုက်မလာမီ ထိုလူ၏ ကျစ်ဆံမြီးကို ဖမ်းဆွဲလိုက်သည်။

ထို့နောက် မြင်းတစ်ကောင်အား ဇက်ကြိုးဆွဲသည့်ပမာ လိုရာသို့ ဆွဲလှည့်ကာ ရှောင်တိမ်းလိုက်လေသည်။

အူးကျန်းအား ထမ်းထားရသူမှာ ဆံပင်အဆွဲခံရ၍ နာကျင်လွန်းသောကြောင့် ဟိုပြေးသည်ပြေး ဖြစ်နေလေ၏။

ထိုသို့ပြေးရာတွင် ကျန်သူများ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းပေးသလို ဖြစ်နေတော့သည်။



အူးတိနှင့်အူးကျားတို့မှာ လူတစ်ယောက် ပခုံးပေါ်တွင် ခွစီးကာ ကျန်လူများ၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနေသော အူးကျန်း၏ အပြုအမူကြောင့် တဟားဟား ရယ်မောလိုက်လေသည်။

ထိုအခါ အူးကျန်းမှာ ပို၍ သဘောကျသွားပြီး သူခွစီးထားသော လူ၏ဦးခေါင်းကို လက်ဝါးဖြင့် တဖတ်ဖတ် ရိုက်နေတော့သည်။

ထိုလူမှာ အူးကျန်းအား ခါထုတ်ပစ်ရန် သတိမရတော့ဘဲ ဟိုဟိုသည်သည် လျှောက်၍ ပြေးနေရလေတော့သည်။

ခေါင်းဆောင်ဖြစ်ဟန်သူသည် အူးကျင်းအား တိုက်ခိုက်၍ မရသဖြင့် စိတ်တိုလာကာ ...

"သေပေတော့"

အော်ငေါက်ရင်း အူးကျန်းခွစီးထားသူအား ဓားဖြင့် ထိုးချလိုက်သည်။

"အား"

စူးရှသော အသံထွက်ပေါ်လာပြီး ထိုလူမှာ မြေပေါ်သို့ လဲကျကာ သေဆုံးသွားလေသည်။

သို့သော် အူးကျန်းမှာ မြေပေါ်သို့ကျသွားခြင်း မရှိချေ။

အပေါ်သို့ ခုန်တက်လိုက်ပြီးမှ သေဆုံးနေသူ၏ ကျောပေါ်သို့ နင်းကာ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယခုအချိန်တိုင်အောင် မြေပေါ်သို့ ခြေမချမိသေး၍ သဘောကျနေ၏။ အူးတိနှင့်အူးကျားတို့ဘက် လှည့်ကာ ...

"ဟေ့ ... ကျုပ် အခုထိ မြေပေါ် မဆင်းသေးဘူးနော်"

"ဟုတ်တယ် ... ဟုတ်တယ်"

ထိုစဉ် မော်ကြွားနေသော အူးကျန်း၏ အနောက်ဘက်မှ ရန်သူတစ်ယောက် တိတ်တဆိတ် ချဉ်းကပ်လာကာ ဓားဖြင့် ခုတ်ချ လိုက်သည်ကို တွေ့လိုက်ရလျှင် ထိတ်လန့်သွားပြီး ...

"အောင်မယ်လေး ... နောက်မှာရန်သူ"

ထိုအသံကြားမှ အူးကျန်း သတိဝင်လာသည်။ လှည့်ကြည့်လိုက်လျှင် သူ့အား ဓားဖြင့်ခုတ်ချရန်ကြံရွယ်နေသော လူတစ်ယောက်ကို တွေ့ရလေသည်။ အူးကျန်းမှာ ရှောင်တိမ်းရန် လုံးဝမစဉ်းစားပါ။

ထိုလူဓားဖြင့် ခုတ်ချနိုင်ခြင်းမရှိမီ လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

ဓားကိုင်ထားသူမှာ အသံပင် မထွက်နိုင်တော့ချေ။ လူတခြား ဓားတခြား လွင့်စဉ်ကာ မြေပေါ်တွင် လဲကျသွားလေသည်။

ခေါင်းဆောင်ဟန်တူသူ ထိတ်လန့်သွားလေသည်။ သို့သော် နောက်ဆုတ်ရန် စိတ်မကူးဘဲ ရှေ့တိုးကာ တိုက်ခိုက်လိုက်ပြန်သည်။ ကျန်နေသော လူနှစ်ယောက်ကလည်း အူးကျန်းအား ခုန်အုပ် တိုက်



ခိုက်လိုက်ကြသည်။ အူးကျန်း ရှောင်တိမ်းရင်း ခြေပေါ်သို့ လဲကျလုလု ဖြစ်သွားရာ ...

"ဟာ ... ကျုပ် မြေပေါ်ကျလို့ မဖြစ်ဘူး"

ပြောပြီး လက်သီးအသုံးပြုကာ ပြန်လည်တိုက်ခိုက်သည်။

သူသည် တိုက်ခိုက်လိုက်သည်ဆိုလျှင်ပင် ...

"အား"

"အွန့်"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး သုံးယောက်စလုံး မြေပေါ်သို့ လဲကျသွားလေသည်။ ထိုလူများသည် မြေပေါ်မှ လုံးဝပြန်ထမလာနိုင်တော့ပါ။ အူးကျန်းပခုံးတွန့်ရင်း ...

"သူတို့ မြေပေါ်မကျရင် ကျုပ်ကျသွားမှာ၊ ကျုပ်မှာ အပြစ်မရှိဘူး"

ပြောပြီး ခြေလှမ်းရန် ဟန်ပြင်လိုက်သည်။

"ဟေ့ ... မြေပေါ် မနင်းနဲ့လေ"

အူးကျန်း ခြေလှမ်းပြန်ရုပ်သိမ်းလိုက်ရသည်။

အူးကျား မျက်မှောင်ကြုတ်ရင်း ...

"မြေပေါ် ခြေမချဘဲ မင်း ဘယ်လိုလုပ်ပြန်လာမှာ

www.burmeseclassic.com

www.burmeseclassic.com



အူးကျန်း အနည်းငယ်စဉ်းစားလိုက်သည်။

"လွယ်ပါတယ်"

သူသည် သေဆုံးနေသော အလောင်းများကို လှမ်းဆွဲလိုက်သည်။ ထို့နောက် တစ်ယောက်မှတစ်ယောက်ခုန်ကျော်ကာ အူးကျားတို့ ရပ်နေသော အုတ်လှေကားပေါ်သို့ ခုန်တက်လိုက်သည်။

အပေါ်သို့ရောက်လျှင် သူ၏ခြေထောက်ကို ငုံ့ကြည့်လိုက်ပြီး ...

"ကျုပ် မြေပေါ် အခုထိ ခြေမချခဲ့ဘူး"

"ဟုတ်တယ် ... ဟုတ်တယ်"

"တို့ ဘယ်သူမှ ခြေမချခဲ့ဘူးဗျ"

သူတို့သုံးယောက် တိုင်ပင်ထားသည့်အလား ဝါးခနဲ ရယ်မောလိုက်ကြသည်။ အတန်ကြာ ရယ်မောပြီးမှ အူးကျားက ...

"တို့ အထဲမြန်မြန်ဝင်မှဖြစ်မယ်၊ တော်ကြာ ဆူဆူညံညံ အသံတွေကြောင့် ကျောင်းထိုင်ဆရာတော်က လူလွှတ်ကြည့်ခိုင်းမှာ သေချာတယ်"

အူးကျန်းက ထောက်ခံလိုက်သည်။

"အေး ... တော်ကြာ သူတို့တွေ့သွားရင် တို့ကို အပြစ်တင်နေဦးမယ်"



သူက မြေပေါ်တွင် လဲကျနေသူများအား ညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်၏။ ထိုစဉ် လဲလျောင်းနေသူများအနက် လူတစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ထိုလူမှာ လုရီဖြစ်သည်။ လုရီမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားသော်လည်း သေဆုံးသွားခြင်း မရှိသေးပါ။

သားတော်ကြီး အူးကျန်းတို့လက်ထဲ ရောက်ရှိသွားပြီး ရန်သူများ သေဆုံးသည်ကိုတွေ့ရလျှင် ဝမ်းသာသွား၏။

သူသည် ကြိုးစား၍ ခါးတွင်ချည်နှောင်ထားသော အထုပ်ကလေးကို ဖြုတ်ယူလိုက်သည်။ ယင်းအထုပ်ကလေးအတွင်း၌ ဘုရင်မင်းမြတ်၏ အမိန့်တံဆိပ်တုံး ရှိလေသည်။

လုရီက အထုပ်ကလေးအား ရှိသမျှအားနှင့် ဖျစ်ညှစ်၍ အူးကျန်းတို့ထံသို့ ပစ်ပေးလိုက်သည်။ အူးကျန်း မျက်မှောင်ကြုတ်ကာ ကောက်ယူလိုက်၏။ ထိုအခါ လုရီက ...

"ဒီပစ္စည်းဟာ သားတော်ကြီးရဲ့ ပစ္စည်းပါ၊ ထိန်းသိမ်းစောင့်ရှောက်ထားပြီး သားတော်ကြီး ကြီးပြင်းလာတဲ့အခါ ပေးပါ"

အူးကျားမှာ လုရီသည် ကလေးငယ်အား အဂ္ဂန်ရှိသေ ရွှေစားကြောင်း စွေစောင်းသောမျက်လုံးများဖြင့် အကဲခတ်မိသည်။

ထို့ကြောင့် လုရီကိုကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးဟာ ဘယ်သူ့ကလေးလဲ၊ မင်းရဲ့ကလေးလား"

"ဘုရင်"

လုရီသည် စကားဆုံးအောင် မပြောနိုင်တော့ပါ။

ပြင်းထန်သောဒဏ်ရာများကြောင့် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့၏။

အူးကျားသည် လုရီသေဆုံးခါနီးတွင် တစ်စုံတစ်ရာ ပြောသွားကြောင်း ရိပ်မိ၏။ သို့သော် မပီပိုးတဝါးစကားသံများသာ ထွက်ပေါ်လာ၍ ကွဲကွဲပြားပြား မကြားလိုက်ရချေ။

အူးတိ၊ အူးကျန်းနှင့် အူးကျားတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် မျက်နှာမဲ့သူမဲ့၊ ပခုံးတွန့်သူတွန့်၊ ခေါင်းကုတ်သူ ကုတ်ကာ အတွင်းဘက်သို့ လှည့်ဝင်သွားကြသည်။

'ဂျိန်း'

တံခါးမကြီး ပြန်လည်ပိတ်သွားသည်။ တာလိဘုရင်၏ သားတော်ကြီးသည် ဒဏ်ကျအဆောင်မှ အပြစ်ဒဏ်ခံရသော ဘုန်းတော်ကြီး သုံးပါးလက်ထဲသို့ ရောက်သွားပြီဖြစ်သည်။

✺ ✺ ✺



## မွေးစားဖခင်များ

အူးကျားက သားတော်ကြီးအား ပွေ့ပိုက်ထားသည်။ အူးတိက တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသည့်အလား ကိုင်တွယ်ကြည့်ရှုနေ၏။

အူးကျားမှာ ဘုရင့်အမိန့်တံဆိပ်တုံးပါ အထုပ်ကလေးကို ကိုင်ကာ ငေးငိုင်နေလေသည်။

သူတို့သည် အကျင့်ပျက်သူများ၊ စရိုက်ကြမ်းသူများအဖြစ် အကျဉ်းချုပ်ခံထားရသည်။

အနှစ်နှစ်ဆယ်လုံးလုံး သွားလာနေထိုင် ရမည် မဟုတ်ချေ။

ယခု ထူးထူးဆန်းဆန်း ကလေးငယ်တစ်ယောက်အား ရရှိလိုက်သည်။

အူးကျန်းက ထိုကလေးငယ်ကိုကြည့်ကာ ...

"ဒီကလေးကို ဘယ်လိုလုပ်ကြမလဲ"

အူးကျားက စဉ်းစားခြင်းမပြုဘဲ ...

"အို ... ကျုပ်တို့ မွေးစားထားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ ကျုပ်တို့သုံးယောက် နွားနို့ပါ လိုချင်တယ်ဆိုပြီး စားဖို့မှူးကို မှာလိုက်မယ်၊ ပြီးမှ ကလေးကို တိုက်ကြတာပေါ့"

ရှောင်လင်ကျောင်းမှ လူတော်တော်များများသည် အူးကျား တို့ သုံးယောက်အား ကြောက်ရွံ့ကြ၏။

ထို့ကြောင့် သူတို့ အလိုရှိသမျှတောင်းတိုင်း ရနိုင်လေသည်။

အူးကျန်းက စဉ်းစားချင့်ချိန်သောလေသံဖြင့် ...

"ကလေးတစ်ယောက် မွေးရတာ မလွယ်ဘူး၊ ကိုယ့်အတွက် အကျိုးမှမရှိတာ၊ တစ်ယောက်ယောက်ကို ပေးပစ်လိုက်ရင် ကောင်းမယ်"

အူးကျားက ဦးခေါင်းကို သွင်သွင်ခါယမ်းလိုက်သည်။

"ဘာဖြစ်လို့ ပေးရမှာလဲ အူးကျန်း၊ မင်း သေသေချာချာ စဉ်းစားကြည့်စမ်းပါ ... တို့သုံးယောက်တည်းရှိတဲ့အခါ အကျဉ်းချခံနေရတာကိုတွေးပြီး စိတ်ညစ်နေရတယ်၊ အခု ဒီကလေးကို ဝိုင်းပြီး ဂရုစိုက်နေရင် တို့တစ်တွေအတွက် ပျင်းစရာအချိန်တွေဟာ ခဏလေးနဲ့ ကုန်ဆုံးသွားမှာပါ"

အူးတိမှာ အူးကျား၏စကားကို သဘောကျနေသည်။



ထို့ကြောင့် ကြားဝင်ကာ ထောက်ခံပြောဆိုလိုက်လေသည်။

"ဟုတ်တယ်၊ တို့တစ်တွေ အကျဉ်းချခံထားရတာက လွတ်မြောက်ရင်လည်း သိုင်းလောက သွားခွင့်မရှိတော့ဘူး၊ သူ့ကို အပျင်းပြေ မွေးမြူရုံတင်မဟုတ်ဘဲ သိုင်းပညာသင်ပေးပြီး တို့ကိုယ်စား သိုင်းလောကကို စေလွှတ်တာ မကောင်းဘူးလား၊ တို့ရဲ့ ပျက်စီးဆုံးရှုံးကုန်မယ့် သိုင်းပညာတွေ သူနဲ့အတူ ပါသွားပြီး သိုင်းလောကမှာ ပျံ့နှံ့သွားလိမ့်မယ်"

ယခုတစ်ကြိမ် အူးကျန်း အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

သူသည် ကလေးငယ်ကို တစ်ချက်ကြည့်ကာ ...

"ကလေးဟာ သိပ်ငယ်လွန်းတယ်၊ သူ့ကိုမွေးပြီး သိုင်းပညာသင်ပေးဖို့ဆိုတာ မလွယ်လှဘူး"

အူးကျား မကျေမနပ်ဖြင့် ...

"ကျုပ်တို့ သုံးယောက်တောင်ရှိတာပဲ၊ စုပေါင်း တာဝန်ယူရင် အခက်အခဲ ရှိနိုင်မှာ မဟုတ်ပါဘူး"

အူးကျန်းမှာ ကလေးငယ်အား မွေးမြူထားသည့်အတွက် ရှောင်လင်ကျောင်းထိုင်ဆရာတော်က ထပ်မံအပြစ်ပေးမည်ကို ထိတ်လန့်ကြောက်ရွံ့နေမိ၍ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်အား စုပေါင်း၍ သိုင်းပညာသင်ကြားပေးပြီး သိုင်းလောကသို့ စေလွှတ်နိုင်လျှင်ဟူသောအတွေးက သူ၏ဟိုတ်လန့်ကြောက်ရွံ့မှုများကို ကွယ်ပျောက်သွားစေခဲ့လေသည်။

အူးကျန်း၏မျက်နှာ တဖြည်းဖြည်း ပြုံးရွှင်လာသည်။

"ကောင်းပြီ ... ကလေးကို မွေးထားပြီး သိုင်းပညာသင်ပေးဖို့ ကျုပ်သဘောတူတယ်"

ထိုစကားကြားရလျှင် အူးကျားနှင့်အူးတိတို့ ဝမ်းသာအားရဖြစ်သွား၏။ အူးကျားက ရယ်မောကာ ...

"တို့တစ်တွေ သူ အရွယ်ရောက်လာတဲ့အခါ သိုင်းပညာသင်ကြားဖို့ အထောက်အကူရအောင် ငယ်စဉ်ကတည်းက ကြိုတင်စီမံပေးမှ ထင်တယ်"

အူးကျန်း ပြုံးကာ ...

"ဒီကိစ္စအတွက် မပူနဲ့ ... ကျုပ် တာဝန်ယူပါ့မယ်"

အူးတိ မျက်မှောင်ကြုတ်ကာ ...

"မင်း ဘယ်လို တာဝန်ယူမှာလဲ"

"ကျုပ်က ကလေးကို ငယ်စဉ်ကတည်းက ခေါင်း၊ လုံ၊ လက်နက်၊ အဆိပ်အန္တရာယ်အမျိုးမျိုး ခုခံကာကွယ်နိုင်အောင် ဆေးရည်စိမ်မယ်၊ ကျုပ်ရဲ့အတွင်းအားကို သူ့ဆီ တဖြည်းဖြည်းချင်း ပို့ဆောင်

BURMESE CLASSIC .com



ပေးမယ်၊ ဒီကလေး ဆယ်နှစ်သားလောက်ရောက်ရင် အဆိပ်ဓားရှမှာကြောက်စရာမလိုတော့ဘူး၊ အသက်နှစ်ဆယ်ပြည့်တဲ့အခါ အတွင်းအား အပြည့်အဝဆုံးဖြစ်လာလိမ့်မယ်"

အူးတိနှင့်အူးကျားတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

တစ်ဖန် အူးကျန်းအား ပြန်ကြည့်လိုက်ပြီး မကျေမနပ်ဖြင့် ...

"ဘယ်ရမှာလဲ ... ကျုပ်တို့လည်း သူ့ကို အတွင်းအားသွင်းပေးမယ်၊ အဖိုးတန်ရှားပါးတဲ့ ဆေးမြစ်တွေ ကျွေးမယ်"

သူတို့သုံးယောက်သည် အလွန်ထူးဆန်းသူများ ဖြစ်ကြသည်။

သူတို့၏လက်တွင်းသို့ ရောက်ရှိသွားသော ဘုရင့်သားတော်ကြီးမှာလည်း ထူးဆန်းသူတစ်ယောက် ဖြစ်ပါလိမ့်မည်။

အူးတိ၊ အူးကျန်းနှင့်အူးကျားတို့မှာ ကလေးငယ်အား သူတို့စိတ်ကြိုက် ပုံသဏ္ဌာန်သွင်းရန် အမျိုးမျိုး ပြောဆိုနေကြ၏။

အကယ်၍သာ ဘုရင့်သားတော်ကြီးမှာ သူတို့ ပြုပြင်သလို ဖြစ်လာလျှင် တစ်နေ့နေ့ တစ်ချိန်ချိန်၌ အလွန်ကျော်ကြားသော ထိပ်တန်းသိုင်းသမားဘဝသို့ ရောက်ရှိသွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပရမ်းပတာသိုင်းသမား ဖြစ်လာမည်ကား အမှန်ပင်။

အူးကျားက အူးကျန်းအား ကြည့်ကာ ...

"ကျုပ်တို့အားလုံး အရေးကြီးတဲ့ အချက်တစ်ချက် မေ့နေပြန်ပြီ"

အူးကျားသည် ဉာဏ်ကောင်းသူ ကြိုတင်သိမြင်တတ်သူဟု မိမိကိုယ်မိမိ သတ်မှတ်ထားရာ အူးကျား၏စကားကို သဘောမကျချေ။

အမှန်တော့ အူးကျားပြောလိုသည့်အကြောင်းကို သူက ရိပ်မိထား၍ ခပ်တည်တည် ကန့်ကွက်စကား ပြောလိုက်လေသည်။

သူသည် အူးကျားအား လက်ကာပြလိုက်ပြီး ...

"အရေးကြီးတဲ့အချက်ဟူသမျှ ကျုပ် ဘယ်တော့မှ မမေ့ဘူးဆိုတာ မင်းမှတ်ထားပါ။ မင်းက ကလေးအတွက် နာမည်ပေးဖို့ကိစ္စ ပြောဖို့ မဟုတ်လား"

သူ၏ ပြောစကား မှန်နေသောကြောင့် အူးကျားမှာ အောင့်သက်သက်ဖြင့် ငြိမ်နေလိုက်လေသည်။

အူးတိလည်း ယခုမှ သတိရလာပြီး ...

"ဟာ ... ဟုတ်သားပဲ၊ ဒီကလေးကို နာမည်တစ်ခုခုပေး



ထားမှ ဖြစ်မယ်"

အူးကျားက မကျေမနပ်ဖြင့် ...

"နာမည်ဆိုတာ အရမ်းလျှောက်ပေးလို့ မဖြစ်ဘူး၊ သူ့မှာ နာမည်ရှိချင်မှ ရှိနေမှာ၊ ဟိုလူ့ကို သွားမေးကြည့်ရင်ကောင်းမယ်"

သူက လုရီအား ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်လေသည်။

အူးတိ ခေါင်းခါယမ်းရင်း ...

"အခုမှ မေးလို့ ဘယ်ရတော့မှာလဲ၊ ဟိုလူသေပြီ မဟုတ်လား"

ထိုစဉ် အူးကျန်းက ကြားဖြတ်ပြောလိုက်လေသည်။

"ကဲ ... တော်ကြပါတော့၊ ကလေးရဲ့ နာမည်ပေးဖို့ ကျုပ်ပဲ တာဝန်ယူပါ့မယ်"

အူးကျားက ...

"မင်းက ဘာနာမည်ပေးမှာလဲ"

အူးကျန်းက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ...

"ဒီကလေးရဲ့ ဆံပင်မည်းနက်တယ်၊ သန်တယ်၊ သူ့ကို တခြားဘုန်းကြီးတွေလို ခေါင်းတုံးရိတ်စရာ မလိုဘူး၊ သူဟာ အများအမြင်မှာ ကျုပ်တို့ကို အလုပ်အကျွေးပြုနေတဲ့ လူတစ်ယောက် ဖြစ်ရမယ်၊ ဒါကြောင့် သူ့ကို ထောက်ရှန်းလို့ အမည်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်းဟူသော အမှိပ္ပာယ်မှာ ဆံပင်နှင့် ဘုန်းတော်ကြီးဟု အဓိပ္ပာယ်ရပါသည်။

အူးကျားနှင့် အူးတိတို့ သဘောကျသွားကာ ...

"ဟုတ်တယ် ... ကောင်းတယ်"

"သူနဲ့ ထောက်ရှန်းဆိုတဲ့နာမည်က အလိုက်ဆုံးပါပဲဗျာ"

အူးကျားသည် အူးကျန်း၏လက်တွင်း၌ ကိုင်ထားသော အထုပ်ကလေးအား တွေ့မြင်သွား၏။ ထို့ကြောင့် လက်ညှိုးညွှန်ကာ

"ဒီပစ္စည်းဟာ ထောက်ရှန်းရဲ့ပစ္စည်း မဟုတ်လား ... ဖွင့်ကြည့်ပါဦးဗျာ"

အူးကျန်းက ယခုမှ သတိရလာပြီး အထုပ်ကလေးအား ဖြည်ကြည့်လိုက်၏။

ထိုအခါ လေးထောင့်စပ်စပ်သဏ္ဍာန်ရှိ ဘုရင့်အမိန့်တံဆိပ်တုံးကို တွေ့ရလေ၏။

သူတို့သည် တာလိဘုရင်၏ အမိန့်တံဆိပ်တုံးဖြစ်ကြောင်း မသိကြပါ။

အူးတိက အူးကျန်း၏လက်မှ လှမ်းယူလိုက်ပြီး ဖင်ပြန်ခေါင်းပြန် စစ်ဆေးကြည့်လိုက်သည်။

တစ်ဖန် အံ့ဩသောလေသံဖြင့် ...



"ဒါ ဘာပစ္စည်းလဲ"

အူးကျန်းက ပညာရှိသဏ္ဍာန်ဖမ်းကာ ...

"ဒါဟာ ထောက်ရှန်းနဲ့အတူ ပါလာတော့ ကလေးကစားစရာပစ္စည်းပဲ ဖြစ်မှာပေါ့"

အူးကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကဲ ... ကျုပ်ကိုပေး၊ ကျုပ်ပဲ သိမ်းထားလိုက်မယ်၊ ကလေးကစားတတ်မှ ထုတ်ပေးတာပေါ့"

အူးကျားက ဘုရင့်အမိန့်တံဆိပ်တုံးကို လှမ်းယူကာ သေသေချာချာ သိမ်းထားလိုက်လေသည်။

ထို့နောက် ကလေးကို ပွေ့ချီကာ ...

"နေပူလာပြီ ... အထဲသွားကြစို့"

သူတို့သုံးယောက်သည် ကလေးငယ်အား ဝိုင်းရံကာ အတွင်းဘက်အဆောင်သို့ ဝင်သွားကြလေတော့သည်။

✿ ✿ ✿

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ပျောက်ဆုံးသွားသော သားတော်နှစ်ပါး

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သုံးနှစ် ...။

သုံးနှစ် ဟူသောအချိန် ကုန်ဆုံးသွားပြီ ဖြစ်ပါသည်။

သုံးနှစ်အတွင်း နယ်စားကြီး ကုန်းချဲ့ကျန်းက လွတ်မြောက်သွားသော ဘုရင့်သားတော်နှစ်ပါးအား သဲကြီးမဲကြီး လိုက်လံရှာဖွေလေတော့သည်။

သို့သော် သတင်းအစအန လုံးဝမကြားရပါ။

ရှာဖွေသူများလည်း ရှာမတွေ့သည့်နောက်ဆုံး စိတ်ပျက်လာကြသည်။ ဖိဖိစီးစီး လိုက်လံရှာဖွေခြင်း မရှိတော့ချေ။

နောက်ဆုံး၌ ဘုရင့်သားတော်နှစ်ပါးစလုံး မထင်မရှား သေဆုံးသွားပြီဟု လက်ခံယုံကြည်လာကြလေတော့သည်။

သို့သော် ကုန်းချဲ့ကျန်း၏ရင်ထဲ၌ မတင်မကျ ဖြစ်နေပါသည်။



သူသည် အခွင့်အခါသင့်တိုင်း၊ အကြောင်းဆုံတိုင်း ဘုရင့်သားတော်နှစ်ပါးအကြောင်း စုံစမ်းနေဆဲ။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဘုရင့်သားတော်နှစ်ပါး ပုန်းကွယ်နေရာမှ ထွက်ပေါ်လာပြီး သူ့အား ရင်ဆိုင်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်ထားသည်။

မည်သို့ဆိုစေ အချိန်ကြာလာသည်နှင့်အမျှ သူကိုယ်တိုင်လည်း သွေးအေးလာတော့၏။

ကုန်းချဲ့ကျန်းသည် တာလိပြည်ကို သိမ်းပိုက်ပြီးနောက် တင်းကျပ်သောစည်းကမ်းများဖြင့် အုပ်ချုပ်ခဲ့သည်။

ထို့ကြောင့် သုံးနှစ်အကြာတွင် အဖိနှိပ်ခံရသော တိုင်းသူပြည်သားများထဲမှ မကျေမနပ် ညည်းညူသံများ နားဝယ်လျှံလာတော့သည်။

လူအများသည် ဘုရင်မင်းမြတ်အုပ်ချုပ်စဉ်က ငြိမ်ဝပ်ပိပြားစွာရှိခဲ့ပြီး အေးချမ်းသာယာစွာ နေနိုင်ခဲ့သော်လည်း ယခု ကုန်းချဲ့ကျန်း၏လက်ထက်တွင် ဆူပူလှုပ်ရှားမှုများ နေရာအနှံ့ ထွက်ပေါ်လာသည်။

ကျန်းချဲ့ကျန်းက စစ်သည်များဖြင့် ဖိဖိစီးစီး နှိမ်နင်းပစ်သော်လည်း မကျေမနပ် လှုပ်ရှားမှုများ ပေါ်လာနေစမြဲ။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချဲ့ကျန်းသည် တာလိပြည်အား နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ရန် နည်းလမ်းအမျိုးမျိုး ရှာကြံခဲ့ရာ နောက်ဆုံး အကြံတစ်ခု ရသွားလေသည်။

ထီးမွေနန်းမွေ ဆက်ခံနိုင်မည့် သားတော်နှစ်ပါး ပျောက်ဆုံးသွားပြီဟု ထင်နေကြသည်။

ထို့ကြောင့် သားတော်တစ်ပါး သေဆုံးသွားပြီး သားတော်တစ်ပါးမှာ ကျန်နေသေး၏။

ထိုသားတော်အား ဘုရင်မင်းမြတ်အဖြစ် ပြန်လည်တင်မြှောက်မည်ဟု လူအများအား အသိပေးကာ သူ၏ညွှန်ကြားခံမည့်လူတစ်ယောက်အား ဘုရင့်သားတော်အဖြစ် ဟန်ဆောင်စေကာ ထီးနန်းလွှဲအပ်ပေးလိုက်မည်။

ပြီးမှ ဘုရင်မင်းမြတ်ကို ချုပ်ကိုင်ကာ သူ့စိတ်ကြိုက် စီမံအုပ်ချုပ်စေမည် ဖြစ်လေသည်။

ဘုရင့်သားတော်ကလေးများမှာ ငယ်လွန်းနေသေး၏။

ထို့ကြောင့် သူကပင် ရင်ခွင်ပိုက် အုပ်ချုပ်ရမည် ဖြစ်လေသည်။

ကုန်းချဲ့ကျန်း၏ အကြံအစည် အောင်မြင်သွားသည်ဟု ဆိုပေမည်။



သူက ဆွေနီးမျိုးစပ်တော်သူ လေးနှစ်သား ကလေးငယ်တစ်ယောက်အား ဘုရင်မင်းမြတ်၏သားတော်ဟု လိမ်လည်လှည့်ဖြား၍ ထီးနန်းတင်လိုက်သည်။

လူအများသည် ကုန်းချဲ့ကျန်း၏လုပ်ရပ်များကို သဘောမကျသော်လည်း ဘုရင်မင်းမြတ်၏ရင်သွေး တကယ်၍အုပ်ချုပ်ခြင်းပင် ဖြစ်သည်ဟု ယူဆသွားကြ၏။

ဆူပူမှုများလည်း တစ်နေ့တခြား လျော့ပါးသွား၏။

ထိုအခါ နောင်တစ်ချိန် ဘုရင့်သားတော်များ ပြန်လည်ထွက်ပေါ်လာလျှင် အန္တရာယ်ကြီးမားလာနိုင်သည်ကို ကုန်းချဲ့ကျန်း ကောင်းစွာ သဘောပေါက်သွားချေပြီ။

တစ်ဖက်က ဘုရင့်သားတော်များအား နှစ်ဆတိုး ကြိုးစားရှာဖွေပြီး တစ်ဖက်က တူဖြစ်သူအား ဘုရင်မင်းမြတ်၏ သားတော်အဖြစ် ထီးနန်းတင်ကာ ပြည်သူများအား လှည့်စားထားခြင်းဖြင့် သူ့စိတ်ကြိုက် လှည့်စားနိုင်ပေတော့သည်။

✲

ဤနေရာမှာ ကျယ်ဝန်းသော အခန်းတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားရဲတိုက်သခင် လုကျင်းရယ်၏အခန်းတစ်ခုဆိုလျှင်လည်း မှားမည် မဟုတ်ချေ။

အခန်းကျယ်အတွင်း၌ လူနှစ်ယောက်တည်းသာ ရှိနေပါသည်။

ထိုလူနှစ်ယောက်မှာ ဓားရဲတိုက်သခင် လုကျင်းရယ်နှင့် လှံ ကိုင်တပ်ဖွဲ့ဝင် ကျန်းစုတို့ဖြစ်ပါသည်။

အခန်းတံခါး လုံခြုံစွာ ပိတ်ထားသည်။

ကျန်းစုနှင့် လုကျင်းရယ်တို့၏မျက်နှာ လေးနက်တည်ကြည် နေသည်ကို ကြည့်ခြင်းအားဖြင့် အရေးကြီးသောကိစ္စ တစ်ခုကာလ်ရာ တိုင်ပင်ဆွေးနွေးဟန်ရှိပါသည်။

မှန်ပါသည် ...။

သူတို့သည် ကုန်းချဲ့ကျန်းက တင်မြှောက်လိုက်သော ဘုရင့် သားတော်အကြောင်း ဆွေးနွေးတိုင်ပင်နေကြခြင်း ဖြစ်၏။

လုကျင်းရယ်က ကျန်းစုကို အကဲခတ်ကြည့်ရင်း ...

"ဘုရင့်သားတော်ငယ် ခင်ဗျားနဲ့ ပါလာတာက ဟုတ်ပါပြီ၊ သားတော်ကြီးက ဘယ်ရောက်သွားသလဲဗျ"

ကျန်းစု ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း မပြောတတ်ဘူး၊ လုရှီနဲ့အတူတူ ပါသွားတာ ပဲ၊ လုရှီရဲ့ သတင်းလည်း ဘာမှမကြားရတော့ သူတို့ သေကုန်ကြပြီ ထင်ပါရဲ့"

"ဒါဖြင့် ကုန်းချဲ့ကျန်းက တင်မြှောက်ထားတဲ့ ဘုရင့်သား တော်ကကော"

ကျန်းစု ပါးစပ်ပိတ်ထားလိုက်လေသည်။ လုကျင်းရယ် သက်ပြင်းချကာ ...

"ကုန်းချဲ့ကျန်းက လုရှီနဲ့ဘုရင့်သားတော်ကြီးကို ဖမ်းမိသွား တာ ဖြစ်နိုင်တယ်၊ လုရှီကိုသုတ်သင်ပြီး သားတော်ကြီးကိုတော့ သူ့ အတွက် အသုံးချဖို့ အံဝင်ခွင်ကျ ဖြစ်သွားနိုင်တာပေါ့"

ကျန်းစုက စဉ်းစားချင့်ချိန်သောလေသံဖြင့် ...

"ပြောလို့မရဘူး၊ အခု ကုန်းချဲ့ကျန်းရထားတဲ့ ဘုရင့်သား တော်ဟာ အစစ်ဖြစ်ချင်ရင်လည်း ဖြစ်မယ်၊ အတုလည်း ဖြစ်နေနိုင် တာပဲ"

"ဒီလိုဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"လွယ်ပါတယ်၊ သားတော်ငယ်ကို ဒီအကြောင်းတွေ အသိ မပေးဘဲ ထားလိုက်တာပေါ့၊ သားတော်ငယ် ကြီးပြင်းလာတဲ့အခါ ကုန်းချဲ့ကျန်းနဲ့ သူတင်မြှောက်ထားတဲ့ဘုရင်ကို သတ်ပစ်ရမှာပဲ"

လုကျင်းရယ် ရင်ထိတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစုအား စိုက်ကြည့်ရင်း ...

"အရမ်းလုပ်လို့ မဖြစ်သေးဘူးထင်တယ်၊ တော်တော်ကြာ သားတော်ကြီးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

ကျွန်းစုက အံကြိတ်ကာ ...

"သားတော်ကြီးဖြစ်နေရင်လည်း ရန်သူ့လက်ထဲရောက်တော့ သူ့လူဖြစ်နေပြီပေါ့၊ သူက ကုန်းချဲ့ကျွန်းအကွက် အကာအကွယ်ပေးတော့မှာပဲ၊ အကျိုးအကြောင်း ရှင်းပြလို့ ထူးမှာမဟုတ်ဘူး၊ သူ့ကိုပါ သုတ်သင်ပစ်လိုက်တာ အေးမယ်"

လုကျင်းရယ် အတော်ကလေး တုန်လှုပ်သွားသည်။

သားတော်ကြီး အစစ်အမှန်ဖြစ်နေပါက အဖြစ်အပျက်အမှန်ကို ရှင်းပြသင့်သည်ဟု ယုံကြည်ထားသည်။

သို့သော် ယခုလောလောဆယ် အချိန်အခါ မကျသေးသဖြင့် ကျွန်းစုနှင့် အငြင်းအခုန် ဆန့်ကျင်ဘက်မပြုလိုဘဲ ပါးစပ်ပိတ်ကာ ဆိတ်ဆိတ်နေလိုက်လေသည်။

✿ ✿ ✿



## သိုင်းပညာသင်ကြားခြင်း

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြန်သည်။

တာလိဘုရင်မင်းမြတ်အား နယ်စားကြီးကုန်းချဲ့ကျွန်း ပုန်ကန်ခြားနားပြီး တိုင်းပြည်သိမ်းပိုက်လိုက်သော အဖြစ်အပျက်များကို လူအများက တစ်စ တစ်စ မေ့လျော့လာကြသည်။

နယ်စားကြီးကုန်းချဲ့ကျွန်း တင်မြှောက်ထားသော ဘုရင်မင်းမြတ် လက်အောက်တွင် ငြိမ်ဝပ်ပိပြားစွာ နေထိုင်ခဲ့ကြ၏။

ဘုရင်မင်းမြတ်မှာ တစ်စထက်တစ်စ အရွယ်ရောက်လာပြီး နယ်စားကြီး ကုန်းချဲ့ကျွန်းလက်မှ တိုင်းပြည်တာဝန်များကို ပခုံးပြောင်းယူနိုင်ပြီ ဖြစ်သည်။

သို့သော် တာလိပြည်တွင် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်မလာချေ။

ရှေးယခင်ကကဲ့သို့ပင် ပြင်းထန်စွာ ဖိနှိပ်ခံရခြင်း၊ အခွန်အကောက် ကြီးမြင့်ခြင်းများ ခံစားရတုန်းပင်။

www.burmeseclassic.com

www.burmeseclassic.com



တာလိပြည်၏ပြည်တွင်း စီးပွားရေးမှာ တစ်စထက်တစ်စ ပျက်စီးယိုယွင်းလာပြီး အချို့လူများသည် အိုးအိမ်လယ်ယာမြေများကို စွန့်စားကာ ထွက်ပြေးသွားကြလေတော့သည်။

ထိုအချိန်တွင် အမှန်တကယ်လွတ်မြောက်သွားသော ဘုရင့်သားတော်နှစ်ပါးမှာလည်း အရွယ်ရောက်လာကြပြီ ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် မတူညီသောစရိုက်များ ရှိနေကြပြီဖြစ်သည်။

သို့သော် သူတို့နှစ်ယောက်စလုံးမှာ သိုင်းပညာများ အပတ်တကုတ် သင်ယူရာ၌ တူညီနေကြလေတော့သည်။

ဆောင်းလေမှာ တသုန်သုန် တိုက်ခတ်လျက်ရှိသည်။

ပတ်ဝန်းကျင်တွင် မြူနှင်းများ အုံ့ဆိုင်းနေ၏။

နံနက်ခင်းအချိန်ဖြစ်သောကြောင့် အလွန်အေးချမ်းနေရာ အိပ်ရာထက်၌ကွေးနေဖို့ပင် ကောင်း တော့သည်။

သို့သော် လူရွယ်တစ်ယောက်သည် အိပ်စက်နားနေခြင်း မရှိဘဲ နှင်းများဖုံးလွှမ်းနေသော မြေပေါ်တွင် သိုင်းပညာလေ့ကျင့်နေ၏။

အေးမြသော နံနက်ခင်းတွင် သူ၏တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေသည်။



ဣလူရွယ်မှာ အသက်တစ်ဆယ့်ခြောက် တစ်ဆယ့်ခုနစ်ခန့်သာ ရှိမည်ဟု ခန့်မှန်းရ၏။ ရှည်လျားသော ဆံပင်များကို ဦးခေါင်းပေါ်တွင် ထုံးထားသည်။

သွယ်လျသောမျက်နှာ၊ ထူထဲသောမျက်လုံး၊ သန်မာတောင့်တင်းသောခန္ဓာကိုယ်တို့ကြောင့် ရုပ်ရည်ချောမောခန့်ညားပြီး ယောကျ်ားပီသသူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်လေသည်။

လူငယ်သည် မြေကွက်လပ်တွင် အတန်ကြာ သိုင်းလေ့ကျင့်ကစားပြီး တစ်ဖန် မလှမ်းမကမ်းတစ်နေရာ လျှောက်သွားပြန်သည်။

ထိုနေရာတွင် လူတစ်ရပ်သာသာမြင့်မားပြီး ခြောက်လက်မ ပတ်လည်ရှိ တိုင်များကို စိုက်ထားပါသည်။

တိုင်များမှာ စုစုပေါင်း ခြောက်ဆယ့်လေးတိုင်ရှိပြီး တစ်တိုင်နှင့်တစ်တိုင် သုံးပေသာသာခန့် ခွာ၍စိုက်ထားခြင်း ဖြစ်၏။

လူရွယ်က ယင်းတိုင်များအကြားသို့ ဝင်သွားပြီး သိုင်းပညာဆက် လေ့ကျင့်နေပြန်၏။

"ယား"

မာန်သွင်းလိုက်ပြီး တိုင်တစ်လုံးအပေါ်သို့ ခုန်တက်လိုက်သည်။ တစ်ဖန် တိုင်၏ထိပ်ပေါ်၌ ကိုယ်နေဟန်ထား အချိုးကျစွာဆက်၍ လေ့ကျင့်နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုင်တစ်လုံးမှ နောက်တစ်တိုင်သို့ လျှင်မြန်ပေါ့ပါးစွာ ခုန်ကူးသွားနိုင်၏၊ လှမ်းသွားနိုင်၏။ တိုင်ပေါ်တွင် ခြေတစ်ဖက်တည်းဖြင့်လည်း ရပ်တည်နေနိုင်လေသည်။

လူရွယ် လေ့ကျင့်နေရာ အချိန်များ ကုန်မှန်းမသိ ကုန်ဆုံးသွားပြီး နှင်းထုကိုထိုးဖောက်ကာ နေရောင်ပင် ထွက်ပေါ်လာပြီ ဖြစ်သည်။ ထိုအခါမှ ...

"ထောက်ရှန်း"

မြေကွက်လပ်တစ်ဖက်ရှိ အဆောင်အတွင်းမှ ခေါ်သံထွက်ပေါ်လာ၏။ လူရွယ်၏ လေ့ကျင့်ရာမှ ရုတ်တရက် ရပ်တန့်သွားကာ ချက်ချင်းပင် မြေပေါ်သို့ ခုန်ချလိုက်ပြီး ...

"လာပါပြီ ဆရာ"

လူရွယ်မှာ "ထောက်ရှန်း" ဖြစ်လေသည်။

တစ်ချိန်က လုရှီနှင့်အတူ ထွက်ပြေးလွတ်မြောက်လာသော ဘုရင့်သားတော်ကြီးဖြစ်၏။ ထောက်ရှန်းသည် သူ့ကိုယ်သူ ဘုရင့်သားတော်ဖြစ်မှန်း မသိပါ။

သူ၏ဆရာများဖြစ်ကြသော အူးကျား၊ အူးကျန်းနှင့် အူးတိတို့က မသိချေ။

သူနှင့်အတူပါလာသော ဘုရင့်တံဆိပ်တုံးသည် ထောက်



ရှန်း ငယ်ရွယ်စဉ်က ကစားစရာပစ္စည်း ဖြစ်ခဲ့သော်လည်း ယခုမူ အူးကျား၏သေတ္တာထဲ၌ ဖုန်အလိမ်းလိမ်းကပ်ငြိကာ ချောင်တစ်ချောင်တွင် ထိုးထားခြင်းခံနေရပေသည်။

ထောင်ရှန်းက ချက်ချင်းပင် အဆောင်သို့ ပြေးသွားကာ ဂိတ်ထားသော တံခါးကို တွန်းဖွင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့် တုတ်ချောင်းတစ်ချောင်း တိုးထွက်လာပြီး ထောက်ရှန်၏ရင်ဝသို့ ထိုးချလိုက်လေသည်။

"အောင်မယ်လေးဗျ"

ထောက်ရှန်း အော်ဟစ်ကာ နောက်သို့ လွင့်စဉ်သွားပြီး မြေပေါ်သို့ ဖင်ထိုင်ကျသွားလေသည်။ အံ့ဩသောမျက်လုံးများဖြင့် အဆောင်တံခါးဝဆီသို့ လှမ်းကြည့်လိုက်လျှင် နှာရှက်ကားသော ဘုန်းတော်ကြီးတစ်ပါး ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုဘုန်းတော်ကြီးမှာ အူးတိဖြစ်ပါသည်။

အူးတိသည် ထောက်ရှန်းကိုကြည့်ရင်း သဘောကျစွာဖြင့် တဟားဟား ရယ်မောနေလေသည်။

ထောက်ရှန်းက နားမလည်နိုင်သော မျက်လုံးများဖြင့်ကြည့်ကာ ...

"ဆရာ ... ဘာဖြစ်လို့ ကျုပ်ကို တုတ်နဲ့ဆောင့်ထိုးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း နာကျင်သွားသော ရင်ဘတ်ကို လက်ဝါးဖြင့် ပွတ်နေ၏။ အမှန်ဆိုလျှင် အူးဇော် ဆောင့်ထိုးချလိုက်သော အင်အားက မသေးလှပါ။

သို့သော် ထောက်ရှန်းသည် ငယ်ရွယ်စဉ်ကပင် အဖိုးတန်ဆေးမြစ်၊ ဆေးဖက်ဝင်သည့် သစ်ဥသစ်ဖုများ စားခဲ့ရသည်သာမက ဆေးရည်စိမ်ကာ အတွင်းအားသွင်းပေးခြင်း ခံခဲ့ရသည်။

ထို့ကြောင့် သာမန်လူများထက် ပို၍ ခံနိုင်ရည်စွမ်းအား ရှိနေခြင်း ဖြစ်လေသည်။ အူးတိ ရယ်မောရာမှ ရပ်တန့်သွားသည်။ ထောက်ရှန်းကိုကြည့်ရင်း မဲ့ရွဲ့ကာဖြင့် ...

"ငါက တုတ်နဲ့ထိုးလို့ တော်သေးတာပေါ့၊ တကယ်လို့များ ဓားနဲ့ထိုးရင် မင်း ဘယ်လိုလုပ်မလဲ"

ထောက်ရှန်း ကျောချမ်းသွားသည်။

"ဆရာ ဓားနဲ့ထိုးရင် ကျုပ်သေသွားမှာပေါ့"

"အေး ... ငါက မင်းကို ဘယ်တော့မှ ဓားနဲ့ထိုးမှာ မဟုတ်ဘူး၊ တခြားလူကသာ မင်းကိုထိုးမှာ၊ နောက်ဆိုရင် အမြဲတမ်း သတိထားရမယ်၊ သူများအလစ်ချောင်းပြီး တိုက်ခိုက်တာကို သတိမပြုနိုင်ရင် သေမှာပဲ၊ သိုင်းလောကဟာ အင်မတန် ရှုပ်ထွေးပွေလီတာ မင်းမှတ်ထား"



ထောက်ရှန်း မကျေမနပ်ဖြစ်သွားသည်။

အူးတိကို တစ်ချက်ကြည့်ရင်း ...

"ကျုပ် ဆရာခေါ်လို့ အပြေးလာမိတာပဲ ... ဘယ်သိနိုင်ပါ့မလဲ"

အူးတိ မျက်လုံးပြူးသွားကာ ...

"မင်း တော်တော်တုံးပါလား၊ သူများခေါ်တိုင်း လာရသလား၊ မှတ်ထား ... သူများစကားဆယ်ခွန်းပြောရင် သုံးခွန်းလောက်ပဲ ယုံရတယ်၊ ဒါတောင်မှ ချင့်ချိန်ပြီးမှယုံ၊ နောက်ဆုံး ကုန်ကုန်ပြောရရင် ငါ့ကိုလည်းမယုံနဲ့၊ မင်းကိုယ်မင်းတောင် မယုံရဘူး၊ ဘယ်သူ့ကိုမှ မယုံတာ အန္တရာယ်အကင်းဆုံးပဲ၊ ကဲလာ ... အထဲဝင်ခဲ့"

ပြောပြီး အတွင်းဘက်သို့ ပြန်ဝင်သွားလေသည်။

ထောက်ရှန်းက ဖင်ထိုင်ကျနေရာမှ ထလိုက်သည်။

ထို့နောက် တင်ပါးတွင် ပေကျံနေသော ဆီးနှင်းများကို ခါထုတ်ပစ်ကာ အဆောင်အတွင်းသို့ လျှောက်သွားလေသည်။

အဆောင်တံခါးတစ်ချပ် ဖွင့်ထား၍ အတွင်းဘက်သို့ လှမ်းဝင်မိလျှင် သူ့အား နောက်ထပ်တိုက်ခိုက်မည့်လူ၊ ရိုက်နှက်မည့်လူကို မတွေ့ရပါ။

အတွင်းဘက်သို့ရောက်လျှင် အူးကျန်း၊ အူးတိ၊ အူးများတို့

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး ငြိမ်သက်စွာ ထိုင်နေကြသည်ကို တွေ့ရ၏။

သူတို့သည် ထောက်ရှန်းကိုကြည့်၍ ပြုံးစိစိ ဖြစ်နေကြ၏။

ထောက်ရှန်း မျက်မှောင်ကြုတ်သွားသည်။ သူ၏ဆရာ သုံးယောက်မှာ အငြိမ်နေတတ်ကြသူများ မဟုတ်ကြပါ။

သူတို့သည် အစဉ်သဖြင့် ငြင်းခုံ၍သော်လည်းကောင်း၊ စကားများ၍သော်လည်းကောင်း တစ်ယောက်နှင့်တစ်ယောက် မကျေမနပ် ဖြစ်နေတတ်ကြသည်။

ယခုမူ သုံးယောက်သား ငြိမ်သက်စွာ ထိုင်နေကြပြီး ပြုံးစိစိ ဖြစ်နေသောကြောင့် တစ်စုံတစ်ခု ထူးခြားပြီးမှ ထောက်ရှန်း နားလည်လိုက်လေသည်။

မည်သို့ ထူးခြားသည်ကိုမူ သူ စဉ်းစား၍မရချေ။ သူသည် အူးတိ၊ အူးကျန်းနှင့် အူးကျားတို့ကို ဦးညွှတ်လိုက်ပြီး ...

"ဆရာတို့ ... ကျုပ်ကို ဘာခိုင်းစရာရှိလို့ ခေါ်တာလဲ"

အူးကျားက လက်ယပ်ခေါ်ရင်း ...

"လာစမ်းပါဦး ... ရှေ့နားရောက်အောင် တိုးခဲ့စမ်းပါဦးကွ"

ထောက်ရှန်းက ရှေ့တိုးသွားလေသည်။

ထိုစဉ် အူးကျားက လက်ထဲတွင် ကိုင်ထားသော ကြိုးစတစ်ခုကို မသိမသာ ဆွဲလိုက်လေသည်။ ယင်းကြိုးစသည် တိုင်တစ်တိုင်မှ



တစ်ဆင့် မျက်နှာကြက် ထုပ်တန်းပေါ်၌ တင်ထားသော တုံးတစ်တုံးကို ချည်နှောင်ထားခြင်း ဖြစ်သည်။

အူးကျားက ကြိုးစကို ဆွဲချလိုက်သောကြောင့် မျက်နှာကြက်ထုပ်တန်းပေါ်တွင် တင်ထားသောတုံးများ ပြုတ်ကျလာလေသည်။

ယင်းသစ်သားတုံးကို အပေါ်မှ ဆိုင်းကြိုးများဖြင့် ဆွဲထားသောကြောင့် ပုခက်သဖွယ် လွှပ်ယမ်း၍ ထောက်ရှန်း၏ နောက်ကျောဆီသို့ ရိုက်ချမိလိုက်လေသည်။

"အောင်မယ်လေးဗျ"

ထောက်ရှန်း အော်ဟစ်ရင်း ရှေ့ငိုက်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။ အူးတိ၊ အူးကျန်းနှင့်အူးကျားတို့မှာ အချင်းချင်း တိုင်ပင်ထားကြသည့်အလား မကျေမနပ် ဖြစ်သွား၏။

ထောက်ရှန်း မကျေမနပ်ဖြစ်သွား၏။ သူ၏ဆရာ သုံးယောက်သည် သိုင်းပညာများ သင်ကြားပေးကြသည် မှန်သော်လည်း သူ့ကို အမျိုးမျိုးနှိပ်စက်သလို ဖြစ်နေသည်ဟု ထင်မိ၏။

ထို့ကြောင့် မကျေမနပ် ဖြစ်သွား၏။ သူက အနှိပ်စက်ခံခဲ့ရပေါင်းလည်း များချေပြီ။ ယနေ့နံနက်တွင် နှစ်ကြိမ်တိုင်တိုင် ခံခဲ့ပြီမဟုတ်လား။ ထောက်ရှန်း လူးလိမ့်ထကာ မကျေမနပ်ဖြစ် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘာဖြစ်လို့ ကျုပ်ကို ရိုက်ရတာလဲဗျာ"

အူးကျား ရယ်မောနေရာမှ ရပ်တန့်သွားပြီး တစ်ဖန် တင်းမာသော မျက်နှာထားဖြင့် ...

"ဟေ့ ...ငါက မင်းကို သက်သက်ညှာညှာရိုက်တာ၊ တခြားလူဆိုရင် မင်းကို တစ်ချက်တည်းနဲ့ အသက်ထွက်အောင် ရိုက်မယ်ဆိုတာ မင်းမှတ်ထား၊ မင်းက ပတ်ဝန်းကျင်ကို သတိမထားဘဲ နေချင်သလိုနေ၊ သွားချင်သလိုသွားမယ်ဆိုရင် တခြားလူ ချောင်းရိုက်တဲ့အခါ ဘယ်လိုလုပ် ရှောင်နိုင်တော့မှာလဲ၊ အချိန်မရွေး မင်းနောက်က တစ်ယောက်ယောက် ချောင်းပြီးရိုက်နိုင်တယ်ဆိုတာ မသေမချင်း မြဲမြဲမှတ်ထား၊ ဒါ ... မင်းကို ငါပညာသင်ပေးတာပဲ"

ထောက်ရှန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ပြန်ပြောရန် စကားရှာမရပါ။ အူးကျားက သေသေချာချာ မှတ်ထားဟု မပြောလျှင်လည်း သစ်တုံးဖြင့် အလစ်ချောင်းအရိုက်ခံရသည့်အတွက် မေ့နိုင်တော့မည် မဟုတ်ချေ။

ထိုစဉ် အူးကျန်းက ထိုင်ရာမှထကာ ထောက်ရှန်းထံသို့ လျှောက်လာ၏။ ထောက်ရှန်း မျက်နှာပျက်သွားသည်။

ချက်ချင်းပင် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ...

"ဆ ... ဆရာကတော့ ကျုပ်ကိုရိုက်ဦးမလို့လား"



ယနေ့ သူ့အား အူးတိနှင့်အူးကျားတို့က ရိုက်နှက်ကြပြီးဖြစ်သည်။ ထို့ကြောင့် အူးကျန်း၏အလှည့်သာ ကျန်တော့သည်။ ထောက်ရှန်း၏စကား ကြားရလျှင် အူးကျန်း ရယ်မောကာ ...

"ကျုပ် ... မင်းကို ပညာသင်ပေးမလို့ပါ"

ထောက်ရှန်း၏မျက်နှာ ရှုံ့မဲ့သွားပြီး ...

"ဆရာတို့ပညာသင်ပေးတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခဏခဏ အရိုက်ခံရတာက ဆိုးတယ်"

အူးကျန်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"အေး ... သူများရိုက်တာ မခံရအောင် လုပ်တဲ့နည်းရှိတယ်၊ အဲဒီနည်း မင်းကို ငါသင်ပေးမယ်"

ထောက်ရှန်း ဝမ်းသာသွားသည်။ မျက်နှာပြုံးရွှင်သွားပြီး

"မြန်မြန်သင်ပေးပါ ဆရာ"

"ကောင်းပြီ ... သူများက မင်းကိုရိုက်တော့မယ်ဆိုရင် မင်းဘာလုပ်မလဲဆိုတာ အရင်ဖြေစမ်း"

ထောက်ရှန်း အဖြေမပေးနိုင်ချေ။ အူးကျန်းကို ကြောင်တောင်တောင် ငေးကြည့်နေ၏။ အူးကျန်းက လက်ဝါးဖြန့်လိုက်ပြီး

"လက်ဝါးကြည့်စမ်း"

ထောက်ရှန်း ငုံ့ကြည့်လိုက်သည်နှင့် လက်ဝါးလှန်ကာ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်း၏ပါးပြင်ကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်လေ၏။

'ဖြန်း'

အသံတစ်ချက် ထွက်ပေါ်လာပြီး ထောက်ရှန်း၏ ပါးပြင် နီရဲသွား၏။ ထောက်ရှန်း ဒယီးဒယိုင်ဖြင့် ဆုတ်သွားကာ ...

"ဆ ... ဆရာ"

အူးကျန်းက လက်ကာပြလိုက်ပြီး ...

"မင်းကို ရိုက်တော့မယ်ဆိုတာ သိလျက်နဲ့ မင်းက ငေးကြည့်နေတယ်၊ အရိုက်ခံရတာပေါ့၊ မှတ်ထား ... သူများ အရိုက်မခံချင်ရင် ကိုယ်က လက်ဦးအောင် ရိုက်ရတယ်"

ထောက်ရှန်း အံ့သြသွားကာ ...

"ဗျာ ... သူများ အရိုက်မခံချင်ရင် ကိုယ်က လက်ဦးအောင် ရိုက်ရတယ်"

"ငါပြောတာ မင်း မယုံဘူးလား၊ လာ ... ငါ့ကို တစ်ချက်လောက် ရိုက်စမ်း"

ထောက်ရှမ်း ဝမ်းသာသွား၏။ သူ့အား အမြဲတစေ ရိုက်နက်နေသော ဆရာများကို သူကလည်း ပြန်ရိုက်လိုပါသည်။

ထို့ကြောင့် လက်ဝါးနှစ်ဖက်ပွတ်ကာ ...

"ဆရာ ရိုက်ခိုင်းတာနော်"



"အေးပါ ... ငါ့ကို ရိုက်စမ်းပါ"

ထောက်ရှန်းက အူးကျန်းအား လက်ဝါးဖြင့် ရိုက်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ် အူးကျန်း၏လက်ဝါးနှစ်ဖက် ခပ်သွက်သွက် လှုပ်ရှားသွားသည်။

'ဖြန်း .. ဖြန်း .. ဖြန်း'

အသံများ ထွက်ပေါ်လာပြီး ထောက်ရှန်း ပါးသုံးချက် အရိုက်ခံလိုက်ရလေသည်။ အူးကျန်းက တဟားဟားရယ်မောရင်း

"ကဲ ... သူများ အရိုက်မခံချင်ရင် ကိုယ်က ဦးအောင် ရိုက်ရတယ်ဆိုတာ မင်း သဘောပေါက်ပြီလား"

ထောက်ရှန်း ပြန်မပြောနိုင်တော့ပါ။

အူးကျန်း၏စကားသည် မှန်ကန်နေပြီး လက်တွေ့တွင်လည်း အသုံးကျလှသည် မဟုတ်ပါလား။

အူးကျားနှင့် အူးတိတို့ ထိုင်ရာမှထလာပြီး အူးကျန်းအနီးတွင် တွဲရပ်လိုက်ကြ၏။ သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြလေသည်။

အူးကျန်းက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

"တို့တစ်တွေ သူ့ကို ပညာသင်ပေးတာ တော်တော်ပြည့်စုံနေပြီ၊ ဒါကြောင့် သိုင်းလောကရဲ့ အတွေ့အကြုံ သဘောတရား၊

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားတွေရဲ့ စိတ်ဓာတ်၊ သိုင်းလောကသားတွေ ပြုမူနေထိုင်ပုံတွေကို သင်ပေးရမယ်"

"ဟုတ်တယ် ... ဟုတ်တယ်"

အူးကျန်းက ထောက်ရှန်းဘက်သို့ လှည့်လိုက်၏။ ထောက်ရှန်းမှာ ထိတ်လန့်တုန်လှုပ်နေ၏။ သူသည် သိုင်းပညာရပ်များစွာအား တစ်ဆင့်ပြီးတစ်ဆင့် တက်ကာ သင်ကြားခဲ့ပြီး ဖြစ်သည်။

ထိုသို့ သင်ကြားရာတွင် နည်းမျိုးစုံဖြင့် နှိပ်စက်ခြင်းခံရပြီး ဖြစ်လေသည်။

ထို့ကြောင့် နောက်ထပ် သိုင်းပညာအသစ် သင်ပေးမည်ဆိုသောအခါ ရင်ထိတ်သွားခြင်း ဖြစ်ပေသည်။

သိုင်းပညာများက တစ်ဆင့်ထက်တစ်ဆင့် မြင့်လာသည်နှင့်အမျှ ကူးကျန်းတို့၏နှိပ်စက်မှုမှာ တစ်စထက်တစ်စ ပြင်းထန်လာသည် မဟုတ်ပါလား။

"ထောက်ရှန်း ... ဒီကိုလာစမ်း"

ထောက်ရှန်း တုန်လှုပ်လာသည်။ ထိုစဉ်မှာပင် ...

'ဒေါင် ဒေါင်'

ခေါင်းလောင်းသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ထောက်ရှန်း၏မျက်လုံးများ ဝင်းလက်သွားကာ



"ဟော ... နံနက်စာလာယူဖို့ အချက်ပေးနေပြီ၊ ဆရာတို့ ထမင်းအငတ်ခံပြီး ကျုပ်ကို ပညာသင်ပေးကြမှာလား"

အူးကျန်း၏မျက်နှာ ရှုံ့မဲ့သွားပြီး မကျေမနပ်ဖြင့် လက်ဝှေ့ယမ်းပြရင်း ...

"သွား သွား ... မင်း မြန်မြန်သွားတော့"

ထောက်ရှန်း ဦးညွတ်ကာ ချက်ချင်းပြေးထွက်သွား၏။

ရှောင်လင်ကျောင်းမှ အူးကျန်းတို့အတွက် ခွဲဝေပေးသော စားသောက်ဖွယ်ရာများကို ထောက်ရှန်းက သွားယူပေးရသည် မဟုတ်ပါလား။

ထောက်ရှန်းမှာ အူးကျန်းတို့အတွက် ခြေဆုပ်လက်နယ် ပြုလုပ်ပေးနေရသော အလုပ်သမား (ဝါ) ဆံရှည်ဘုန်းကြီး (ဝါ) တပည့်အဖြစ် ရှောင်လင်တစ်ကျောင်းလုံး သိထားကြသည် မဟုတ်ပါလား။

ထောက်ရှန်းသည် အလိုအလျောက် ရှောင်လင်ကျောင်းတော်သားတစ်ယောက် ဖြစ်နေချေပြီ။

ဘုန်းကြီးသုံးပါး သင်ကြားပေးချက်အရ ရှောင်လင်ကျောင်းမှ ထိပ်တန်းသိုင်းပညာများကိုလည်း တတ်မြောက်လာခဲ့ပြီ မဟုတ်ပါလား။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com



## စမ်းသပ်ခြင်း

ည ...။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်။ ကောင်းကင်ပေါ်တွင် လခြမ်းပဲ့ကလေးသာ ရှိခြင်းကြောင့် လမင်း၏အလင်းရောင်မှာ အမှောင်ထုကို ဖောက်ခြင်းငှာ မစွမ်းသာချေ။

ဓားရဲတိုက်ပတ်ဝန်းကျင်တွင် လုံခြုံရေးအတွက် အစောင့်များ ကင်းလှည့်စောင့်ကြပ်နေကြ၏။

ကျန်းစုနှင့် ဘုရင့်သားတော်ငယ်ကို လက်ခံပြီးသည့်အချိန်မှစ၍ ဓားရဲတိုက်သခင် လုကျင်းရယ်သည် ဓားရဲတိုက်လုံခြုံရေးကို ပို၍ တင်းကျပ်စွာ စီစဉ်ခဲ့လေသည်။

ဓားရဲတိုက်သို့ ဘုရင့်သားတော်ငယ် ရောက်လာသည့် သတင်းကိုလည်း မည်သူမျှမသိအောင် လျှို့ဝှက်ထားခဲ့၏။

သားတော်ငယ် သုံးနှစ်သားအရွယ်ရောက်မှ သူက ကလေးတစ်ယောက် မွေးစားခဲ့သည်ဟု သတင်းလွှင့်ခဲ့သည်။



လုကျင်းရယ် မွေးစားသည့်ကလေးကို မည်သူမျှ အထူးဂရုမစိုက်သည့်သာမက စိတ်မဝင်စားကြချေ။

မိဘမဲ့သော ကလေးငယ်ကို မွေးစားခဲ့ပြီး လူအများရှေ့တွင် သားငယ်ပမာ ဆက်ဆံခဲ့သော်လည်း နှစ်ယောက်တည်းရှိသည့်အချိန်တွင်မူ ဘုရင့်သားတော်အဖြစ် ရိုသေလေးစားစွာ ဆက်ဆံခဲ့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်နှင့်အမျှ ဘုရင့်သားတော်ငယ်မှာ တဖြည်းဖြည်း ကြီးပြင်းလာ၏။

ထို့နည်းတူ လုကျင်းရယ်နှင့် ကျန်းစုတို့မှာလည်း တဖြည်းဖြည်း အိုမင်းလာကြလေသည်။

ကျန်းစုမှာ ဓားရဲတိုက်မှ မခွာဘဲ သားတော်ငယ်ကို ရင်အုပ်မကွာ စောင့်ရှောက်နေ၏။

သားတော်ငယ် စကားပြောတတ်ပြီး ပြေးလွှားဆော့ကစားလာနိုင်သည့်အချိန်မှစ၍ သိုင်းပညာသင်ကြားပေးခဲ့လေသည်။

သားတော်ငယ်အား လုကျင်းရယ်က ကျိုရန်ကိုးဟု အမည်ပေးခဲ့သည်။

သားတော်ငယ် အရွယ်ရောက်ပြီး သိုင်းပညာစုံသောတစ်နေ့တွင် အဖြစ်မှန်အား ဖွင့်ပြောပြရန် ဆုံးဖြတ်ခဲ့ကြသည်။

သားတော်ငယ် ကျိုရန်ကိုးမှာ စာပေနှင့်သိုင်းပညာကို

www.burmeseclassic.com

www.burmeseclassic.com



အပတ်တကုတ် ကြိုးကြိုးစားစား လေ့လာသင်ယူခဲ့သည်။

ထို့ကြောင့် အသက်တစ်ဆယ့်ခြောက်၊ တစ်ဆယ့်ခုနစ်အရွယ်ကို ရောက်ရှိလာသောအခါ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာချေပြီ။

သူ့အား ကျန်းစုက အနက်ရောင်ဓားတစ်လက် ပေးခဲ့သည်။

ထိုအနက်ရောင်ဓားသည် ဓားအိမ်မှအစ ဓားရိုးအတံအဆုံး အနက်ရောင်ကတ္တီပါစဖြင့် အုပ်ကာ ဖုံးထားခြင်းဖြစ်သည်။

အမှန်မှာ ထိုဓားသည် နန်းစဉ်ဓားဖြစ်သော်လည်း အပြင်လူများ တွေ့မြင်သည့်အခါ မသိနိုင်ရန်အတွက် ထိုသို့ပြုလုပ်ထားခြင်းဖြစ်သည်။

သားတော်ငယ် ကျိုရန်ကိုးမှာ ဓားရဲတိုက်အတွင်း နေထိုင်ခဲ့ရသော်လည်း စာပေပညာရှင်များနှင့်တွေ့ဆုံကာ စာပေများသင်ကြားရသည်။

လုကျင်းရယ်နှင့် ကျန်းစုတို့ကလည်း ပြင်ပဗဟုသုတများပြောပြကြသည်။ ထို့ကြောင့် ပြင်ပလောကနှင့် အဆက်အသွယ်ပြတ်နေသူတစ်ယောက် မဟုတ်တော့ချေ။

သူသည် ပြင်ပလောကသို့ မရောက်ဖူးသော်လည်း မည်သည့်လမ်းမှသွားလျှင် မည်သည့်နေရာသို့ ရောက်နိုင်သည်၊ မည်သည့်နေရာတွင် မည်သည့်အရာရှိသည် စသည်စသည်ဖြင့် ကောင်းစွာ သိထားခဲ့လေသည်။



ကျိုရန်ကိုး အသက်တစ်ဆယ့်ရှစ်နှစ်တင်းတင်းပြည့်လာသောအခါ ကျန်းစုနှင့် လုကျင်းရယ်တို့က လျှို့ဝှက်အစီအစဉ်တစ်ခုကို တိုင်ပင်ဆွေးနွေးပြီး လက်တွေ့ အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ကြလေတော့သည်။

✲

လေပြည်လေညင်းကလေး ဖော့ယမ်းတိုက်ခတ်လာသည်။

ဓားရဲတိုက်ခြံဝင်းအတွင်းရှိ သစ်ပင်များမှ သစ်ရွက်များ လေနှင့်အတူ တရှဲရှဲမြည်ကာ လှုပ်ယမ်းသွားကြလေသည်။

ညအခါ ကျင်လည်ကျက်စားသော ညငှက်တစ်ကောင်က တစ်စုံတစ်ရာကို တွေ့မြင်လိုက်ရသည့်အလား ဂစ်ခနဲ အော်မြည်ကာ ဓားရဲတိုက်နှင့် ဝေးရာသို့ ပျံသန်းသွား၏။

မရှေးမနှောင်းမှာပင် အမှောင်ရိပ်အတွင်းမှ လူရိပ်တစ်ခု လှစ်ခနဲ ထွက်ပေါ်လာ၏။

ထိုလူရိပ်သည် ဓားရဲတိုက်အပေါ်ဘက် ဝရန်တာပေါ်ကို ကျ

www.burmeseclassic.com

www.burmeseclassic.com



နေသော သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်သွား၏။

တစ်ဖန် ကိုင်းကျနေသော သစ်ကိုင်းပေါ်မှတစ်ဆင့် ဝရန်တာပေါ်သို့ ခုန်ကူးလိုက်လေသည်။ လူရိပ်၏ လှုပ်ရှားပုံသည် ကြောင်တစ်ကောင်အလား ပေါ့ပါးဖျတ်လတ်လှပေသည်။

ခားရဲတိုက် ဝရန်တာပေါ်သို့ ခုန်တက်သွားသည်ကို လုံခြုံရေးအစောင့်များ လုံးဝ မတွေ့မမြင်လိုက်ရချေ။

ထိုလူရိပ်သည် အောက်ဘက်မှကင်းလှည့်နေသောအစောင့်များ ထွက်သွားသည်အထိ ငြိမ်၍ စောင့်နေလိုက်လေသည်။

အစောင့်များကျော်ဖြတ်သွားကြလျှင် ခားရဲတိုက်အား ကျွမ်းကျင်ထားသည့်အလား လှစ်ခနဲ ပြေးဝင်သွားသည်။

သူက ကျိုရန်ကိုးအခန်းဆီသို့ ဦးတည်ပြေးသွားခြင်း ဖြစ်ပါသည်။

☼

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

ညဥ့်နက်ကြီးဖြစ်သော်လည်း ကျိုရန်ကိုး အိပ်မပျော်နိုင်သေးချေ။



နောက်တစ်နေ့နံနက်တွင် ကျန်းစုနှင့် လုကျင်းရယ်တို့က သူ့အား အလွန်ထူးဆန်းသောအဖြစ်အပျက်ကို ပြောပြမည်ဟု ကတိပေးထားကြသည်။

သူတို့သည် မည်သည့်အဖြစ်အပျက်များ ပြောကြမည်နည်း။ ကျန်းစုနှင့် လုကျင်းရယ်တို့၏ အမူအရာများ အလွန်ထူးခြားနေကြောင်း သူရိပ်မိပါသည်။

ထို့ကြောင့် သူကိုယ်တိုင်လည်း စိတ်ဝင်စားနေပါသည်။

အထူးသဖြင့် လုကျင်းရယ်မှာ သူ၏ မွေးစားဖခင်ဖြစ်သော်လည်း သူ့အပေါ် ရိုသေလေးစားနေဟန်ရှိကြောင်း အကဲခတ်မိ၏။

သူသည် လုကျင်းရယ်၊ ကျန်းစုတို့နှင့် ထူးဆန်းသော ဆက်နွယ်မှုအကြောင်းကိစ္စများ ရှိနေသည်ဟု ရိပ်မိလာ၏။

မည်သည့်ကိစ္စများ ဖြစ်နေနိုင်သည်ကို စဉ်းစားရင်း ညဥ့်နက်သည်အထိ အိပ်မပျော်နိုင်ခဲ့ပါချေ။

ထိုစဉ် အပြင်ဘက် ဝရန်တာမှ ပေါ့ပါးညင်သာသော ခြေသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကျိုရန်ကိုး အံ့သြသွားသည်။

ညအချိန်မတော် မည်သူက သူ၏အခန်းရှေ့ကို ရောက်ရှိလာသနည်း။ အိပ်ခန်းအပြင်ဘက်တွင် ကျယ်ဝန်းသောအဆောင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲရှိ ကျိုရန်ကိုး မှတ်သားလေ့လာစရာ စာရွက်စာတမ်းများ ရှိနေပါသည်။

ထို့အပြင် အခန်းနံရံတွင် ဓားလှံလက်နက်များ ဆွဲချိတ်လာသေး၏။ အဖိုးတန်ပစ္စည်းဟူ၍ မည်မည်ရရ မရှိချေ။

ညအချိန် ကျူးကျော်လာသူမှာ မိတ်ဆွေမဖြစ်နိုင်ပါ။

အဖိုးတန်ပစ္စည်းများ မရှိပါဘဲ ရောက်လာသဖြင့် သူ့အား လုပ်ကြံရန်ကြိုးစားသူသာ ဖြစ်ပေလိမ့်မည်။

ကျိုရန်ကိုး ရင်ထိတ်သွားသည်။ ချက်ချင်းပင် အိပ်ရာထက်မှ လူးလိမ့်ထကာ အခန်းအပြင်ဘက်သို့ ခုန်ထွက်လိုက်၏။

သူ သင်ကြားတတ်မြောက်ထားသော သိုင်းပညာဖြင့် ရန်သူကို ကောင်းစွာရင်ဆိုင်နိုင်လိမ့်မည်ဟု ယုံကြည်ထားပါသည်။

ကျိုရန်ကိုး အခန်းအပြင်ဘက်သို့ ရောက်ရှိလာသောအခါ စာကြည့်ခန်းမှာ မှောင်မည်းနေသည်ကို တွေ့ရ၏။

ကျိုရန်ကိုးက သတိကြီးစွာထားရင်း အမှောင်ထုအတွင်း မျက်လုံးဝေ့ကြည့်လိုက်သည်။

သူသည် အမှောင်ထဲတွင် မြင်တတ်ကြည့်တတ်အောင် လေ့လာခဲ့ရသော်လည်း ယခုမူ ရန်သူကို မတွေ့မမြင်နိုင်သေးချေ။

ထို့ကြောင့် မသိမသာ ရှေ့သို့တိုးသွားသည်။



စားပွဲတစ်လုံးနှင့် ဝင်တိုက်မိ၍ ရပ်တန့်လိုက်၏။

တစ်ဖန် စားပွဲပေါ်တွင် အသင့်ရှိနေသော မီးအိမ်နှင့် မီးခတ်ကျောက်ကို ယူကာ မီးထွန်းညှိလိုက်လေသည်။

သူ ယင်းသို့မီးထွန်းညှိနေစဉ်မှာပင် နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျိုရန်ကိုးမှာ ရန်သူ လျှပ်တစ်ပြက် တိုက်ခိုက်လာပြီဖြစ်ကြောင်း သိလိုက်၏။ ထို့ကြောင့် မီးအိမ်ကို လက်မှမချဘဲ အပေါ်သို့ ခုန်တက်ကာ ရှောင်တိမ်းလိုက်၏။

တစ်ဆက်တည်းပင် အခန်း၏ ထောင့်တစ်နေရာ ရောက်သည်အထိ ဆုတ်သွားလေသည်။ မီးအိမ်ငြိမ်းသွားခြင်း မရှိပါချေ။

မီးအိမ် မီးရောင်ထွက်ပေါ်လာပြီး အခန်းတစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်သွားလေသည်။ ထိုအခါမှ အခန်းတွင်းသို့ ဝတ်စုံနက်နှင့် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ဝတ်စုံနက်နှင့်လူမှာ မျက်နှာဖုံးစွပ်ထားသောကြောင့် မည်သူမည်ဝါဟု မသိရချေ။ ထိုလူ၏လက်တွင်းမှ ကိုင်ဆောင်ထားသော ဓားသည် မီးရောင်ဖြင့် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေလေတော့သည်။

ကျိုရန်ကိုး မျက်မှောင်ကြုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...

"ခင်ဗျား ... ဘယ်သူလဲ"

ဝတ်စုံနက်က စကားမပြောချေ။ ဓားကို ဝှေ့ယမ်းကာ ကျိရန်ကိုးထံသို့ ပြေးဝင်လာလေသည်။ ထိုလူ၏လှုပ်ရှားမှုမှာ ပေါ့ပါး သွက်လက်ပြီး ထိပ်တန်းသိုင်းသမား တစ်ယောက်ပမာ ကြောက်မက်ဖွယ်ကောင်းသော သိုင်းကွက်များဖြင့် တိုက်ခိုက်လာ၏။

ကျိရန်ကိုး အထင်မသေးဝံ့တော့ပါချေ။

ရှောင်တိမ်းရာ၌ တစ်ချက်မှားသွားလျှင် ရန်သူဓားဖျား၌ အသက်ပါသွားမည်ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ပြန်လည်ခုခံနိုင်ရန် လက်နက်မဲ့နေသောကြောင့် ကျယ်ဝန်းသော အခန်းတွင်းသို့ ဟိုမှသည် ခုန်ပျံရှောင်တိမ်းနေရလေသည်။ ဝတ်စုံနက်နှင့်လူမှာ ကျိရန်ကိုးကို သဲကြီးမဲကြီး တိုက်ခိုက်နေ၏။ သူ၏ တိုက်ခိုက်မှုကြောင့် စားပွဲခုံများ စာအုပ်စင်များ ပြိုလဲကျကုန်၏။

အခန်း၏ ပြတင်းပေါက်တွင် ကာရံထားသော ပဝါများ ဓားချက်မိကာ စုတ်ပြဲကုန်လေသည်။ ကျိရန်ကိုး ဒေါသထွက်လာ၏။

"ဟေ့လူ ... ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို လိုက်သတ်ရတာလဲ"

ဝတ်စုံနက်နှင့်လူက အဖြေမပေးဘဲ ပို၍ဖိကာ တိုက်ခိုက်



လိုက်သည်။ တစ်ကြိမ်တွင် ကျိရန်ကိုး ရှောင်တိမ်းရန် အနည်းငယ်နောက်ကျသွားသောကြောင့် အင်္ကျီလက်မောင်းတစ်ဖက် ဓားချက်ထိကာ စုတ်ပြဲသွား၏။

ကျိရန်ကိုး မျက်နှာမည်းမှောင်သွားသည်။

"ကောင်းပြီ ... ခင်ဗျားဘယ်သူလဲဆိုတာ သိရအောင် ကျုပ်ကြိုးစားကြည့်မယ်"

ပြောရင်း နံရံအနီးသို့ ခုန်သွားကာ နံရံပေါ်တွင် ချိတ်ထားသော လက်နက်များထံမှ ဓားတစ်ချောင်းကို ဆွဲယူလိုက်လေသည်။

ကျိရန်ကိုးမှာ ဓားတစ်လက်ရရှိပြီဖြစ်သောကြောင့် ရှောင်တိမ်းရန်မလိုတော့ဘဲ ဓားကိုဝှေ့ယမ်းရင်း ဝတ်စုံနက်နှင့်လူအား ပြန်လည် တိုက်ခိုက်နိုင်ခဲ့သည်။

ကျိရန်ကိုးသည် ဓားပညာ အလွန်ကျွမ်းကျင်သော ဓားသမားတစ်ယောက် ဖြစ်၏။

ဝတ်စုံနက်မှာလည်း ဓားရေးကျွမ်းကျင်သူ ဖြစ်နေ၏။

သူတို့ တစ်ယောက်နှင့်တစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြရာ သိုင်းကွက်တစ်ရာကျော်လာသည်အထိ အနိုင်အရှုံးမရှိဘဲ လက်ရည်ညီမျှနေလေသည်။ ကျိရန်ကိုး အံ့သြသွား၏။

သူသည် တိတ်တဆိတ်ကျူးကျော်ဝင်ရောက်လာသူ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုပင် အလွယ်တကူ အနိုင်မရသောကြောင့် စိတ်ခတ်ကျဆင်းလာ၏။

ကျန်းစုသင်ကြားပေးသော သိုင်းပညာများကိုလည်း ယုံကြည်မှု လျော့ပါးလာလေသည်။

ယင်းသို့တွေးမိလျှင် တိုက်ခိုက်မှုအရှိန်အဟုန် လျော့ကျသွားသောကြောင့် ဝတ်စုံနက်နှင့်လူ အပေါ်စီး ရရှိသွားလေတော့သည်။

ကျိုရန်ကိုးမှာ ခုခံရင်း နောက်သို့ ဆုတ်ပြီးရင်း ဆုတ်သွားရ၏။ နောက်ဆုံး အခန်းနံရံနှင့်ပင် ကပ်မိသွားသည်။

ထိုစဉ် ဝတ်စုံနက်နှင့်လူက ဓားမြှောက်ကာ ကျိုရန်ကိုးအား အသေသတ်ရန် ခုတ်ပိုင်းချလိုက်လေသည်။

ကျိုရန်ကိုးမှာ ရှောင်၍ မလွတ်တော့ပါ။ သူသည် ကြမ်းပြင်ပေါ်သို့ ခြေတစ်ချက်ဆောင့်ရင်း အပေါ်သို့ ခုန်တက်သည်။ တစ်ဆက်တည်းမှာပင် အောက်မှပင့်၍ခုတ်လိုက်သော ဝတ်စုံနက်၏ဓားချက်ကို ရှောင်ကာ ဓားဖြင့် ပြန်လည်ပိုက်၍ ခုတ်ချလိုက်လေသည်။

သူက ပွတ်ကာသီကာ ရှောင်တိမ်းသွားနိုင်ခြင်း ဖြစ်၏။

လူချင်း အလွန်နီးကပ်နေသောကြောင့် သူ၏ဓားချက်မှာမူ ဝတ်စုံနက်၏မျက်နှာအနီးမှ ရှပ်ကာ ခုတ်ဖြတ်သွား၏။

တိကျလှသော လက်အမှန်းအဆကြောင့် ဝတ်စုံနက်နှင့်လူ



မျက်နှာပေါ်တွင် ဖုံးအုပ်ထားသော ဓာပဝါမှာ ထက်ခြမ်းကွဲသွားတော့၏။

မီးရောင်တွင် ဝတ်စုံနက်၏မျက်နှာကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်။ ထိုသို့ မြင်တွေ့လိုက်ရလျှင် ကျိုရန်ကိုး၏ တစ်ကိုယ်လုံး တောင့်တင်းသွား၏။ ထိုလူအား မယုံကြည်နိုင်စွာကြည့်ရင်း

"ဆရာ"

ဝတ်စုံနက်က ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ပါ။ ဓားကို ပြန်လည်သိမ်းဆည်းထားလိုက်ပြီး ကျိုရန်ကိုးအား ကြည့်ကာ ...

"မင်း မဆိုးဘူး ... မင်းရဲ့ဓားပညာဟာ စိတ်ချရတဲ့အဆင့်မှာ ရှိနေပါပြီ"

ဝတ်စုံနက်နှင့်လူမှာ ကျိုရန်ကိုးအား သိုင်းပညာသင်ကြားပေးသော 'ကျန်းစု' ဖြစ်နေပါသည်တကား။

ကျိုရန်ကိုး ကျန်းစုကိုကြည့်ကာ ...

"ဆရာ ... ဆရာ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

ကျန်းစု သက်ပြင်းချလိုက်သည်။ သူ၏မျက်နှာသွင်ပြင်မှာ လေးနက်တည်ကြည်လာ၏။

"ကျိုရန်ကိုး ... ကျုပ်တို့ဟာ မင်းရဲ့ဘဝမှန်ကို ပြောပြဖို့ခဲ့ ဖြစ်ပြီးပြီ၊ သိုင်းပညာ ထိပ်တန်းအဆင့် မရောက်သေးဘဲ မင်းရဲ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com



မှန်ကို ပြောပြမိရင် အားလုံး ဒုက္ခရောက်ကုန်မယ်၊ မင်းကို ကျုပ် ပညာစမ်းကြည့်တာပါ၊ မင်းရဲ့ပညာဟာ စိတ်ချလို့ရပါပြီ"

ကျိုရန်ကိုး ဝမ်းသာသွားသည်။

သူ၏ရင်ထဲတွင် မတင်မကျဖြစ်နေသောကိစ္စများ မကြာမီ ဖြေရှင်းပြီးသွားပေလိမ့်မည်။ လျှို့ဝှက်ဆန်းပြားလှသော သူ၏ဘဝ မှန်ကိုလည်း သိရှိရတော့မည် မဟုတ်ပါလား။

ကျိုရန်ကိုးက ကျန်းစုအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် လိုက်ပြီး ...

"ဆရာ ... ကျုပ်ဘဝရဲ့ လျှို့ဝှက်ချက်တွေကိုသိရင် ပြောပြ ပါလား"

ကျန်းစု တွေဝေသွားသည်။ သို့သော် အဖြစ်မှန်အား ပြောပြ ရန် ဆုံးဖြတ်ပြီးဖြစ်သည်။

အဖြစ်မှန်များအား ကျိုရန်ကိုးသိသွားလျှင် ငယ်ရွယ်သူဖြစ် သည့်အတွက် စိတ်လိုက်မာန်ပါပြုလုပ်မိမည်ကို စိုးရိမ်ရ၏။

မည်သို့ဆိုစေ သူနှင့် ဓားရဲတိုက်သခင် လုကျင်းရယ်တို့က ထိန်းကျောင်းပဲ့ပြင်ပေးရပေလိမ့်မည်။

ကျန်းစု ပြုံးလိုက်ပြီး ...

"ပြောပြပါ့မယ်၊ ဒါပေမဲ့ ... လုကျင်းရယ်လာတဲ့အထိ စောင့်



ပါဦး"

ကျိုရန်ကိုး မျက်မှောင်ကြုတ်ကာ ...

"လုကျင်းရယ် ဘယ်သွားနေလို့လဲ"

"ကျုပ် ဘယ်မှမသွားပါဘူး ... ရောက်နေပါပြီဗျာ"

ကျန်းစုက အဖြေပေးလိုက်ခြင်း မဟုတ်ပါ။ အောင်မြင်ခန့် ညားသောစကားသံ အခန်းဝမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ကျန်းစုနှင့် ကျိုရန်ကိုးတို့ လှည့်ကြည့်လိုက်သောအခါ ဓားရဲ တိုက်သခင် လုကျင်းရယ် အခန်းတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ မြင်လိုက်ရလေသည်။

လုကျင်းရယ်အား တွေ့ရလျှင် ကျန်းစုက ...

"အတော်ပဲ ... ခင်ဗျား အချိန်မီ ရောက်လာနိုင်သားပဲ"

"ဟား ဟား ဟား ... ဒီကနေ့ ခင်ဗျားက မင်းသားလေးရဲ့ ဓားပညာကို စမ်းသပ်လိမ့်မယ်ဆိုတာ ကျုပ်သိပြီးသားပဲ၊ တစ်ချိန် လုံး အခြေအနေကို အကဲခတ်ကြည့်နေခဲ့ပါတယ်ဗျာ"

ကျိုရန်ကိုးမှာ ကျန်းစုနှင့်လုကျင်းရယ်တို့အား နားမလည် နိုင်စွာဖြင့် အပြန်ပြန်အလှန်လှန် ကြည့်နေမိသည်။ သူ့အား ဓားပညာ စမ်းသပ်ရန် ကျန်းစုနှင့်လုကျင်းရယ်တို့ ကြိုတင်တိုင်ပင်ကာ စီစဉ် ထားခြင်းဖြစ်ကြောင်း သိလိုက်ရပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုနှင့်လုကျင်းရယ်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ကျိုရန်ကိုး၏ရှေ့တွင် ဒူးထောက်ချကာ ...

"မင်းသားလေးကို အရိုအသေပြုပါတယ်"

ကျိုရန်ကိုး မျက်လုံးများ ပြူးကျယ်သွားသည်။

ကျန်းစုမှာ သူ့အား စာပေပညာ၊ သိုင်းပညာသင်ကြားပေးခဲ့သော ဆရာတစ်ယောက် ဖြစ်၏။

ထိုနည်းတူ လုကျင်းရယ်မှာလည်း ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ မွေးမြူလာသူဖြစ်၏။ နှစ်ယောက်လုံး အလွန်ကျေးဇူးကြီးမားသော ကျေးဇူးရှင်များ ဖြစ်ကြ၏။ သူတို့နှစ်ယောက်က အဘယ်ကြောင့် ဒူးထောက် အရိုအသေပေးရပါသနည်း။

ကျိုရန်ကိုးက ကျန်းနှင့်လုကျင်းရယ်တို့အား ကပျာကယာ ဖေးမကာ ဆွဲထူလိုက်သည်။

"ဆရာ ... ကျုပ်ကို ဒူးထောက် အရိုအသေပြုတာ မတော်ပါဘူး"

"ဖေဖေ သားကို ငရဲပေးတာလားဟင်၊ သားကိုဒူးထောက် အရိုအသေပြုစရာ မလိုပါဘူး"

ကျန်းစုနှင့် လုကျင်းရယ်တို့၏ မျက်နှာပေါ်တွင် ကျေနပ်နှစ်



သိမ့်သည့် အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

ကျိုရန်ကိုးသည် သူတို့အား ကျေးဇူးရှင်များအဖြစ် အသိအမှတ်ပြုထားသည် မဟုတ်ပါလား။

ကျန်းစုက သက်ပြင်းလေးပင်စွာချကာ ...

"မင်းသားလေး ... အမှန်တော့ မင်းသားလေးဟာ လုကျင်းရယ်ရဲ့သား မဟုတ်ပါဘူး၊ ကံကုန်သွားပြီဖြစ်တဲ့ တာလိဘုရင်ရဲ့ သားတော်ပါ"

ထိုစကားကြားရလျှင် ကျိုရန်ကိုး ပါးစပ်ဟောင်းလောင်းဖြစ်သွားရလေသည်။ မယုံကြည်နိုင်လွန်းသောကြောင့် အတန်ကြာသည်အထိ စကားမပြောနိုင်ဘဲ ဖြစ်နေ၏။

ကျန်းစုက ဆက်ပြောလိုက်သည်။

"ဘုရင်မင်းမြတ်ဟာ ကံတော်မကုန်မီ မင်းသားလေးကို စောင့်ရှောက်ဖို့ ကျုပ်တို့လက်ထဲ အပ်ခဲ့ပါတယ်၊ မင်းသားလေး ကြီးပြင်းလာအောင် မွေးမြူပြီး တာလိထီးနန်း ပြန်လည်စိုးစံနိုင်အောင် ကျုပ်တို့ တာဝန်ယူ ကြိုးစားပေးရမှာပါ"

လုကျင်းရယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သားလေးဟာ ဘုရင့်သားတော်ပါ။ တစ်နေ့ တာလိထီးနန်းကို သိမ်းပိုက်စိုးစံရမယ့်သူ ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျိုရန်ကိုးသည် မမျှော်လင့်ဘဲ ဘုရင့်သားတော်ဖြစ်မှန်း သိလိုက်ရလျှင် အလွန်ပျော်ရွှင်ဝမ်းသာသွား၏။ သို့သော် ကျန်းစုနှင့် လုကျင်းရယ်တို့ ပျော်ရွှင်ပုံမရသည်ကို တွေ့ရသဖြင့် အံ့သြနေသည်။

တစ်ဆက်တည်းမှာပင် တာလိနေပြည်တော်နှင့် ပတ်သက်၍ သူကြားသိခဲ့ရသော သတင်းများကို ပြန်လည် အမှတ်ရလာလေသည်။

တာလိပြည်အား နယ်စားကြီးကုန်းချဲ့ကျန်းနှင့် ဘုရင်တစ်ပါးအုပ်ချုပ်နေ၏။ သူသည် ဘုရင့်သားတော်ဆိုသော်လည်း နန်းတော်တွင်မရှိဘဲ အဘယ်ကြောင့် ဤနေရာသို့ ရောက်နေရပါသနည်း။

သူသည် ကျန်းစုအား ကြည့်ကာ ...

"ကျုပ်ဟာ ဘုရင့်သားတော်ဖြစ်ရိုးမှန်ရင် နန်းတော်မှာ မနေဘဲ ဘာကြောင့် ဒီနေရာကိုလာပြီး မထင်မရှား နေရတာလဲ"

ကျန်းစု၏မျက်နှာထား တင်းမာသွားသည်။ သူသည် အံကို တင်းတင်းကြိတ်ကာ ...

"မသမာသူတစ်စုရဲ့လက်ချက်ကြောင့် ဘုရင်မင်းမြတ် ကံတော်ကုန်သွားတယ်၊ မိဖုရားကြီးလည်း ဘုရင်မင်းမြတ်နဲ့အတူ သေပွဲဝင်ရှာတယ်၊ သားတော်နှစ်ပါးဟာ လူယုံတော်တွေကြောင့် လွတ်မြောက်ခဲ့ရပေမယ့် တာလိထီးနန်းကိုတော့ စွန့်လွှတ်ခဲ့ရပါတယ်"



ကျိုရန်ကိုးမှာ သေသေချာချာ နားစိုက်ထောင်သော်လည်း ကျန်းစုပြောသည့် စကားအဓိပ္ပာယ်ကို ကောင်းစွာ နားမလည်နိုင်ချေ။ ထို့ကြောင့် ...

"ဆရာ ... ဘယ်သူက ပုန်ကန်တာလဲ"

"အခု တာလိပြည်ကို လွှမ်းမိုးအုပ်ချုပ်နေတဲ့ နယ်စားကြီး ကုန်းချဲ့ကျန်းပေါ့"

"ကုန်းချဲ့ကျန်းကြောင့် ကျုပ်မိဘတွေ သေဆုံးကုန်ရတယ် ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ကုန်းချဲ့ကျန်းကို ဘယ်သူမှ အရေးမယူကြဘူးလား"

ကျန်းစုက မဲ့ပြုံးပြုံးလိုက်သည်။

"ဘုရင်မင်းမြတ်တောင် ကျဆုံးသွားသေးတာပဲ၊ တာလိတစ်ပြည်လုံး ကုန်းချဲ့ကျန်းလက်ထဲ ရောက်နေပြီ၊ သူ့ကို ဘယ်လိုလုပ် အရေးယူမှာလဲ"

ကျိုရန်ကိုး ပါးစပ်ပိတ်ထားလိုက်၏။

ကျန်းစုက ဆက်ပြောလိုက်ပြန်သည်။

"ကုန်းချဲ့ကျန်းကို မင်းသားကလေး ရင်ဆိုင်ခုတ်သင်ပစ်ရမယ်၊ ဒါမှ တာလိထီးနန်းဟာ မင်းသားလေးဆီ ပြန်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်”

ကျိရန်ကိုး၏အမူအရာ အေးတိအေးစက်နိုင်သည်ကို တွေ့ရလျှင် လုကျင်းရယ် ဘဝင်မကျ ဖြစ်သွားလေသည်။

ကျန်းစုအား လှမ်းကြည့်ကာ ...

“ကျန်းစု ... မင်းသားလေးကို အဖြစ်အပျက်တွေ တစ်လုံးမကျန် အကုန်လုံးပြောပြရင်ကောင်းမယ်ထင်တယ်”

“ဘာဖြစ်လို့လဲ”

“ဒါမှ ကုန်းချဲ့ကျန်းရဲ့အကြောင်း ကောင်းကောင်းသိရမှာပေါ့”

ကျန်းစု ခေါင်းညိတ်လိုက်သည်။

“စိတ်ချ ... ကျုပ်ပြောပြမယ်”

ပြောပြီးသည်နှင့် ကျိရန်ကိုးအား စိုက်ကြည့်ရင်း ...

“အဖြစ်အပျက်တွေကို တစ်လုံးမကျန် ပြောပြပါ့မယ် ... သေသေချာချာ နားထောင်ပါ မင်းသားလေး”

သူသည် အဖြစ်အပျက်များအား အစအဆုံး တစ်လုံးမကျန် ပြောပြလိုက်လေတော့သည်။

✸ ✸ ✸



## အတိတ်ခြေရာ

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

ကျိရန်ကိုးမှာ တွေတွေကြီး ငေးငိုင်နေသည်။

သူ၏စိတ်မှာ ပြင်းပြင်းထန်ထန်လှုပ်ရှားခဲ့ပြီး ခရီးရှည်ကြီးတစ်ခုအား ဖြတ်သန်းခဲ့ရသူပမာ မောပန်းစွာ ခံစားနေလေသည်။

ကျန်းစု၏ ပြောစကားများကို နားထောင်ရခြင်းဖြင့် ကုန်းချဲ့ကျန်း၏လက်ထဲမှ လွတ်မြောက်စေရန် အသက်လုကာ ပြေးလာရပုံကို သိလာရ၏။

သူ ငယ်လွန်း၍ မမှတ်မိသော်လည်း ကျန်းစုမှာ သူ့အား အသက်စွန့် ကယ်တင်သူဖြစ်ပေရာ ကျေးဇူးတင်ထိုက်ပေသည်။

ကျိရန်ကိုးက ကျန်းစုကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

“ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ”

www.burmeseclassic.com

www.burmeseclassic.com



ကျန်းစုက ပြုံးနေလေသည်။ ကိုရှန်ကိုးမှာ ဘုရင့်သားတော်ဖြစ်မှန်းသိရှိသွားသော်လည်း သူတို့အပေါ် ပြောင်းလဲစွာဆက်ဆံလိမ့်မည်မဟုတ်ဟု ကြိုတင်ခန့်မှန်းထားလေသည်။

ကိုရှန်ကိုးက လုကျင်းရယ်ဘက်သို့ တစ်ဖန်ပြန်လှည့်လိုက်ပြီး …

"ကုန်းချဲ့ကျန်း၏ အန္တရာယ်ကို မကြောက်မရွံ့ စွန့်စားပြီး ကျုပ်ကိုကယ်တင်လက်ခံခဲ့ရုံမက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ကျေးဇူးဟာ ဆပ်လို့မကုန်ပါဘူး၊ ဒါကြောင့် ကျေးဇူးရှင် မိဘအရင်းလိုပဲ သဘောထားပါရစေ ဖေဖေ"

လုကျင်းရယ်၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာလေသည်။

သားတော်ကလေးအား ကယ်တင်မိသည့်အတွက် သူ ဘယ်သောအခါမှ နောင်တရလိမ့်မည် မဟုတ်ချေ။

"သားတော်ကြီးအား မကယ်တင်နိုင်ခဲ့၍သာ ညီအစ်ကို နှစ်ယောက် ကွဲပြားသွားရခြင်းဖြစ်သည်"

လုကျင်းရယ်သည် ကုန်းချဲ့ကျန်း တင်မြှောက်ထားသောဘုရင်မှာ သားတော်ကြီး ဖြစ်လိမ့်မည်ဟု ယုံကြည်ထားသည်။ ဤကိစ္စမှာ ကျန်းစုနှင့် သဘောထားကွဲလွဲစရာ ဖြစ်လာသည်။



ကိုရှန်ကိုးက ကျန်းစုကိုကြည့်ရင်း …

"ဆရာ … ကျုပ်ရင်ထဲမှာ မရှင်းလင်းတဲ့ အချက်ကလေးတွေ ရှိသေးလို့ မေးချင်ပါသေးတယ်"

ကျန်းစု ဦးခေါင်းညိတ်ပြလိုက်ပြီး …

"မေးပါ … ကျုပ်သိတဲ့ကိစ္စမှန်သမျှ ဖြေပါ့မယ်"

"အခု ထီးနန်းစိုးစံနေတဲ့ တာလီဘုရင်ဟာ ဘယ်သူလဲ … ကျုပ်ရဲ့ ပျောက်ဆုံးနေတဲ့ အစ်ကိုကြီးများ ဖြစ်နေမလား"

ကျန်းစုက သက်ပြင်းချကာ …

"သားတော်ကြီး ဖြစ်နိုင်တယ်, မဖြစ်နိုင်ဘူးဆိုတာ ပြောဆိုဝေခွဲလို့မရဘူး၊ တကယ်လို့သာ သူဟာ ဘုရင်မင်းမြတ် တံဆိပ်တုံးကို အမိန့်တုံးကို အမိန့်ကြေညာတဲ့အခါ ထည့်သုံးရင် သားတော်ကြီးဆိုတာ သေချာပြီပေ့ါ၊ ဘုရင့်တံဆိပ်တုံး မသုံးသရွေ့ အတုလို့ သတ်မှတ်ရမှာပဲ"

ကိုရှန်ကိုး မျက်မှောင်ကြုတ်ပြီး …

"အမိန့်တံဆိပ်တုံးရှိမှ ကျုပ်အစ်ကို ဖြစ်မှာပေ့ါ"

"ဟုတ်တယ်၊ အမိန့်တုံးသာမရရင် အတုပဲ၊ ကုန်းချဲ့ကျန်းက ပြည်သူပြည်သားတွေကို လှည့်စားခဲ့တာပဲ ဖြစ်မယ်"

ကိုရှန်ကိုးက အံကိုတင်းတင်းကြိတ်ကာ …

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဘုရင်အတုနဲ့ ကုန်းချဲ့ကျန်းကို သုတ်သင်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါပြီ၊ တာလိထီးနန်းဟာ တစ်နေ့ ကျုပ်လက်ထဲ ရောက်ရပါစေ့မယ်"

လုကျင်းရယ်က စိုးရိမ်ကြောင့်ကျသော လေသဖြင့် ကြားဖြတ် ပြောလေသည်။

"မင်းသားလေး ဘယ်နေရာမဆို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့၊ တာလိဘုရင်နဲ့ တွေ့တဲ့အခါ တံဆိပ်တုံး ရှိ/မရှိ အရင်စစ်ဆေးမေးမြန်းကြည့်ပါဦး၊ အမိန့်တံဆိပ်တုံး မရှိတာ ကျိန်းသေမှသာ သုတ်သင်ပါ၊ တော်ကြာ ညီအစ်ကိုအရင်းတွေ ဖြစ်နေရင် ခက်မယ်"

ကျိုရိန်ကိုးမှာ အနည်းငယ် တွေဝေသွားသည်။ ထိုစဉ် ကျန်းစုက ဝင်ပြောလေသည်။

"မင်းသားလေး ... တာလိဘုရင်ဟာ သားတော်ကြီးဖြစ်နေရင်လည်း ညှာစရာမလိုပါဘူး၊ သူဟာ ရန်သူ့ဘက်သားလုံးလုံး ဖြစ်နေရောပေါ့၊ ခြေမ,မကောင်း ခြေမ၊ လက်မ,မကောင်း လက်မ၊ မကောင်းတဲ့လူဟာ မကောင်းမှုဒဏ်ကို ခံရမှာပဲ၊ သံယောဇဉ်ထားစရာမလိုဘူး၊ အခွင့်အရေးရရင် တစ်လက်စတည်း သုတ်သင်ပစ်လိုက်တာ အေးပါတယ်၊ သူ့ညီငယ်ဆိုပြီး မင်းသားလေးကို ညှာမှာမဟုတ်ဘူး၊ ထီးနန်းစိုးစံနေနိုင်ရေးအတွက် မင်းသားလေးကို ကုန်းချဲ့ကျန်း



လက်ထဲအပ်လိုက်မှာပဲ"

ကျန်းစုပြောလိုက်သောစကားမှာ ရှင်းပါသည်။

ကျိုရန်ကိုး မျက်နှာ တင်းမာသွားသည်။

သူသည် ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်ကာ ...

"ကောင်းပါပြီ ဆရာ၊ မကောင်းမှုပြုသူဟာ မကောင်းတဲ့ အပြစ်ဒဏ် ခံရမှာပေါ့ ... ကျုပ် ဘယ်သူ့ကိုမှ မညှာပါဘူး၊ ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးဖြစ်စေချင်တဲ့အတိုင်း ဖြစ်အောင် ကြိုးစားပါတော့မယ်"

ထိုစကားကြားလျှင် လုကျင်းရယ်၏ရင်ထဲ လေးလံလာလေသည်။ ကျိုရန်ကိုးသည် သွေးရင်း အစ်ကိုဖြစ်နေလျှင်ပင် ဘုရင်နှင့် ကုန်းချဲ့ကျန်းတို့ကို ချမ်းသာပေးတော့မည် မဟုတ်ပါချေ။

သူသည် အတန်ကြာစဉ်းစားပြီး သက်ပြင်းမသိမသာ ချလိုက်လေသည်။ သဘောတရားရေးရာထက် လက်တွေ့ဆန်သော အမူအကျင့် သုံးတတ်သည့် ကျန်းစု၏တပည့်မှာ ကျန်းစုကဲ့သို့ပင် ဖြစ်လာမည် မဟုတ်ပါလား။

ကျန်းစုနှင့်တူ၍ လူဆိုးလူမိုက်တစ်ယောက် ဖြစ်လာမည် မဟုတ်ပါ။ တာလိဘုရင်မှာ သားတော်ကြီးမဖြစ်ပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းနေရလေတော့သည်။ ထိုစဉ် ကျန်းစုက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းသားလေးအတွက် အမွေပစ္စည်းတစ်ခုကို ကျုပ်တို့ ထိန်းသိမ်းစောင့်ရှောက်ထားရတာ ကြာလှပါပြီ၊ ဒီကနေ့ကစပြီး မင်းသားလေးကိုယ်တိုင် စောင့်ရှောက်ဖို့ လွှဲအပ်ပါတော့မယ်"

ကျိုရန်ကိုး အံ့သြသွားသည်။ ကျန်းစုပေးမည့်ပစ္စည်းကို စိတ်ဝင်စားစွာ ကြည့်မိ၏။ အမှန်တော့ ကျန်းစုပေးသည့်ပစ္စည်းမှာ ထူးခြားလှသည် မဟုတ်ပါချေ။ သူ သိုင်းပညာလေ့ကျင့်ရာတွင်ကိုင်သော ဓားအနက်တစ်ချောင်း ဖြစ်လေသည်။

ဓားအနက်ကိုတွေ့ရာတွင် ကျိုရန်ကိုးမှာ မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒီဓားဟာ ထူးခြားတဲ့ပစ္စည်း ဖြစ်နိုင်ပါ့မလား"

လုကျင်းရယ် ခေါင်းညိတ်ကာ ...

"ဖြစ်နိုင်ပါတယ်"

"ဘာကြောင့်လဲ"

"ဒီဓားဟာ သာမာန်ဓားတစ်ချောင်း မဟုတ်ပါဘူး ... မင်းသားလေးနဲ့အတူ ပါလာတဲ့ နန်းစဉ်ဓား ဖြစ်နေလို့ပါ"

ကျိုရန်ကိုး ပါးစပ်ပိတ်သွားလေသည်။

ထိုအခါ အဖိုးတန် ကျောက်မျက်ရတနာများ စီခြယ်ထားသော နန်းစဉ်ဓား ထွက်ပေါ် လာသည်ကို တွေ့လိုက်ရ၏။



နန်းစဉ်ဓားပြုလုပ်ထားပုံမှာ အလွန်လက်ရာမြောက်ပြီး ရောင်စဉ်ခုနစ်မျိုးရှိသော ရတနာများဖြင့် စီခြယ်ကာ မွမ်းမံထားခြင်း ဖြစ်လေသည်။

ရုတ်တရက်ကြည့်လျှင် နန်းစဉ်ဓားမှာ သက်တန့်ရောင် ဖြာထွက်နေသည်ကို တွေ့ရပေမည်။ ကျိုရန်ကိုးမှာ နန်းစဉ်ဓားကိုကြည့်ပြီး စကားမပြောနိုင်ဘဲ ဖြစ်နေ၏။ ကျန်းစုက သူ့ထံသို့ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လှမ်းပေးလိုက်၏။

ကျိုရန်ကိုးသည် နန်းစဉ်ဓားကို လှမ်းယူလိုက်ပြီး လက်နှစ်ဖက်ဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်နေ၏။

သူ နေ့စဉ် တွေ့မြင်နေကျ ဓားနက်မှာ အလွန်အဖိုးတန်သော နန်းစဉ်ဓား ဖြစ်နေသည်မဟုတ်ပါလား။

သူ့ဘဝအတွက် အထင်ကရ အမှတ်အသားပစ္စည်းတစ်ခုလည်း ဖြစ်နေပေသည်။ နန်းစဉ်ဓားကို ကိုင်ထားရင်း မမြင်ဖူးခဲ့သော အစ်ကိုဖြစ်သူအား တွေး၍ ပုံဖော်ကြည့်မိ၏။

သူ၏အစ်ကိုတွင် သက်သေအထောက်အထားအဖြစ် အမိန့်တံဆိပ်တုံး ရှိနေပေလိမ့်မည်။ သူသည် စဉ်းစားဆင်ခြင်ဉာဏ်ရှိသော ကြောင့် မည်သည့်ကိစ္စမဆို အလွယ်တကူ မဆုံးဖြတ်ဘဲ အခြေအနေ ဝေဖန်ပိုင်းခြားပြီးမှ သင့်လျော်သလို ဆုံးဖြတ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းချဲ့ကုန်း တင်မြှောက်ထားသော တာလီဘုရင်မှာ သူ၏ အစ်ကို ဖြစ်နိုင်သလို သူစိမ်းလူတစ်ယောက်တည်း ဖြစ်နိုင်ပေ၏။ သူ၏အစ်ကိုဖြစ်လျှင် ဘုရင့်အမိန့်တံဆိပ်တုံး ရှိရပေမည်။

တာလီဘုရင်နှင့်တွေ့ဆုံသည့်အခါ အမိန့်တံဆိပ်တုံးအကြောင်း မေးမြန်းရပေမည်။ အဖြေပေးနိုင်ပြီး ထုတ်ပြနိုင်လျှင် အဖြစ်မှန်များကိုပြောကာ နယ်စားကြီး ကုန်းချဲ့ကျုန်းအား ညီအစ်ကိုနှစ်ယောက် ပေါင်း၍ သုတ်သင်ပစ်နိုင်ပေလိမ့်မည်။

အကယ်၍ တံဆိပ်တုံးမပြနိုင်ဘဲ အတုဖြစ်နေပါက ကုန်းချဲ့ကျုန်းနှင့်အတူ သုတ်သင်ရှင်းလင်းပစ်ရပေမည်။

တာလီဘုရင်သာ သူ၏အစ်ကိုအရင်း မဟုတ်ခဲ့လျှင် ကျိုရန်ကိုးသည် ဆက်မတွေးရဲတော့ချေ။

သူ၏အစ်ကိုသည် အလွန်အခြေအနေဆိုးခဲ့ဟန် ရှိသည်။

တာလီဘုရင်သာမဟုတ်လျှင် လူ့လောကတွင် အသက်ရှင်လျက်ရှိရန် ဆယ်ပုံပုံလျှင် တစ်ပုံမျှသာ မျှော်လင့်ချက်ရှိပေလိမ့်မည်။

ကျိုရန်ကိုး၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။ မိဘညီအစ်ကိုများနှင့် ကွဲသွားအောင် စည်းစိမ်ချမ်းသာ ပြိုကွဲပျက်စီးအောင် ပြုလုပ်ခဲ့သူများကို လက်စားမချေဘဲ နေနိုင်တော့မည် မဟုတ်ချေ။



ကျိုရန်ကိုးက နန်းစဉ်ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး

"ဖေဖေ ... ဖေဖေ့ကို လုပ်ကြံတဲ့လူနဲ့ တာလီထီးနန်းကို မတရား သိမ်းပိုက်ထားတဲ့လူတွေကို သားလက်စားချေ သုတ်သင်ပစ်ပါ့မယ်၊ တာလီထီးနန်းကိုလည်း ပြန်လည်သိမ်းယူမယ်ဆိုတာ ကတိပေးပါတယ် ဖေဖေ"

ယခုတစ်ကြိမ် သူက ကံတော်ကုန်သွားပြီဖြစ်သော တာလီဘုရင်မင်းမြတ်အား တိုင်တည်လိုက်ခြင်း ဖြစ်ပါသည်။ ကျိုရန်ကိုးကို ကြည့်ရင်း ကျန်းစုနှင့် လုကျင်းရယ်တို့ စိတ်မကောင်းဖြစ်သွား၏။ သို့သော် အနှစ်နှစ်အလလက သူတို့ စောင့်မျှော်နေခဲ့ရသည့် မျှော်လင့်ချက်များ၊ ရည်ရွယ်ချက်များ မကြာမီ ပြည့်ဝလာတော့မည်။

သူတို့သည် ဘုရင့်သားတော်ကလေးအား ကြီးပြင်းလာသည်အထိ အန္တရာယ်ကင်းစွာ မွေးမြူလာနိုင်ခဲ့သည်သာမက ယခုဆိုလျှင် ဘုရင့်သားတော်ကလေးသည် ဘက်စုံပညာတတ်မြောက်ထားပြီး ရန်သူများကိုရင်ဆိုင်ရန် အသင့်ရှိနေချေပြီ။

ကျန်းစုနှင့် လုကျင်းရယ်တို့ ... တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တဖြည်းဖြည်း ပြုံးရွှင်လာကြလေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းတော်မှရန်စ

အူးတိ၊ အူးကျန်းနှင့် အူးကျားတို့မှာ ရှောင်လင်ကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကို မလိုက်နာသည့်အပြင် ထိပ်တန်းသိုင်းပညာများကို ခိုးယူလေ့လာသင်ကြားခဲ့ကြသည်။

ထိုမှုမက သိုင်းလောကသို့ ခြေဆန့်ပြီး ပြဿနာအမျိုးမျိုးကို ဖန်တီးခဲ့ကြသောကြောင့် ရှောင်လင်ကျောင်းထိုင်ဆရာတော်နှင့်အတူ တာဝန်ရှိသူများက မကျေနပ်ကြချေ။

ထို့ကြောင့် အပြစ်ဒဏ် အနှစ်နှစ်ဆယ်လုံးလုံး ကျခံစေရန် ချမှတ်ခဲ့၏။

အူးတိ၊ အူးကျန်းနှင့် အူးကျားတို့အား မကျေနပ်သူများအနက် ဖိတုန်းဆိုသူမှာ အဆိုးဝါးဆုံးဖြစ်သည်။

ဖိတုန်းသည် ရှောင်လင်ကျောင်း၌ လာရောက် သိုင်းပညာသင်ကြားသူများကို တာဝန်ယူသင်ကြားပေးရသော နည်းပြဆရာတစ်ယောက် ဖြစ်သည်။



သူ၏သိုင်းပညာအလွန်ထက်မြက်နေသော်လည်း အူးကျန်းတို့ သုံးယောက်နှင့်စာလျှင် နိမ့်ကျနေသောကြောင့် မကျေမနပ် ဖြစ်ရခြင်းပင်။

အမှန်စင်စစ် ...

အူးကျန်းတို့သုံးယောက်၏ သိုင်းပညာသည် ကျောင်းထိုင်ဆရာတော်နှင့် မတိမ်းမယိမ်းအနေအထားသို့ ရောက်ရှိနေကြပြီဖြစ်ရာ ရှောင်လင်ကျောင်းတွင် သိုင်းပညာအမြင့်မားဆုံး ပုဂ္ဂိုလ်စာရင်းဝင်နေကြပြီ မဟုတ်ပါလား။

ဖိတုန်း ...။

ဖိတုန်းသည်ကား ကြေးစားသိုင်းသမားဘဝမှ ရှောင်လင်ကျောင်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အူးကျန်းတို့သုံးယောက်နှင့် မသင့်မြတ်ခြင်း ဖြစ်ပေသည်။

ဖိတုန်းသည် အူးကျန်းတို့ အနှစ်နှစ်ဆယ်အပြစ်ဒဏ် ချမှတ်ခြင်း ခံရသောအခါ အလွန်ပျော်ရွှင်သွားသည်။

အခွင့်အရေးရလျှင် နောက်ထပ် အပြစ်ဒဏ်များ ခံရလေအောင် အစဉ်အမြဲ ကြံစည်နေတတ်သည်။

သူသည် အူးကျန်းတို့ကို မကျေနပ်သောကြောင့် အူးကျန်း

www.burmeseclassic.com

www.burmeseclassic.com



တို့၏ တပည့်ဖြစ်သော ထောက်ရှန်းကိုလည်း မျက်စိစပါးမွေး စူးလာ
လေတော့သည်။

✹

ထောက်ရှန်း၏မျက်နှာ ရှုံ့မဲ့နေပါသည်။

သူ၏ရှေ့တွင် အူးကျား ရှိနေ၏။ အူးကျန်းနှင့် အူးတိတို့က
မလှမ်းမကမ်းမှ အကဲခတ် ကြည့်နေကြလေသည်။

ယခုဆိုလျှင် ထောက်ရှန်း သူတို့လက်ထဲရောက်လာသည်
မှာ တစ်ဆယ့်ရှစ်နှစ် ကျော်လွန်လာခဲ့ချေပြီ။ ထို့အပြင် သိုင်းပညာ
ထူးချွန်သူတစ်ယောက် ဖြစ်နေပြီမဟုတ်ပါလား။ ထောက်ရှန်း၏
ပညာ မည်မျှပင် ထူးချွန်နေပါစေ၊ အူးကျားတို့သုံးယောက်နှင့် တွေ့
သောအခါ အမြဲပင် အနိုင်စက်ခံနေရတတ်လေသည်။

ယခုလည်း အူးကျားက တုတ်တစ်ချောင်းကိုင်ကာ ထောက်
ရှန်းအနီးသို့ ချဉ်းကပ်လာပြီ ဖြစ်ပါသည်။

သူက အူးကျန်းနှင့် အူးတိတို့အား ညွှန်ပြကာ ...

"သူတို့က မင်းကို အကြားအာရုံနဲ့ စဉ်းစားဆင်ခြင်



သဘောတရားတွေ ပြောပြပြီးပြီ မဟုတ်လား"

ထောက်ရှန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ပြောပြပြီးပါပြီ ဆရာ"

အူးကျားက ပြုံးကာ ...

"ဒါဖြင့် ... ကျုပ်က အမြင်ပညာသင်ပေးမယ်"

သူသည် မျက်စိစောင်းနေသော်လည်း အမြင်သန်လွန်းသူ
ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်လက်ခံထားသူ ဖြစ်ပါသည်။ အူး
ကျားက ပညာသင်ပေးမည်ဆိုလျှင် ထောက်ရှန်း စိတ်ပျက်သွားလေ
သည်။ သူတို့က ခပ်နာနာ ရိုက်နှက်ခြင်းဖြင့် သင်ပေးသောပညာကို
မမေ့အောင် စွဲမြဲစွာ မှတ်သားနိုင်မည်ဟု ယုံကြည်ထားကြလေသည်။

ထောက်ရှန်း မသိမသာ နောက်ဆုတ်သွားသည်ကို တွေ့ရ
လျှင် အူးကျားက လက်ကာပြရင်း ...

"ဟေ့ ဟေ့ ... မင်း ဘယ်သွားမလို့လဲ၊ လာခဲ့ ... လာခဲ့၊
ပညာသင်ပေးမလို့ဆိုမှ မင်း နောက်ဆုတ်သွားလို့ ဘယ်ရမလဲ"

ထောက်ရှန်း မတတ်သာဘဲ ရှေ့တိုးလာရလေသည်။

ထိုအခါ အူးကျားသဘောကျစွာ ပြုံးလိုက်သည်။

လက်ထဲမှတုတ်ကို မြှောက်ကာ ...

"အမြင်ပညာဆိုတာ သိမ်မွေ့ခက်ခဲတယ်၊ ဥပမာ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က တုတ်ကိုင်ပြီး မင်းဆီလာနေပြီဆိုတော့ မင်းကို ဘာလုပ်မယ် ထင်သလဲ"

"မသိဘူး"

အမှန်ဆိုရင် ရန်သူမှသာ တိုက်ခိုက်ပေလိမ့်မည်။

ရန်သူမဟုတ်လျှင် ဓားကိုင်ဆောင်၍လာသော်လည်း တိုက်ခိုက်မည် မဟုတ်ပါ။

ထိုသို့ တွေးမိသဖြင့် ထောက်ရှန်း အဖြေမပေးခြင်း ဖြစ်ပါသည်။ အူးကျား မျက်မှောင်ကြုတ်သွားပြီး ...

"တုတ်ကိုင်ပြီးလာမှတော့ ရိုက်မလို့ပေါ့ဟ"

ပြောရင်း ထောက်ရှန်းအား ဖုန်းခနဲ ရိုက်ချလိုက်သည်။

'ဖုန်း'

"အား"

ထောက်ရှန်းက အားခနဲအော်ကာ သူ၏တင်ပါးအား လက်ဖြင့် ပွတ်နေသည်။

သူ့ဆရာအားလည်း နားမလည်နိုင်စွာ ကြည့်နေသည်။

"တုတ်ကိုင်လာရင် ဘာလုပ်မယ်ဆိုတာ သိပြီလား"

"သိပါပြီ"

ထောက်ရှန်းက အောင့်သက်သက်ဖြင့် ဖြေလိုက်သည်။ အူး



ကျားက ထပ်မံ၍ ရှေ့တိုးလာပြီး ...

"ထောက်ရှန်း"

ထိုအချိန်တွင် ဆူညံသောခေါင်းလောင်းသံများကို ကြားလိုက်ရသည်။ ထောက်ရှန်း၏မျက်နှာ ဝင်းလက်သွားသည်။

"ဆရာတို့အတွက် စားစရာသောက်စရာတွေ သွားယူလိုက်ဦးမယ်"

ပြောပြီး လျင်မြန်စွာ ပြေးထွက်သွားလေသည်။ အူးကျန်း၊ အူးတံနှင့် အူးကျားတို့မှာ ပြေးထွက်သွားသော ထောက်ရှန်း၏နောက်ကျောကိုကြည့်ရင်း တဟားဟား ရယ်မောလိုက်ကြလေတော့သည်။

✹

ရှောင်လင်ကျောင်းတော်တွင် ကျောင်းသားအလွန်များပြားလာလေသည်။ ထို့ကြောင့် သက်ကြီးဝါကြီး ဘုန်းတော်ကြီးများနှင့် ကျောင်းထိုင်ဆရာတော်တို့အတွက် တကူးတက ချက်ပြုတ်သမျှ စားသောက်ဖွယ်ရာများထဲမှ အရင်ဦးဆုံး အချိုးကျဖယ်ကာ ခွဲဝေပို့ဆောင်ပေးသည်။

ပြီးလျှင် အကျဉ်းကျနေသူများ၊ နာမကျန်းဖြစ်နေသူများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခွဲဝေပေးလေသည်။ အလုပ်သမားများ၊ သိုင်းပညာ လေ့ကျင့်နေသူများအတွက်မူ နောက်ဆုံးချန်ထား၏။

ထောက်ရှန်း မီးဖိုဆောင်သို့ဝင်မိလျှင် အလွန် မွှေးကြိုင်သင်းပျံ့သော ဟင်းရနံ့များ ရှူရှိုက်မိလိုက်လေသည်။ သူသည် ဆရာများအတွက် စားသောက်ဖွယ်ရာများ ယူဆောင်ပေးရသော်လည်း ကိုယ်တိုင်မူ နောက်ဆုံးမှ စားရသူဖြစ်လေ၏။

ထို့ကြောင့် ယွန်းဗန်းတစ်ချပ်ဖြင့် စားသောက်ဖွယ်ရာများ လက်ခံယူပြီး လျှင်မြန်စွာ ပြန်ထွက်ခဲ့သည်။ အူးကျန်းတို့ စားသောက်ပြီးသွား၍ ယွန်းဗန်းကို မီးဖိုဆောင် ပြန်ပို့ပေးသောအခါ သူ့အတွက် စားစရာ အသင့်ရှိနိုင်မည် မဟုတ်ပါလား။

ယွန်းဗန်းပေါ်တွင် စားသောက်စရာများထည့်၍ အမြန်ဆုံး ပြန်ထွက်လာသည်။ သူက မြန်မြန်ပြန်လိုသဖြင့် လမ်းရိုးလမ်းစဉ် စကြံလမ်းမှမသွားဘဲ သိုင်းပညာလေ့ကျင့်ရာ မြေကွက်လပ်မှ ဖြတ်သွားခဲ့လေသည်။

"ယား"

"ယိ"

မြေကွက်လပ်တွင် သိုင်းပညာ လေ့ကျင့်သူများထံမှ ဆူညံသော ကြွေးကြော်သံများ ထွက်ပေါ်နေ၏။



လူသုံးဆယ်ခန့်သည် ရှေ့မှ နည်းပြဆရာ၏ သင်ကြားပြသမှုအောက်တွင် ညီညာစွာ လေ့ကျင့်နေကြလေသည်။

သိုင်းပညာလေ့ကျင့်ပေးနေသော တာဝန်ခံမှာ အူးကျန်းတို့ကို မကျေနပ်သော ဖိတုန်း ဖြစ်လေသည်။

ဖိတုန်းမှာ သိုင်းပညာလေ့ကျင့်ရန် ရှေ့ဆုံးမှ သိုင်းကွက်များ ဖော်ထုတ်ကာ နမူနာ ပြသပေးနေစဉ် အမှတ်မထင် ထောက်ရှန်း ဖြတ်သွားသည်ကို တွေ့လိုက်၏။ ထို့ကြောင့် လေ့ကျင့်ရာမှရပ်ကာ ထောက်ရှန်းထံသို့ လျှောက်သွားလေသည်။

ထောက်ရှန်းမှာ သူ့ထံသို့ ဖိတုန်းလာနေခြင်းကို မသိပါ။ ခြေတစ်ဖက်မြှောက်လိုက်၊ ခုန်လိုက်ဖြင့် သိုင်းလေ့ကျင့်နေသူများကဲ့သို့ ပြုမူရင်း ခပ်သွက်သွက်သွားနေ၏။

သူသည် ဤနေရာတွင် သိုင်းပညာ သင်ပေးနေခြင်းကို မြင်နေကျဖြစ်သော်လည်း လာ၍သင်ရန် စိတ်မကူးမိချေ။

သူ့တွင် ဆရာသုံးယောက်နှင့်ပင် လုံလောက်နေပြီ မဟုတ်ပါလား။

ထောက်ရှန်း မြေကွက်လပ်ကို ဖြတ်လျှောက်ကာ တစ်ဖက်အပေါက်ဝသို့ ဖြတ်ကူးရန် ကြံရွယ်လိုက်စဉ် တင်းမာသော မျက်နှာထားဖြင့် ရပ်ကြည့်နေသော ဖိတုန်းကို တွေ့မြင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်း ရင်ထိတ်သွားသလို ခြေလှမ်းပါ ရပ်သွားပါသည်။ သို့သော် ချက်ချင်း ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"ဟဲ ဟဲ ...ဆရာဖိတုန်းပါလား ... နေကောင်းတယ်နော်၊ သိုင်းပညာ မလေ့ကျင့်တော့ဘူးလား"

ဖိတုန်းက ထောက်ရှန်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ တစ်ဖန် အေးစက်သောလေသံဖြင့် ...

"ထောက်ရှန်း"

"အမိန့်ရှိပါ ဆရာဖိတုန်း"

"သူများတွေ သိုင်းပညာလေ့ကျင့်နေတာ တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ ... တွေ့ပါတယ်"

"မင်း ... ဘာဖြစ်လို့ လာပြီးမသင်တာလဲ"

ထောက်ရှန်း ရုတ်တရက် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်သွားလေသည်။ ဖိတုန်းမှာ နှာခေါင်းရှုံ့လိုက်ပြီး ...

"ဘာလဲ ... မင်းက ငါ့ပညာကို အထင်သေးလို့ လာပြီး မသင်တာလား"

ထောက်ရှန်း ရင်ထိတ်သွားသည်။ ချက်ချင်း ခေါင်းခါယမ်းလိုက်ပြီး ...



"မ ... မဟုတ်ရပါဘူး"

"ဒါဖြင့် ... ဘာကြောင့် လာမသင်တာလဲ ပြောစမ်း"

"ဟို ဟို ... ကျုပ်ကို ဆရာသုံးယောက်က သင်ပေးနေလို့ပါ"

ဖိတုန်း၏မျက်နှာတွင် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

သူသည် ခံပြင်းသောလေသံဖြင့် ရယ်မောလိုက်ပြီး ...

"အူးကျုန်းတို့ သုံးယောက်က သင်ပေးတယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ သူတို့ရဲ့ပညာနဲ့ ကျုပ်ပညာ ဘယ်လိုကွာလဲဆိုတာ မင်းသိစေရမယ်"

ထိုအချိန်တွင် သိုင်းလေ့ကျင့်နေသူများ ဝိုင်းအုံလာကြ၏။

သူတို့သည် ဆရာဖြစ်သူဖိတုန်းက ထောက်ရှန်းအား ကောင်းကောင်းဆုံးမပစ်လိမ့်မည်ဟု ယူဆထားကြလေသည်။

တချို့ဆိုလျှင် မျက်နှာလိုမျက်နှာရသဘောဖြင့် ထောက်ရှန်း ကို လှောင်ပြောင်ကာ ဖိတုန်းအား ချီးကျူးစကားပြောလိုကြ၏။

ဖိတုန်းက နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

သူသည် လက်ဝါးနှစ်ဖက်တွင် အတွင်းအား စုစည်းလိုက်ပြီး ခြေဖျားထောက်ကာ သိုင်းကွက်များ ထုတ်ဖော်လေ့ကျင့်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိတုန်း၏ သိုင်းကွက်များသည် အလွန်လှပပြီး ပေ့ါပါးနေပါသည်။

ဖိတုန်းက သိုင်းကွက်သုံးလေးကွက်မျှ လေ့ကျင့်ပြပြီးနောက် ထောက်ရှန်းကိုကြည့်ကာ ...

"ကျုပ် လေ့ကျင့်ပြတဲ့ သိုင်းကွက်ဟာ 'ကြိုးကြာသိုင်း' လို့ ခေါ်တယ်၊ မင်းဆရာတွေက မင်းကို သင်ပေးရဲ့လား"

ကြိုးကြာသိုင်းဟူသည် ဖိတုန်းပြောမှ ထောက်ရှန်း ကြားဖူးခြင်း ဖြစ်လေသည်။ သူ၏ဆရာများမှာ သိုင်းကွက်အမည် ပြောကြားခြင်း မရှိပါချေ။

သူတို့ပြောလျှင် ရန်သူကို မည်သို့တိုက်ခိုက်ရမည်၊ မည်သို့ သဘောထားရမည်၊ မနိုင်လျှင်ပြေးရမည် စသည့် စသည့် စကားများသာ ဖြစ်၏။

ထို့ကြောင့် ထောက်ရှန်း ခေါင်းခါပြလိုက်ပြီး ...

"မသင်ပေးပါဘူး"

ဖိတုန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကြိုးကြာသိုင်းတောင်မှ မသိတဲ့ လူအ,ပဲ"

သူ၏စကားကြောင့် ဝိုင်းအုံကြည့်နေသူများ သဘောကျစွာဖြင့် ရယ်မောလိုက်ကြလေသည်။ အားလုံး ဝိုင်း၍ လှောင်ပြောင်နေ



သဖြင့် ထောက်ရှန်း ရှက်ကိုးရှက်ကန်းပင် ဖြစ်သွားရလေသည်။

ဖိတုန်းက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ တစ်ဖန် ထောက်ရှန်း၏မျက်နှာကို ချိန်ရွယ်ရင်း ...

"ဟောဒီသိုင်းကွက်ကို ကြည့်ထားဦး"

ပြောပြီးလျှင် အပေါ်ပိုင်း ဗလာကျင်းနေသော ခန္ဓာကိုယ်တွင် ကြွက်သားအမြှောင်းလိုက် အမြှောင်းလိုက် ထလာအောင် အားသွင်းလိုက်သည်။

ထို့နောက် အရှိန်အဟုန်ပြင်းစွာ ထိုးကြိတ်ကန်ကျောက်သည့် သိုင်းကွက်များ လေ့ကျင့်ကစားပြလိုက်သည်။

သိုင်းကွက် သုံးလေးကွက်မျှ လေ့ကျင့်ပြပြီးလျှင် ထောက်ရှန်းကို အထင်သေးစွာ ကြည့်ကာ ...

"ကျုပ် လေ့ကျင့်ပြတာ ကျားနိုင်သိုင်းလို့ခေါ်တယ်၊ ဒီပညာကိုကော မင်း သင်ရသလား"

ထောက်ရှန်း ခေါင်းခါယမ်းလိုက်ပြန်လေသည်။

"မသင်ရပါဘူး"

ဖိတုန်း မဲ့ပြုံးပြုံးကာ ...

"ရှောင်လင်ကျောင်းရဲ့ ကျော်ကြားတဲ့ ကျားနိုင်သိုင်းကို မသင်ရဘူးဆိုတော့ မင်းကိုသင်ပေးတဲ့ပညာက ဘာလဲ၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ကောင်းတဲ့ပညာများ သင်ပေးထားသလဲ၊ ကျုပ်ကိုပြောပြစမ်းပါဦး”

ထောက်ရှန်းကပြုံးကာ မကွယ်မဝှက်ဘဲ အမှန်အတိုင်း ပြောပြလိုက်လေသည်။

“ကျုပ်ဆရာတွေက ကိုယ် ဘယ်တော့မှ မခံရတဲ့ပညာ သင်ပေးထားပါတယ်”

ထိုစကားကြောင့် ဖိတုန်းမျက်လုံးပြူးကျယ်သွားပြီး ...

“ဘာ ... ကိုယ်မခံရတဲ့ပညာ သင်ပေးတယ် ... ဟုတ်လား”

“ဟုတ်ပါတယ်”

“ပြောပါဦး ... ကိုယ်မခံရအောင် ဘယ်လိုလုပ်ရမလဲ”

ထောက်ရှမ်း ရင်ကော့ကာ ...

“သူများက ကိုယ့်ကိုရိုက်တော့မယ်ဆိုရင် အရိုက်မခံရအောင် ကိုယ်က ဦးအောင်ရိုက်ရပါတယ်၊ ဒီသဘောတရားကို သိရင် ဘယ်တော့မှ ကိုယ်မခံရတော့ပါဘူးဗျာ”

သူ၏စကား ကြားရလျှင် ဝိုင်းကြည့်နေသူများထဲမှ တီးတိုးဝေဖန်သံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။ အားလုံးက ထောက်ရှန်း၏စကား မှန်ကန်ကြောင်း ပြောဆိုနေကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဖိတုန်း မကျေမနပ် ဖြစ်သွား၏။



ထောက်ရှန်း၏ရှေ့တည့်တည့်သို့ လျှောက်သွားကာ ခြေအစုံ ရပ်လိုက်ပြီး ...

“ကဲ ... မင်းပြောတာ ဟုတ်,မဟုတ် ကျုပ်စမ်းကြည့်မယ်”

ထောက်ရှန်း မျက်လုံးပြူးကာ ...

“ဟာ ... မလုပ်ပါနဲ့ဗျာ၊ တော်ကြာ ဆရာဖိတုန်းကို ကျုပ်ရိုက်မိနေပါဦးမယ်”

သူ၏စကားမှာ ဖိတုန်းကို စော်ကားသလို ဖြစ်သွား၏။ အမှန်တော့ သူက ရန်မလိုကြောင်းပြောသော်လည်း စကားမပြောတတ်၍ ဖိတုန်း၏ဒေါသကို ဆွပေးလိုက်သလို ဖြစ်သွားရလေသည်။

ဖိတုန်း မဲ့ပြုံးပြုံးကာ ...

“ကျုပ်ကို ရိုက်နိုင်ရင် မင်း လူတော်ပေါ့”

ပြောရင်း ထောက်ရှန်းအား လက်ဝါးတစ်ဖက်ဖြင့် ရိုက်ချလိုက်လေသည်။ ထောက်ရှန်းသည် ဖိတုန်းနှင့် ရန်မဖြစ်လိုချေ။ သို့သော် ဖိတုန်းက စတင်ရိုက်ချလျှင် သူ၏လက်တစ်ဖက်မှာ အလိုအလျောက် ရှေ့သို့ဆန့်ထုတ်ကာ ဖိတုန်းအား ရိုက်ချလိုက်ပြီး ဖြစ်နေ၏။

အမှန်တော့ အူးတိ၊ အူးကျန်းနှင့် အူးကျားတို့၏ သင်ကြားချက်အရ လက်ဦးအောင် တိုက်ခိုက်ရာ၌ အကျင့်ပါလာခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

မမျှော်လင့်ဘဲ ခံလိုက်ရသောကြောင့် ဒေါသခြောင်းခြောင်းထွက်သွားပြီး ...

"သေပေတော့"

လဲကျနေရာမှ ခုန်ထလာသော ငှက်တစ်ကောင်ပမာ ထောက်ရှန်းအား ခုန်အုပ်တိုက်ခိုက်လိုက်လေသည်။

သူက ကြိုးကြာသိုင်းကို အသုံးပြုလိုက်ခြင်း ဖြစ်ပါသည်။

ထောက်ရှန်း ရင်ထိတ်ကာ ...

"အောင်မယ်လေး ... မလုပ်ပါနဲ့ဗျာ"

ပြောရင်း တစ်ဖက်သို့ လျှင်မြန်စွာ ဆုတ်သွားသည်။

ထို့နောက် အုတ်နံရံအပေါက်မှတစ်ဆင့် ထွက်ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ဖိတုန်း ဒေါသခြောင်းခြောင်း ထွက်နေပါသည်။

"ဟေ့ ... မပြေးနဲ့"

ကျယ်လောင်စွာ အော်ငေါက်ကာ နောက်မှ ခုန်လိုက်သွားပြီး သိုင်းကွက်သုံးလေးကွက်မျှ ဆက်တိုက်ဖော်ထုတ် တိုက်ခိုက်လိုက်လေသည်။

ထို့ကြောင့် ထောက်ရှန်း ထွက်ပြေးနိုင်ခြင်းမရှိတော့ချေ။



သူ့အား အပြင်းအထန် တိုက်ခိုက်မှန်းသိလျှင် ဒဏ်ရာအနာတရဖြစ်မည်ကို စိုးရိမ်ပြီး အလိုအလျောက် ပြန်လည်ခုခံမိလေတော့ သည်။

သူသည် ဟိုခုန်သည်ခုန် ခုန်ပြီးလျှင် ခြေထောက်တစ်ဖက် နောက်ပြန်ကန်ထုတ်လိုက်၏။ သူ၏ကန်ချက်မှာ ရှေ့သို့ ခုန်ဝင်လာသော ဖိတုန်း၏ရင်ဝသို့ တည့်မတ်စွာ ထိမှန်သွားလေ၏။

'အွန့်'

ဖိတုန်း မသဲမကွဲ ညည်းညူကာ မြေပေါ်သို့ လဲကျသွားလေသည်။ သို့သော် သူသည် ဒဏ်ရာအနာတရ ကြီးကြီးမားမား ဖြစ်သွားခြင်း မရှိပါချေ။

ထောက်ရှန်းက ရယ်မောရင်း ...

"ကျုပ်သိုင်းက ရှောင်လင်မြင်း နောက်ပေါက်ဗျို့"

ပါးစပ်ထဲတွေ့သော ပေါက်ကရအမည်ကို ပေးပြီး လျှင်မြန်စွာ ပြေးထွက်သွားသည်။ ဖိတုန်းမှာ နောက်မှပြေးလိုက်သွားရန် ဟန်ပြင်သော်လည်း မမီတော့ချေ။

သူ၏ရင်ထဲ၌ ထောက်ရှန်းနှင့်အူးကျန်းတို့အပေါ် မုန်းတီးသည့် အစိုင်အခဲများ တစ်စထက်တစ်စ ကြီးထွားလာလေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## လက်စောင်းထက်သည့်တပည့်

ထောက်ရှန်း၏စိတ်ထဲတွင် အလွန်ပျော်ရွှင်နေမိလေ၏။

သူသည် နှစ်ပေါင်းများစွာ သိုင်းပညာသင်ကြားလေ့လာခဲ့ပြီး ယနေ့မှ စတင်အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်သည်။

သူ၏သိုင်းပညာမှာ ဖိတုန်းကိုပင် မှုစရာမလိုတော့သည်ကို သိရလျှင် အကျေနပ်ကြီး ကျေနပ်နေမိလေသည်။

ဆရာများဖြစ်သော ဘုန်းကြီးသုံးပါးတို့ သူ့အား နှိပ်စက်ခဲ့သည်မှာ အပြင်လူနှင့်တွေ့လျှင် မခံရလေအောင် ကောင်းစွာသင်ခန်းစာပေးခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်လာ၏။

အူးကျန်းတို့ထံသို့ ပြန်သွားရန် ဝန်မလေးတော့ချေ။

လေကမ္ဘာ: တချွန်ချွန်ဖြင့် စားသောက်ဖွယ်ရာများ တင်ဆောင်ထားသော ယွန်းဗန်းကိုကိုင်ကာ ခပ်သွက်သွက် ပြန်လာခဲ့သည်။

လေချွန်သံကြားရလျှင် အူးကျန်းတို့က ဒဏ်ကျဆောင်



အတွင်းမှနေ၍ ထောက်ရှန်းပြန်လာကြောင်း သိလိုက်ကြ၏။

အူးကျန်းက ချက်ချင်း အဆောင်တံခါးပိတ်လိုက်ပြီး တုတ်ရှည် ကောက်ယူလိုက်လေသည်။

ထို့နောက် တံခါးဝသို့ ချိန်ရွယ်ကာ ထောက်ရှန်းဝင်လာလျှင် ထိုးချရန် အသင့်ပြင်ထားလေသည်။

အဆောင်တံခါး ပိတ်ထားသည်ကိုတွေ့ရလျှင် ထောက်ရှန်း၏ခြေလှမ်းများ အလိုလို ရပ်တန့်သွားသည်။

တံခါးစေ့ရုံသာ စေ့ထားပြီး သူ တွန်းဝင်သွားပါက ဘုန်းကြီးသုံးပါးက သူ့ကို တစ်ခုခု သင်ခန်းစာပေးမည်ကို ရိပ်မိသဖြင့် သဘောကျစွာ ပြုံးလိုက်လေသည်။

ဖိတုန်းအား အနိုင်ရရှိပြီးနောက် ထောက်ရှန်း၏စိတ်များ ထူးခြားစွာ ပြောင်းလဲသွားပြီ ဖြစ်သည်။

သူသည် ပျော်ရွှင်နေပြီး သင်ကြားတတ်မြောက်ထားသော သိုင်းပညာကို အသုံးပြုလိုစိတ်များ ပေါ်ပေါက်လာ၏။

ဆရာသုံးယောက်၏ ထူးခြားသော အကျင့်စရိုက်များသည် သူ၏ခန္ဓာကိုယ်တွင် စုပုံကိန်းအောင်းနေပြီ ဖြစ်ပါ၏။

ထောက်ရှန်းက ကျောက်လှေကားထစ်အပေါ်သို့ ခြေဖ ...း ပြင်းနင်းကာ တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောင်တံခါးဝရှေ့ရောက်မှ တံခါးမဖွင့်သေးဘဲ ငြိမ်နေလိုက်သည်။

အတွင်းဘက်မှ ဆရာသုံးဦးတို့ ပြုံးစိစိဖြင့် စောင့်နေကြလေသည်။

ထောက်ရှန်းက အဆောင်တံခါးမဖွင့်ပါ။ ရုတ်တရက် ကျောက်လှေကားအပေါ်သို့ ခြေတစ်ချက်ဆောင့်လိုက်ပြီး အပေါ်သို့ ခုန်တက်သွားလေသည်။

အပေါ်ဘက်ရောက်လျှင် လက်တစ်ဖက်က စားသောက်ဖွယ်ရာများထည့်ထားသော ယွန်းဇုန်းကိုကိုင်ကာ ကျန်တစ်ဖက်က ခေါင်မိုးအုတ်ကြွပ်ပြားများအောက်ရှိတန်းတစ်ခုကို ဖမ်းဆွဲလိုက်၏။

လေထဲတွင် တွဲလောင်းဖြစ်နေသော ခန္ဓာကိုယ်အား ငြိမ်အောင် ထိန်းလိုက်ပြီး ခြေတစ်ဖက်ဖြင့် စေ့ထားသော တံခါးကို ချိတ်ဆွဲဖွင့်လိုက်လေသည်။

'ကျွီ'

အဆောင်တံခါး ဖြည်းညင်းစွာ ပွင့်သွားသည်။ တံခါးပွင့်သွားပြီး မရှေးမနှောင်းမှာပင် တုတ်ကိုင်ထားသော လူတစ်ယောက် အရှိန်လွန်ကာ ပြေးထွက်လာသည်ကို တွေ့ရ၏။

အူးကျန်းပင် ဖြစ်ပါသည်။



တံခါးပွင့်လာသည်နှင့် အူးကျန်းက တုတ်ဖြင့် ထိုးချလိုက်ရာ ထောက်ရှန်းမရှိသဖြင့် လေကိုသာ ထိုးမိ ပြီး အရှိန်လွန်ကာ ရှေ့သို့ ကျွံထွက်လာခြင်း ဖြစ်သည်။

အဆောင်ရှေ့သို့ရောက်လျှင် မညီမညာ ကျောက်လှေကားပတ်များကို နင်းမိပြီး ခြေချော်ကာ မြေပေါ်သို့ လူတခြားတုတ်တခြား လဲကျသွားတော့၏။

"ဟား ဟား ဟား"

ထောက်ရှန်းက ရယ်မောရင်း အပေါ်မှ ခုန်ဆင်းလာ၏။ မြေပေါ်တွင် လဲကျကာ ခါးနာသွားသော အူးကျန်းအား တွေ့ရလျှင်

"ဟဲ ဟဲ ... ဆရာဘဖြစ်လို့ မြေကြီးထဲဆင်းပြီး ဆော့နေရတာလဲ"

အူးကျန်းမှာ မကျေမနပ်ဖြင့် အော်ငေါက်မာန်မဲရန် ဟန်ပြင်လိုက်သည်။ သို့သော် ထောက်ရှန်း၏မျက်နှာကို တွေ့ရလျှင် အော်ငေါက်လိုစိတ် မရှိတော့ချေ။

ထောက်ရှန်းသည် သူသင်ပေးထားသော ပညာများကို ကောင်းစွာ အသုံးချလိုက်ပြီ မဟုတ်ပါလား။ အူးကျန်း ရယ်မောလိုက်သည်။ လဲကျနေရာမှထကာ ထောက်ရှန်းပခုံးကို ဖက်လိုက်ပြီး...

"မင်း မဆိုးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်းကိုဆွဲကာ အဆောင်တွင်းဘက်သို့ လှမ်းဝင်သွား၏။ အတွင်းဘက်သို့ရောက်လျှင် အူးတိနှင့်အူးကျားတို့ ဗိုက်နှိပ်ကာ ရယ်မောနေကြသည်ကို တွေ့မြင်ရလေသည်။

အူးကျန်း၏မျက်နှာ အောက်သိုးသိုးဖြစ်သွားသည်။ သို့သော် စကားမပြောဘဲ အသာငြိမ်နေ၏။ ထောက်ရှန်းက စားသောက်ဖွယ်ရာများကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။ ယခုတစ်ကြိမ်တွင် အနှိပ်စက်မခံရလေအောင် ကြိုတင်၍ သတိကြီးစွာထားနေ၏။

မည်သို့ဆိုစေ အူးတိနှင့်အူးကျားတို့မှာ ထောက်ရှန်းအား လားလားမျှ ဂရုမစိုက်ကြပါချေ။ စားသောက်ဖွယ်ရာများကိုသာ အားရပါးရ စားသောက်နေကြလေသည်။

ထောက်ရှန်း အတန်ကြာ စောင့်နေသော်လည်း မည်သူမျှ စကားမစလာသဖြင့် ထောက်ရှန်း မနေနိုင်တော့ချေ။

အူးတိနှင့် အူးကျားတို့ကို တစ်ချက်ကြည့်လိုက်ပြီး ...

"ဆရာတို့ ကျုပ်ကို ဘာခိုင်းကြဦးမှာလဲ"

အူးတိက လက်ကာပြရင်း ...

"ဘာမှ ခိုင်းစရာမရှိဘူး ... မင်းသွားချင်ရာ သွားနိုင်တယ်"

အူးကျားက ရယ်မောရင်း ...

"မင်းလည်း ပင်ပန်းလှပြီ၊ တစ်ရေးတစ်မော အိပ်လိုက်ပါဦး"



အူး၏ဆရာများသည် မည်သည့်အခါမှ ချိုသာစွာ ဆက်ဆံသည်မရှိကြချေ။ ယခု ကောင်းကောင်းမွန်မွန် ဆက်ဆံနေသောကြောင့် ထူးခြားပြီဟု ထောက်ရှန်း ရိပ်မိလိုက်လေသည်။

မည်သို့ထူးခြားမှုရှိကြောင်း စမ်းသပ်ကြည့်ရန် ခပ်တည်တည်ပင် အူးကျားညွှန်ပြသော ခုတင်ဆီသို့ လျှောက်သွားသည်။ ခုတင်ပေါ်သို့ လှဲချမည်ကြံရွယ်ပြီးမှ ရုတ်တရက် သတိရလာ၏။ အူးကျားသည် သူ့အား အကောင်းအိပ်ခိုင်းခြင်း ဖြစ်မည်မဟုတ်၊ တစ်စုံတစ်ခုသောအကြောင်းကြောင့်သာ အိပ်ခိုင်းခြင်းဖြစ်ပေမည်။

ထောက်ရှန်းသည် ခုတင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်လျှင် ခုတင်ခြေထောက်နှစ်ချောင်းအား ကြိုးတစ်စဖြင့် ချည်နှောင်ထားသည်ကို တွေ့ရ၏။ အူးကျားကို လှည့်ကြည့်လိုက်လျှင် သူ့အား အမှုမထားဘဲ စားသောက်နေကြသည်ကို တွေ့ရလေသည်။ သို့သော် အူးကျားနှင့် မလှမ်းမကမ်းတွင် တွဲလောင်းကျနေသော ကြိုးတစ်ချောင်း ရှိနေသည်။

ထောက်ရှန်း သဘောပေါက်သွားချေပြီ။ သူသည် သဘောကျစွာပြုံးရင်း လက်နှစ်ဖက်ဆန့်ကာ ဝါးခနဲ သမ်းဝေလိုက်၏။ ထို့နောက် ခုတင်ပေါ်သို့ လဲလျောင်းရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အိပ်လို့ မဖြစ်သေးဘူး"

ပြောရင်း တစ်ဖက်သို့ပြေးရန် ဟန်ပြင်လိုက်သည်။ ထောက်ရှန်း ခုတင်ပေါ်တွင် မအိပ်တော့ဟု သိရလျှင် အူးကျား မကျေမနပ် ဖြစ်သွားပါသည်။

စားသောက်နေရာမှ ခုန်ထွက်လာပြီး ထောက်ရှန်းအား ...င်ပေါ်သို့ တွန်းချလိုက်သည်။ အူးကျား ထိုသို့ ပြုမူလာလိမ့်မည် ဟု ထောက်ရှန်း ကြိုတင်တွက်ဆမိသည်။

ထို့ကြောင့် အသာငြိမ်နေပြီး အူးကျားအနီးသို့ ရောက်လာမှ အသာအယာ ရှောင်တိမ်းပေးလိုက်လေသည်။ အူးကျားမှာ အရှိန် မထိန်းနိုင်တော့ဘဲ အားလွန်၍ ခုတင်ပေါ် ကျသွား၏။ ထိုအခါ ထောက်ရှန်းက စားပွဲအနီးသို့ ခုန်လွှားသွားပြီး တွဲလောင်းကျနေသော ကြိုးစကို ဆွဲလိုက်လေသည်။

'ဖြောင်း'

အသံတစ်ချက် ထွက်ပေါ်လာပြီး ခုတင်မှာ ခြေရင်းဘက်မှ နေ၍ အပေါ်သို့ မြောက်တက်လာသည်။ တစ်ဖန် ခေါင်းရင်းဘက် အုတ်နံရံနှင့် ထိတွေ့မိလေသည်။

အူးကျားမှာ ခုတင်ပေါ်တွင် ရှိနေသောကြောင့် အုတ်နံရံနှင့် ခုတင်အကြား ဖိညှပ်လိုက်သလို ဖြစ်သွားလေသည်။



"အောင်မယ်လေး"

အူးကျား၏အော်သံထွက်ပေါ်လာသော်လည်း ထောက်ရှန်းက ကြိုးစကို မလွှတ်ဘဲ လျှော့လိုက်တင်းလိုက် ခပ်သွက်သွက် လုပ်လိုက်လေသည်။

ထိုအခါ ခုတင်မှာ နံရံနှင့် ပြေးကပ်သွားလိုက် ပြန်ကျလာလိုက် တစ်ဖန် ပြန်ကပ်သွားလိုက် ဖြစ်နေလေရာ အူးကျားမှာ အနှိပ်စက်ခံနေရလေသည်။

အူးကျား ခံနေရသည်ကို တွေ့ရလျှင် အူးတိနှင့်အူးကျန်းတို့က တဟားဟား ရယ်မောနေကြ၏။

မည်သူမျှ အူးကျားကို သွား၍မကူညီကြပါ။

ထောက်ရှန်းကိုလည်း ဟန့်တားခြင်း မပြုကြချေ။ နောက်ဆုံး ထောက်ရှန်းက ကြိုးစကို လက်လွှတ်လိုက်မှ အူးကျား သက်သာသွား၏။ သို့သော် သူသည် မူးဝေနေပြီ ဖြစ်သောကြောင့် ခုတင်ပေါ်မှ မထနိုင်တော့ပါချေ။ ထောက်ရှန်းက အူးတိဘက်လှည့်ကာ ...

"ဒီတစ်ခါ ... ဆရာပဲ ကျန်တော့တယ်"

"ဟေ့ ဟေ့ ... မင်း ငါ့ကို နှိပ်စက်မလို့လား၊ မလုပ်ပါနဲ့"

မလုပ်ပ်ပါနဲ့ဟု ပါးစပ်က ပြောသော်လည်း သူကပင် စတင်တိုက်ခိုက်လိုက်လေ၏။ စားပွဲပေါ်သို့ ပေါ့ပါးစွာ ခုန်တက်...ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထောက်ရှန်းအား ခြေထောက်ဖြင့် ကန်ကျောက်လိုက်ခြင်း ဖြစ်သည်။

ထောက်ရှန်းက ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် အတန်ကြာ တိုက်ခိုက်လိုက်သော်လည်း မည်သူမှ အသာမရကြပါ။

မည်သို့ဆိုစေ အချိန်ကြာလာသည်နှင့်အမျှ ရှုံးနိမ့်သွားမည်ကို သိထားသော ထောက်ရှန်းက တရွေ့ရွေ့ နောက်ဆုတ်သွားပြီး အူးတိအား အနိုင်ယူနိုင်မည့်နည်းလမ်း ရှာကြံလိုက်လေသည်။

ထိုစဉ် အူးတိခုန်တက်သွားသော စားပွဲခုံမှာ ယိုင်နဲ့နေသည်ကို သတိပြုမိ၏။ ထို့ကြောင့် တိုက်ခိုက်ရင်း ခြေထောက်နှစ်ဖက်ဖြင့် စားပွဲခုံ၏ ခြေထောက်များကို စုံကန်ထည့်လိုက်လေသည်။

'ဝုန်း'

စားပွဲခုံခြေထောက်များ ကျိုးပဲ့သွားသည်။ စားပွဲပေါ်တွင် ရပ်နေသော အူးတိမှာ မထင်မှတ်သော အဖြစ်အပျက်ကြောင့် ခန္ဓာကိုယ် မဟန်နိုင်ဘဲ စားပွဲနှင့်အတူ လဲကျသွားတော့၏။

"ဟေ့ ... ဟေ့ ... လုပ်ပါဦး"

သူသည် ကြမ်းပြင်ပေါ်သို့ ကျသွားသော်လည်း ချက်ချင်း ထလာနိုင်၏။

အနောက်သို့ လွင့်စဉ်ခဲ့သောကြောင့် အသင့်ဖိထားသော



မီးဖိုအနီးရောက်သွားပြီး သူ၏နောက်ကျောဘက်တွင် ရှည်လျားစွာ ကျနေသော သက်န်းစမှာ မီးဖိုထဲသို့ကျသွားသည်ကို သတိမမူမိချေ။

ထောက်ရှန်းနှင့်အူးကျန်းတို့က တွေ့မြင်သော်လည်း မပြောကြပါ။ အူးတိက ထောက်ရှန်းကို စိုက်ကြည့်ရင်း ...

"မင်း မဆိုးဘူး၊ ပညာတော်တော် တိုးတက်နေပြီ၊ ငါ့ရဲ့ နောက်ထပ်သိုင်းကွက်သုံးလေးကွက်လောက်ခံနိုင်ရင် မင်းကို နောက် မနှိပ်စက်တော့ဘူး"

ပြောရင်း ထောက်ရှန်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုအခါမှ ထောက်ရှန်းက လက်ကာပြလိုက်ပြီး ...

"ဆရာ ... ခဏနေပါဦး"

အူးတိ မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်း ... ဘာပြောချင်လို့လဲ"

"ဆရာဟာ ဦးနှောက်အလွန်ကောင်းတယ်၊ ဉာဏ်လည်း အလွန်များတယ်၊ သူတစ်ပါးထက် ပိုပြီး သိမြင်နိုင်တယ် မဟုတ်လား ဆရာ"

အူးတိ ခေါင်းညိတ်လိုက်သည်။

"အေး ... ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

ထောက်ရှန်းက ပြုံးစိစိဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ... ဆရာမသိတဲ့ ကိစ္စလေးတွေ ရှိနေဦးမယ် ထင်တယ်"

ထိုစကားကြားရလျှင် အူးတိမခံမရပ်နိုင် ဖြစ်သွားကာ ...

"ဟော့ ... လောကပေါ်မှာ ငါမသိတဲ့ကိစ္စဆိုတာ ဘာမှမရှိဘူးကွ၊ ပြောစမ်း ... မင်းက ငါ့ကို ဘာများ မသိဘူးထင်နေလို့လဲ"

ထောက်ရှန်းက ရယ်မောကာ ...

"ဆရာ့နောက်မှာ မီးလောင်နေတာ ဆရာမသိဘူးမဟုတ်လား"

"ဟေ"

အူးတိ ထိတ်လန့်ကာ နောက်လှည့်ကြည့်လိုက်၏။ အမှန်ပင် မီးစွဲလောင်နေသည်ကို တွေ့ရလျှင် ...

"အောင်မယ်လေး ... လုပ်ကြပါဦးဟ"

အော်ဟစ်ရင်း ဟိုပြေးသည်ပြေး လျှောက်ပြေးနေ၏။ ထိုသို့ ပြေးနေသောကြောင့် မီးငြိမ်းသွားခြင်းမရှိဘဲ ပို၍ပင် စွဲလောင်လာလေသည်။

ထောက်ရှန်းက ဉာဏ်ပညာပြည့်ဝသော ပညာရှိဟန်ပန်ဖြင့် ...

"ဆရာလျှောက်ပြေးနေလို့ မီးငြိမ်းသွားမှာလား၊ ရေစိမ်



လိုက်မှ မီးငြိမ်းသွားမှာပေါ့"

သူ၏စကားကြားလိုက်မှ အူးတိ သတိဝင်လာပြီး အဆောင်အပြင်ဘက်သို့ ပြေးထွက်သွားသည်။ ထို့နောက် ရေအပြည့်ဖြည့်ထားသော စဉ့်အိုးထဲသို့ ခုန်ချလိုက်၏။

ထိုအခါမှ မီးငြိမ်းသွားလေတော့သည်။

မီးငြိမ်းသွားသော်လည်း အူးတိမှာ တဟားဟားရယ်မောနေသော ထောက်ရှန်းကို အပြစ်မတင်ရက်တော့ပါ။

မာန်မဲ ကြိမ်းမောင်းခြင်း မပြုတော့ချေ။

ထောက်ရှန်းသည် သူ၏ဆရာများဖြစ်သော ရှောင်လင်ဘုန်းကြီးသုံးပါးတို့အတွက် လက်ခံနိုင်သော လူတစ်ယောက်ဖြစ်လာပေပြီ။

အထူးသဖြင့် သူတို့သုံးယောက်စလုံး၏ အကျင့်စရိုက်များ ပြည့်စုံစွာ ရရှိထားပြီဖြစ်လေ၏။

✲

ထောက်ရှန်း အိပ်မောကျနေ၏။ သူသည် ဒဏ်ကျအဆောင် အပေါ်ဘက် ထပ်ခိုးပေါ်တွင် အိပ်စက်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ဘုန်းတော်ကြီးသုံးပါးက အနှောင့်အယှက် မပေးကြပါ။ ခေါ်၍နှိပ်စက်ခြင်းလည်း မပြုကြပါချေ။

ထောက်ရှန်းမှာ သူတို့ စမ်းသပ်စစ်ဆေးမှုအဆင့်ကို အောင်မြင်စွာ ဖြတ်ကျော်သွားနိုင်ပြီ ဖြစ်လေသည်။

ထောက်ရှန်းအိပ်ပျော်နေစဉ် ဘုန်းတော်ကြီးသုံးပါးတို့ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ဆွေးနွေးနေကြ၏။

ထောက်ရှန်းအား နောက်ဆုံးအဆင့်ဖြစ်သော လျှို့ဝှက်သိုင်းပညာ သင်ကြားပေးရန် တိုင်ပင်နေကြခြင်းဖြစ်သည်။

အူးကျန်းက ထပ်ခိုးပေါ်တွင် အိပ်ပျော်နေသော ထောက်ရှန်းရှိရာသို့ တစ်ချက်မော့ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့် ...

"ထောက်ရှန်းဟာ တော်တော်ကလေး စိတ်ချရပြီ၊ ကျုပ်တို့ခြေရာဆက်ခံနိုင်မှာ ကျိန်းသေတယ်"

အူးကျား ခေါင်းညိတ်လက်ခံလိုက်သည်။

"ဟုတ်တယ်၊ သူ့ကိုသာ သိုင်းလောကထဲ စေလွှတ်လိုက်ရင် သူနဲ့တွေ့တဲ့လူဟာ ကျုပ်တို့သုံးယောက်နဲ့ ရင်ဆိုင်ရသလို ဖြစ်နေမှာပဲ၊ ဟဲ ဟဲ ... တို့ပညာတွေ မကြာခင် ပြန့်ပွားသွားတော့မှာပေါ့"

အူးကျန်း သက်ပြင်းချကာ ...

"သူ့ကို ဒီအတိုင်း လွှတ်လို့ မဖြစ်သေးဘူးထင်တယ်"



"ဘာဖြစ်လို့လဲ"

"သိုင်းလောကသားတွေရဲ့ ပညာကိုလည်း အထင်သေးလို့မရဘူး။ အချို့လူတွေဆိုရင် ရှောင်လင်ကျောင်းရဲ့ 'ရိကျိုကျင်း' ဆိုတဲ့ ပညာတတ်မြောက်ထားမှ ရင်ဆိုင်နိုင်မှာ"

အူးကျားက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဟုတ်တယ် ... အူးကျန်းပြောတာ မှန်တယ်၊ ကျုပ်တို့တောင် ဒီ ... ရိကျိုကျင်းပညာတတ်မြောက်မှ သိုင်းလောကကို ခြေဆန့်ဖို့ ဆုံးဖြတ်ခဲ့ကြတယ် မဟုတ်လား၊ ထောက်ရှန်းကို ဒီအတိုင်းလွှတ်လိုက်လို့ ဘယ်ဖြစ်မလဲ"

အူးတိက စိုးရိမ်ပူပန်သောလေသံဖြင့် ...

"ဒါဖြင့် ထောက်ရှန်းကို 'ရိကျိုကျင်း' ပညာ သင်ပေးမယ်ဆိုပါတော့"

"ဟုတ်တယ်"

"ဖြစ်ပါ့မလား၊ ကျုပ်တို့ ဒီပညာကို ခိုးသင်မိလို့ အနှစ်နှစ်ဆယ် အကျဉ်းချခံနေရပြီ မဟုတ်လား၊ ထောက်ရှန်းကို သင်ပေးတာကျောင်းထိုင်ဆရာတော် သိသွားရင် မလွယ်ဘူး"

အူးကျန်း လက်ကာပြရင်း ...

"ဒီအတွက် မပူနဲ့၊ ကျုပ်တို့ အကျဉ်းချထား[illegible] လွှတ်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဖို့ သိပ်မှ မလိုတော့ဘဲ၊ ကျုပ်တို့ကို နောက်တစ်ကြိမ် အပြစ်ဒဏ်ချဖို့ ကျောင်းထိုင်ဆရာတော် အမိန့်ပေးမှာ မဟုတ်ပါဘူး၊ ထောက်ရှန်းကို သင်ပေးတာ ဘယ်သူမှ သိနိုင်တာမှ မဟုတ်ဘဲ"

မှန်ပါသည်။ ဒဏ်ကျဆောင်သို့ ထောက်ရှန်းက လွဲ၍ မည်သူမျှ ဝင်ထွက်ခြင်း မပြုရချေ။ ထို့ကြောင့် ထောက်ရှန်းအား ရီကျိကျင်း ပညာသင်ကြားပေးသည်ကို မည်သူမျှ သိနိုင်မည်မဟုတ်ချေ။

အူးတိမှာ ထောက်ရှန်းတစ်ယောက် အမှန်တကယ် ထက်မြက်သည့် သိုင်းသမားတစ်ယောက် ဖြစ်စေချင်သည့်ဆန္ဒ ပြင်းပြနေပါသည်။

နောက်ဆုံး အပြစ်ဒဏ် ထပ်မံခံရမည်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် လက်ခံသဘောတူလိုက်လေသည်။

ဘုန်းတော်ကြီးသုံးပါးတို့၏ စကားများကို အိပ်ချင်ဟန်ဆောင်နေသော ထောက်ရှန်း ကောင်းစွာကြားပါသည်။

သူ့အား အလွန်အစွမ်းထက်သော သိုင်းပညာသင်ပေးမည်ဟု ကြားလိုက်ရသောကြောင့် ဖော်မပြနိုင်အောင် ဝမ်းသာသွားလေတော့သည်။

✲ ✲ ✲



## အကြောလွှဲ သိုင်းပညာ

သာယာသော နေ့သစ်တစ်နေ့အစတွင် ထောက်ရှန်း၏ရင်ထဲ ကြည်နူးနေမိလေသည်။ သူသည် ရှောင်လင်ကျောင်းမှ အကျော်ကြားဆုံး သိုင်းပညာဖြစ်သော ရီကျိကျင်း (ဝါ) အရိုးအကြောလွှဲပညာကို ယနေ့ စတင်သင်ကြားရတော့မည် မဟုတ်ပါလား။

ထောက်ရှန်းအား ရီကျိကျင်းသိုင်းပညာ သင်ကြားပေးရန် ဘုန်းတော်ကြီးသုံးပါးတို့က လိုအပ်သည့်ပစ္စည်းများကို သုံးရက်တိုင်တိုင် ပြင်ဆင်ခဲ့ကြလေသည်။

အမှန်ဆိုလျှင် သင့်တင့်လျောက်ပတ်သောနေရာများသို့ သွားကာ သင်ကြားနိုင်သော်လည်း သူတို့က ဒဏ်ကျအဆောင်မှ မထွက်ရ၍ ဒဏ်ကျအဆောင်ခြံဝင်းအတွင်း၌ပင် ဖန်တီးကြရခြင်း ဖြစ်ပေသည်။

ဘုန်းတော်ကြီးသုံးပါး ရင်ပေါင်တန်းကာ ရပ်နေကြ၏။

သူတို့သည် မြေကွက်လပ်ပေါ်တွင် သိုင်းပညာလေ့ကျင့်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ထောက်ရှန်းအား အကဲခတ်ကြည့်နေကြ၏။

အတန်ကြာမှ အူးကျန်းက ...

"ထောက်ရှန်း"

ထောက်ရှန်း သိုင်းလေ့ကျင့်နေမှုကို ရပ်တန့်လိုက်သည်။ အနီးသို့ရောက်သော် မြေပေါ်သို့ ဒူးထောက်ချလိုက်ပြီး ...

"အမိန့်ရှိပါ ဆရာ"

အူးကျန်းက တည်ကြည်သောမျက်နှာထားဖြင့် ...

"ရှောင်လင်ကျောင်းရဲ့ အထွတ်အထိပ် သိုင်းပညာဖြစ်တဲ့ ရီကျိုကျင်းပညာကို ဒီကနေ့ကစပြီး သင်ပေးမယ်၊ မင်း ကြိုးစားပြီး သင်ယူစေချင်တယ်"

ထောက်ရှန်း ဦးညွတ်ကာ ...

"စိတ်ချပါ ဆရာ ... ကျုပ် ကြိုးကြိုးစားစား သင်ယူပါ့မယ်"

"ကောင်းပြီ၊ ရီကျိုကျင်းဆိုတာ အရိုးအကြောလွှဲပညာလို့လည်း ပြောနိုင်တယ်၊ ခွန်အား အသုံးချမှု ဒါမှမဟုတ် အားပြောင်း အားလွှဲပညာလို့လည်း ပြောနိုင်တယ်"

ထောက်ရှန်းက အူးကျန်း၏စကားများကို သေသေချာချာ မှတ်သားထားလိုက်သည်။ သို့သော် ကောင်းစွာ နားမလည်ချေ။

အူးကျန်းက ရိပ်မိ၍ ဆက်ရှင်းပြလိုက်သည်။



"ရီကျိုကျင်းပညာ တတ်မြောက်ထား.ရင် ကိုယ့်ထက် အင်အား ဆယ်ဆသာတဲ့ ရန်သူကိုတောင်မှ ရင်ဆိုင်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ရန်သူရဲ့ခွန်အားကို ကိုယ့်ခွန်အားအဖြစ် လွှဲပြောင်းယူပြီး အသုံးချနိုင်လို့ပဲ"

သူက ထောက်ရှန်းအား တစ်ချက် အကဲခတ်လိုက်ပြီး ...

"ဥပမာ ... ပြင်းထန်တဲ့ လက်ဝါးအားတစ်ချက် ပခုံးရိုက်ချခံရတယ် ဆိုပါတော့၊ ရီကျိုကျင်းပညာနဲ့ အကြောလွှဲပြီး လက်ဝါးကို ခုခံယူမယ်၊ အတွင်းအားနဲ့ သွေးကြောလှည့်ပတ်မှု မှန်ကန်စေပြီး တစ်ဖက်ပခုံးကို ပြောင်းမယ်၊ ပြီးမှ လက်မောင်းလက်ဝါးကို ပို့ဆောင်ပြီး ရန်သူကို ပြန်တိုက်ခိုက်မယ်၊ ဒီတော့ ရန်သူဟာ မင်းရဲ့အားအပြင် သူရိုက်ချလာတဲ့ အားကိုပါ နှစ်ဆပေါင်းပြီး ခုခံရမယ်၊ မခုခံရင် ဒုက္ခရောက်ပြီပေါ့"

ထောက်ရှန်း ငြိမ်သက်စွာ နားထောင်နေသည်၊ အူးကျန်းက ဆက်ပြောလိုက်ပြန်သည်။

"နောက်ထပ် ဥပမာပေးရရင် ရန်သူက မင်းကို သွေးကြောပိုးပိတ်လိုက်တယ်ဆိုပါတော့။ မင်းက လှုပ်ရှားစရာမလိုဘဲ သွေးကြောနေရာပြောင်းလိုက်ရုံပဲ။ အရိုးအကြောလွှဲပညာနဲ့ သွေးကြောလွှဲနိုင်ရင် ဘယ်သူမှ မင်းကို သွေးကြောပိတ်လို့ မရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အူးကျန်း၏စကားကို ထောက်ရှန်း သဘောပေါက်သလို ရှိလာ၏။ သို့သော် သေသေချာချာ စဉ်းစားကြည့်မှ အလွန်နက်နဲ ရှုပ်ထွေးနေကြောင်း ဆင်ခြင်မိလေသည်။

သူ အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သော် ကြာလေ ပို၍ ရှုပ်ထွေးလာပြီး နားမလည်နိုင်တော့ချေ။

ထောက်ရှန်းမျက်နှာ ရှုံ့မဲ့နေသည်ကိုတွေ့ရလျှင် အူးကျန်း စိတ်ပျက်သွားလေ၏။ အူးကျားက သဘောကျစွာပြုံးရင်း ...

"မင်း ဒီလိုရှင်းပြရုံနဲ့ သူ နားလည်မလား၊ သူ့ကို တဖြည်းဖြည်းချင်း ရှင်းပြမှဖြစ်မှာပေါ့။ အခု လောလောဆယ် ဘယ်လိုနေရမယ်, ဘယ်လိုထိုင်ရမယ်, ဘယ်လိုအိပ်ရမယ်, ဘယ်လိုသွားရမယ် ဆိုတာတွေပဲ ပြောပြပါ"

အူးတို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အခုချိန်ကစပြီး ဘယ်လိုလမ်းလျှောက်ရမယ်ဆိုတာ ကျုပ်သင်ပေးမယ်"

ပြောပြီး ထောက်ရှန်းအနီးသို့ လျှောက်သွားသည်။ တစ်ဖန် ထောက်ရှန်း၏လက်ကိုဆွဲကာ မြေကွက်လပ်တစ်ဖက်သို့ ခေါ်သွားလေသည်။ မြေကွက်လပ်တစ်ဖက်၌ သဲပုံတစ်ပုံရှိနေ၏။

သဲပုံသည် လူတစ်ရပ်မက မြင့်မားသော တိုင်များအကြား



ခင်းထားခြင်းဖြစ်၏။ ထိုတိုင်များမှာ ထောက်ရှန်း သိုင်းပညာ လေ့ကျင့်ရာတွင် အသုံးပြုသောတိုင်များ ဖြစ်ပါ၏။

သဲပုံအလယ်သို့ရောက်လျှင် အူးတိက ...

"ထောက်ရှန်း ... ခြေမျက်စိမြုပ်အောင် ခင်းထားတဲ့ သဲပေါ်မှာ ကဏန်းတစ်ကောင်သွားသလို ဘေးတိုက်သွားရမယ်၊ စက်ဝိုင်းပုံဖြစ်အောင် တဖြည်းဖြည်း လှည့်ပတ်ရမယ်"

ပြောပြီး သူက ဦးစွာလျှောက်လှမ်းပြလိုက်လေသည်။

အူးတိ၏ လှုပ်ရှားသွားလာပုံမှာ နှေးကွေးလေးလံလှသည်ဟု ထင်ရသော်လည်း တစ်ခဏအတွင်း စက်ဝိုင်းပုံလှည့်ကာ တစ်ပတ်ပြည့်သွား၏။ ထိုအခါ ထောက်ရှန်းကိုကြည့်ကာ ...

"ဘယ်လိုလဲ ... မင်းလုပ်နိုင်ပါ့မလား"

ထောက်ရှန်း ခေါင်းညိတ်လိုက်ပြီး ...

"ကျုပ် ... ကြိုးစားကြည့်ပါ့မယ်"

စကားဆုံးလျှင် သဲခင်းထားသော တိုင်များအတွင်း လှမ်းဝင်လိုက်သည်။ ထို့နောက် အစီအရီ စိုက်ထားသော တိုင်များကို ရှောင်ကာ ကဏန်းတစ်ကောင်ပမာ ဘေးတိုက်လှမ်းသွားလေသည်။

ခြေမျက်စိမြုပ်အောင် သဲများ ခင်းထားပြီး ဘေးတိုက်သွားရသောကြောင့် လက်တွေ့လုပ်ကြည့်သောအခါ ထင်သလောက်

www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူချေ။

စက်ဝိုင်းပုံသဏ္ဍာန် ဖြစ်မလာဘဲ တိုင်များကိုသာ ဝင်တိုက်မိနေပေတော့သည်။ အူးတိ စိတ်ပျက်သွားလေသည်။ သို့သော် ထောက်ရှန်းအား အကြိမ်ကြိမ်အခါခါ လေ့ကျင့်ခိုင်းလေသည်။

ထောက်ရှန်းမှာ စိတ်ဝင်စားနေပြီ ဖြစ်သည့်အလျောက် တစ်နေ့လုံး ကြိုးစားပမ်းစား လေ့ကျင့်နေလေတော့သည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် ...။

သုံးရက်မြောက်သောနေ့တွင် ထောက်ရှန်း၏ အခြေအနေ အတော်ကလေး တိုးတက်လာပြီ ဖြစ်လေသည်။

သဲခင်းထားသောမြေပေါ်တွင် ဘေးတိုက်လျှောက်သွားနေသောကြောင့် ခြေသလုံးသားများသည် သန်မာလာ၏။

ဘေးတိုက်အနေအထားနှင့်ပင် ခပ်သွက်သွက် လှုပ်ရှားသွားလာနိုင်ပြီး တစ်ခဏအတွင်း စက်ဝိုင်းပုံသဏ္ဍာန် တစ်ပတ်ပတ်နိုင်လေသည်။



ထောက်ရှန်းကိုကြည့်ရင်း အူးတိသဘောကျသွား၏။

ပထမအဆင့် အောင်မြင်သွားသောကြောင့် နောက်ထပ်တစ်ဆင့်တက်ကာ သင်ကြားပေးလိုက်ပြန်သည်။

“ဒီတစ်ခါ ဘေးတိုက်သွားစရာမလိုတော့ဘူး၊ မင်းဟာ သဲထဲမှာ ခန္ဓာကိုယ်ကို ချာချာလည်အောင်လှည့်ပြီး တိုင်တွေကို ပတ်သွားရမယ်၊ စက်ဝိုင်းပုံသဏ္ဍာန်လည်း ဖြစ်ရမယ်”

ထောက်ရှန်း မျက်လုံးပြူးသွားကာ ...

“ခန္ဓာကိုယ် ချာချာလည်အောင်လှည့်ရမယ် ... ဟုတ်လား”

“ဟုတ်တယ်”

“ဘယ်လိုလှည့်ရမှာလဲ”

“မင်း အခု ငါ့ရှေ့မှာ ရပ်နေရာက တစ်ပတ်လည်သွားအောင် ခပ်သွက်သွက်ကလေး လှည့်လိုက်စမ်း”

ထောက်ရှမ်းက ချာခနဲ တစ်ပတ်လှည့်လိုက်လေသည်။ အူးတိ သဘောကျသွားပြီး ...

“ဒါပေါ့ ... မင်း ဒီလိုလှည့်ရမှာကိုပြောတာ၊ တစ်ပတ်လှည့်ပြီးတိုင်း ခြေတစ်လှမ်း တိုးသွားရမယ်၊ ကိုင်ပေါင်း ခြောက်ဆယ့်ခြေးတိုင် ရှိတယ်၊ မင်းရဲ့ခန္ဓာကိုယ် တစ်ရာနှစ်ဆယ့်ရှစ်ပတ် လှည့်ပြီးတဲ့အခါ တိုင်အားလုံးကိုပတ်မိပြီး စက်ဝိုင်းပုံသဏ္ဍာန် ဖြစ်နေရမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ထောက်ရှန်း ခေါင်းညိတ်လိုက်ရသော်လည်း အားမာန် မရှိပါချေ။ အူးတိက အမိန့်ပေးလျှင် တိုင်များအလယ်သို့ ဝင်ရပ်ပြီး အူးတိပြောသည့်အတိုင်း ခန္ဓာကိုယ် ချာခနဲ လှည့်လိုက်သည်။

တစ်ဖန် ဘေးတိုက်ခြေတစ်လှမ်း ဖှေ့ယမ်းပြီး နောက်ထပ်တစ်ပတ်လှည့်လိုက်ပြန်သည်။ ထိုအခါ တိုင်တစ်တိုင်အား ပတ်မိပြီးသား ဖြစ်တော့သည်။ အူးတိပြုံးကာ ...

"ဒီလိုမှပေါ့၊ ကဲ ... ခပ်သွက်သွက်ကလေး လှည့်နိုင်အောင်ကြိုးစားပါ"

ထောက်ရှန်းလည်း အူးတိ ချီးကျူးလိုက်သဖြင့် စိတ်ဓာတ်တက်ကြွလာကာ ခပ်သွက်သွက် လှည့်လည်လိုက်လေသည်။

သို့သော် တိုင်သုံးလေးတိုင်မျှ လှည့်ပတ်ပြီးသောအခါ ဦးခေါင်းများ နောက်လာကာ မြေပေါ်သို့ ဖုတ်ခနဲ လဲကျသွားတော့၏။

အူးတိ မြေပေါ်သို့ ပြန်ကျသွားသော ထောက်ရှန်းအားကြည့်ကာ ခေါင်းသွင်သွင် ခါယမ်းလိုက်သည်။

ချက်ချင်းပြေးသွားပြီး ထောက်ရှန်းအား ဖေးမလိုက်သည်။

တစ်ခဏကြာလျှင် ထောက်ရှန်း ထူထူထောင်ထောင် ဖြစ်လာ၏။



သူသည် အူးတိကို ပြုံးပြလိုက်သည်။

အူးတိက ထောက်ရှန်းကို ပြန်ပြုံးပြရင်း ...

"မင်းက လှည့်ဆိုတာနဲ့ အရမ်းလှည့်တာကိုး၊ ခန္ဓာကိုယ်ပတ်ချာလည်တဲ့အခါ စိတ်တည်ငြိမ်ဖို့လိုတယ်၊ အာရုံထွေပြားလို့မဖြစ်ဘူး၊ အသက်ကို မှန်မှန်ရှူရမယ်၊ တဖြည်းဖြည်း လုပ်ကြည့်ပေါ့၊ မကြာပါဘူး၊ မင်း လုပ်နိုင်လာမှာပါ"

ထောက်ရှန်းက တိုင်များအလယ်သို့ လျှောက်သွား၏။ ထို့နောက် ခန္ဓာကိုယ်ကို ဖြည်းညင်းစွာ တစ်ပတ်လှည့်လိုက်သည်။

သဲများအတွင်း တစ်ပတ်လှည့်ရသည်မှာ ခက်ခဲမှုမရှိဟုထင်ရသော်လည်း သဲ၏ခုခံမှုများနေသဖြင့် ရှန်းကာ လှည့်ပတ်ရသောကြောင့် အချိန်ကြာလာသည်နှင့်အမျှ သဲများက ခြေထောက်ကိုဆွဲထားသကဲ့သို့ ခံစားရလေသည်။

တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းလာသည်ဟု ထင်ရ၏။

ထောက်ရှန်းက ဖွဲမလျှော့ဘဲ အာရုံစိုက်ကာ ကြိုးစားလေသည်။ ယင်းသို့ဖြင့် နောက်ထပ်ငါးရက်မျှ အချိန်ကုန်ဆုံးသွားသောအခါ ကိုယ်ခန္ဓာပတ်ချာလှည့်ကာ တိုင်များအတွင်း ပြေးလွှားလာနိုင်၏။

သူ့အား အဝေးမှကြည့်လျှင် လူတစ်ယောက်ဟုပင် ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်ပေ။ သဲပေါ်တွင် လေပွေတစ်ခု တိုက်ခတ်လာသည့်အလား မွှတ်နေအောင် လည်နေပြီး ခြေနှစ်ဖက်သွက်လက်မှုကြောင့် သဲများ ဖွာခနဲ အပေါ်သို့ပင် လွင့်စဉ်တက်လာ၏။

ဆယ်ရက်ပြည့်မြောက်သောအခါ ထောက်ရှန်းသည် လမ်းလျှောက်နည်းများအနက် ဒုတိယအဆင့်ကို အောင်မြင်စွာ ကျော်လွှားလာနိုင်ခဲ့လေတော့သည်။

✺

ထောက်ရှန်းသည် သဲမြေပေါ်တွင် သွက်လက်စွာ လှုပ်ရှားသွားနိုင်၏။ ခြေမျက်စိမြုပ်အောင် ခင်းထားသော သဲများက သူ၏ခြေထောက်ကို ဆွဲထားသလို ရှိသော်လည်း သူက လျင်လျင်မြန်မြန် ရှန်းကန်သွားလာနိုင်ပေသည်။

သဲပေါ်တွင် အတန်ကြာ လေ့ကျင့်ပြီးနောက် အူးတိ သင်ကြားပေးသော သိုင်းပညာများကို လေ့ကျင့်ရသည်။ နောက်ဆုံး သဲပေါ်တွင် ချာချာလှည့်ရင်း မြေတွင် မြုပ်ထားသော တိုင်များကို လက်ဖြင့် ဆွဲနုတ်ပစ်နိုင်သည်အထိ ခွန်အားများ တိုးတက်လာသည်။

ခွန်အား အသုံးချပုံ အသုံးချနည်းကို နားလည်သဘော



ပေါက်လာလေသည်။ အူးတိက လမ်းလျှောက်နည်း၊ ခွန်အားအသုံးပြုနည်းကို သင်ကြားပေးပြီးနောက် အူးကျား၏ လက်အတွင်းသို့ လွှဲပြောင်းပေးလိုက်သည်။

အူးကျားမှာ ထောက်ရှန်းအား အဆောင်ထဲ၌ပင် အေးအေးဆေးဆေး ထိုင်ခိုင်းကာ သိုင်းပညာလေ့ကျင့်ပေး၏။

"ခြေထောက်နှစ်ဖက် တင်ပျဉ်ချိတ်ပြီး ထိုင်ရမယ်၊ ခါးမတ်မတ်ထားရမယ်၊ လက်ဝါးနှစ်ဖက် အပေါ်လှန်ပြီး တစ်ခုနဲ့တစ်ခု ကပ်ထား၊ မျက်စိစုံမှိတ်၊ ဘုရားရှိခိုးတဲ့အနေအထားနဲ့ အသက်မှန်မှန် ရှူ၊ စိတ်ကိုတည်ငြိမ်အောင်ထား ဝင်သက်ထွက်သက် သတိပြုဆင်ခြင်"

ထောက်ရှန်းမှာ အူးကျားခိုင်းသမျှ လုပ်ရရှာလေသည်။

သူသည် စိတ်ကို မည်မျှတည်ငြိမ်အောင် ထိန်းထားသော်လည်း အချိန်ကြာလျှင် ပျင်းရိ ငြီးငွေ့လာသည်။ တစ်ကိုယ်လုံး ညောင်းလာပြီး အိပ်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထောက်ရှန်းအား အူးကျားက တစ်ချိန်လုံး စောင့်ကြည့်နေပါသည်။

ထောက်ရှန်း ငိုက်သွားသည်နှင့် အသင့်ကိုင်ထားသော ကြိမ်လုံးတစ်ချောင်းဖြင့် ရှမ်းခနဲမြည်အောင် ရိုက်ချလိုက်သည်။

ထောက်ရှမ်းမှာ ကြိမ်လုံးဖြင့် ခဏခဏ အရိုက်ခံရလျှင် မခံ

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ကြိုးစားလေ့ကျင့်လေသည်။ အူးကျားက ...

"မင်းဟာ စုစည်းတည်ငြိမ်တဲ့ စိတ်တန်ခိုးပညာ လေ့ကျင့်နေတာပဲ၊ သမထကျင့်တယ်လို့ ပြောရင်လည်း ရတယ်။ မင်းရဲ့ စိတ်တည်ငြိမ်မှု ရှိလာတဲ့အခါ ကိုယ်လုပ်ချင်တဲ့ အလုပ်ကို အာရုံစိုက်ပြီး လုပ်နိုင်မယ်၊ တိုတောင်းတဲ့ အချိန်အခွင်းမှာ လုပ်သင့်၊ မလုပ်သင့် မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်ပြီး လုပ်သင့်ရင် အလိုအလျောက် လုပ်မိပြီးသား ဖြစ်လာနိုင်တယ်"

ထောက်ရှန်းသည် အူးကျားပြောသော စကားများကို မှတ်သားထားရင်း အသက်မှန်မှန်ရှူရှိုက်ကာ လေ့ကျင့်နေလေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရိုက်ချိုကျင်းပညာ စတင်သင်ကြားပြီး ခြောက်လအကြာတွင် ထောက်ရှန်းမှာ အူးကျားလက်မှ အူးကျန်းလက်သို့ ကူးပြောင်းသွားပြန်လေတော့သည်။

BURMESE CLASSIC .com

✲

လူ၏ ခါးလယ်ခန့်သာ အမြင့်ရှိသော ခြောက်လက်မ ပတ်လည်တိုင်ကို လူတစ်ရပ် အကွာအဝေးတွင် ခွာ၍ စိုက်ထားသည်။



- တိုင်တစ်တိုင်ပေါ်တွင် ဦးခေါင်းတင်ပြီး ကျန်တိုင်တစ်တိုင်ပေါ်တွင် ခြေထောက်နှစ်ဖက် စုံတင်ကာ အိပ်စေသည်။

ဤသည်က ထောက်ရှန်းအတွက် အခက်အခဲပင် ဖြစ်စေတော့သည်။ ဦးခေါင်းနှင့်ခြေထောက်သာ တိုင်ပေါ်တင်ထားရပြီး ခန္ဓာကိုယ်တစ်ခုလုံး လွတ်နေသောကြောင့် ကြာကြာအိပ်ရန် မလွယ်။

ပထမတစ်ရက် နှစ်ရက်တွင် အူးကျန်းက မကြာခဏ နားစေသည်။ ကားထွက်လာသော လက်နှစ်ဖက်ကို ဝမ်းဗိုက်ပေါ်သို့ မကြာခဏ ပြန်တင်ပေးသည်။

သို့သော် လေးငါးခြောက်ရက် ကြာသောအခါ လုံးဝ ခွင့်မပြုတော့ပါ။ ထောက်ရှန်းက ပက်လက်အနေအထားဖြင့် အိပ်နေစဉ် ကျောပြင်အောက်၌ မီးရဲရဲနီအောင် ထွန်းညှိထားသော အမွှေးတိုင် စိုက်ထူထားလိုက်လေသည်။

ထိုအခါ ညောင်းညာ၍ ခါးညွတ်ကျလာသော ထောက်ရှမ်း၏ကျောပြင်မှာ အမွှေးတိုင်မီးနှင့် မိတ်ဖွဲ့မိတော့၏။

"အား"

အော်ဟစ်ရင်း ခါးကော့တက်သွား၏။

သူသည် စိတ်ကိုတည်ငြိမ်အောင်ထားကာ ခန္ဓာကိုယ်ကော့ ညွတ်ကျမသွားအောင် တောင့်ခံထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ အိပ်ခြင်းအမှုကို စတင်လေ့ကျင့်ပြီး သုံးရက်ကြာလျှင် နောက်ကျောတွင် မီးလောင်ဖုများ ဆယ်ခုမက ထွက်ပေါ်လာလေတော့သည်။

✵

BURMESE CLASSIC .com

ဘုန်းကြီးသုံးပါးတို့မှာ သိုင်းပညာသင်ကြားပေးရာ၌ ထောက်ရှန်းအား တတ်စေချင်ဇောဖြင့် တွန်းတွန်းတိုက်တိုက်ပင် သင်ပေးကြ၏။

ထို့ကြောင့် ထောက်ရှန်းကို နှိပ်စက်သလို ဖြစ်နေပေ၏။

သို့သော် သူတို့သည် ထောက်ရှန်းအား ငယ်စဉ်ကလေးဘဝမှ မွေးမြူစောင့်ရှောက်ခဲ့ရသောကြောင့် သားအရင်းနှင့်မခြား ချစ်မြတ်နိုးကြလေသည်။ ထောက်ရှန်း ဒဏ်ရာအနာတရဖြစ်လျှင် သူတို့မနေနိုင်ဘဲ ဆေးလိမ်းပေးသည်၊ ဆေးကုသပေးကြသည်။

မည်သို့ဆိုစေ ပညာသင်ကြားပေးရာတွင် မညှာကြချေ။

သို့မှသာ ရန်သူနှင့်ရင်ဆိုင်ရာ၌ ထိခိုက်ဒဏ်ရာရမှု နည်းပါးပေမည် မဟုတ်ပါလား။

အူးကျန်းနှင့်ထောက်ရှန်းတို့၏ လေ့ကျင့်မှုမှာ အချိန်ကြာ



လာသည်နှင့်အမျှ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာ၏။

ထောက်ရှန်းမှာ ဦးခေါင်းနှင့်ခြေထောက် တိုင်နှစ်ခုအပေါ် ဆန့်တင်ထားရုံမျှဖြင့် ကောင်းစွာ အိပ်နိုင်ချေပြီ။ အောက်ဘက်တွင် စိုက်ထားသော အမွှေးတိုင်နှင့်ထိမိခြင်း မရှိတော့ချေ။

ထိုအခါ အူးကျန်းက ထောက်ရှန်း၏ ဝမ်းဗိုက်ပေါ်တွင် တက်ထိုင်လေသည်။ လူတစ်ယောက်အလေးချိန် ပိုလာသောကြောင့် မည်သို့ပင် တင်းခံသော်လည်း ခန္ဓာကိုယ်ကွေးညွတ်ကာ အမွှေးတိုင်မီးနှင့် ကျောပြင် မိတ်ဖွဲ့မိပြန်လေသည်။

ပထမသုံးလေးရက်မျှ အနာခံပြီးလျှင် နောက်ပိုင်း၌ အူးကျန်း၏ ခန္ဓာကိုယ်အလေးချိန် ဖိချလာသည်ကို ကောင်းစွာ တောင့်ခံနိုင်ခဲ့လေသည်။

ဤသို့ဖြင့် နှစ်လတိတိ ဆက်တိုက်လေ့ကျင့်ပြီးသောအခါ အူးကျန်းက သူ၏လေ့ကျင့်မှုကို ရပ်နားလိုက်သည်။

နေခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း စသည့်ပညာသုံးရပ်ကား ... ထောက်ရှန်း လေ့ကျင့်အောင်မြင်သွားချေပြီ။

ထိုအခါ ဘုန်းကြီးသုံးပါးက ရိုက်ချိကျင်းသိုင်းပညာ အရှင်သာရ သဘောတရားများ၊ လူ့ခန္ဓာကိုယ်အတွင်း သွေးကြောများ တည်ဆောက်ပုံ၊ အားပြောင်းအားလွှဲ စသည် စသည်ဖြင့် ခက်ခဲနက်နဲ

www.burmeseclassic.com

www.burmeseclassic.com



သည့် အဆင့်သို့ ကူးပြောင်းသင်ကြားပေး၏။ ယခုတစ်ကြိမ် သုံးယောက်စလုံး တစ်ပြိုင်နက် သင်ကြားပေးခြင်း ဖြစ်၏။

ထောက်ရှန်းမှာ ထမင်းစားချိန်၊ အိပ်ချိန်မှလွဲ၍ ရီကျိုကျင်းပညာကို အပတ်တကုတ် ကြိုးစားလေ့ကျင့်နေရ၏။ သူ၏ ကြိုးစားသင်ယူမှုကြောင့် တစ်စထက်တစ်စ တိုးတက်တတ်မြောက်လာ၏။

တစ်နှစ်ခွဲကြာလာသောအခါ ရှောင်လင်ကျောင်း၏ ထိပ်တန်းပညာတစ်ခုဖြစ်သော ရီကျိုကျင်းပညာကို ထောက်ရှန်း ကောင်းစွာ သဘောပေါက် သင်ကြားတတ်မြောက်သွားလေတော့သည်။

သူ၏ဆရာသုံးယောက်မှာ ထောက်ရှန်းအား နောက်ထပ်မည်သည့်ပညာ သင်ကြားပေးရမည်ကို စဉ်းစားမရတော့ချေ။

သူတို့တတ်မြောက်ထားသမျှ ပညာအားလုံး ထောက်ရှန်းကို သင်ကြားပေးပြီးပြီ မဟုတ်ပါလား။

ထောက်ရှန်းမှာ ပြိုင်ဘက်ကင်း ထိပ်တန်းသိုင်းသမား တစ်ယောက်ဘဝသို့ နှရောက်မှန်းမသိ ရောက်ရှိသွားလေ၏။

ထိုအချိန်တွင် ထောက်ရှန်း အသက်တစ်ဆယ့်ကိုးနှစ် တင်းတင်းပြည့်မြောက်သွားပြီ ဖြစ်သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဓာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်

www.burmeseclassic.com